တက္ကသိုလ်

# နေလင်းအောင်

## သရဖူငြိုးသော
## သိုင်းကောရာဇ်

စာစဉ်(၂)

ကုလုံ၏ဝင်း၊ ရှထင်း၊ တောင်း၊



## အခန်း (၁)

### ပျက်ပြယ်သွားသောဆုံးဖြတ်ချက်

ချူကွန်သည် လွန်စွာ **စိတ်မကောင်းဖြစ်**သွားသည်။ သူသည် စုစုအင်း၏သွေးအေး**အေးဆက်ဆံမှုကို ရှောလိုက်**သောအခါ သူ၏မေးခွန်းထုတ်မှုအများကို **သိရှိသွား၏။**

သူသည် သူ့ကိုယ်သူ **ဆန်းသစ်ကြည့်၏။ သူ**သည် ဘုရားကျောင်းဝင်းအတွင်း၌သာ သူ့ဆက်ဆံမှုပြေလည်သည်ကို တွေ့ရ၏။

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အသက်အရွယ်ကြီးရင့်သူနှင့်ဖြစ်စေ သူတို့၏စိတ်သဘောထားကို မိမိမည်ကဲ့သို့မျှ ကိုက်ညီခြင်းမရှိသည်ကို နားလည်သဘောပေါက်မိလေ၏။

ချုပ်၍ဆိုရလျှင် အပြင်လောကနှင့် မိမိမည်ကဲ့သို့မျှ ကိုက်ညီခြင်းမရှိသည်ကို နားလည်သဘောပေါက်မိသည်။

ထို့ကြောင့် သူသည် တစ်စုံတစ်ခုကိုဆုံးဖြတ်လိုက်ရလေသည်။

"ငါ ဘာဖြစ်လို့ လူ့ဝတ်လဲနေတော့မလဲ၊ အပြင်လောကနဲ့ ဘယ်လိုမှအံဝင်ခွင်ကျမနေနိုင်တဲ့နောက် အပြင်လောကမှာ ဘယ်လို အဆင်ပြေပြေနေနိုင်တော့မှာလဲ၊ သိုင်းပညာမသင်တော့ဘူး။ ချင်းကုန်းဘုရားကျောင်းမှာပဲ ထာဝရနေထိုင်တော့မယ်"

သူသည် ရောဂါသည်အဘိုးအို၏အဆူအပူ အကြိမ်းအမောင်း အငေါက်အငမ်းကိုခံ၍လည်း သိုင်းပညာမသင်လိုတော့ပါ။

မေးခွန်းကလေးတစ်ခု မေးမိသည်ကိုအပြစ်ကြီးပြုလုပ်နေသော စုစုအင်းကိုလည်း မတွေ့လိုတော့ပါ။

အကယ်၍ ရောဂါသည်အဘိုးအိုနှင့်စုစုအင်းတို့ရောက်လာလျှင် ဘုရားကျမ်းစာသာ ဖတ်နေတော့မည်။ သူတို့နှင့် လုံးဝမတွေ့တော့ဟု ဆုံးဖြတ်လိုက်ပါသည်။

ယင်းသို့ဆုံးဖြတ်လိုက်ခြင်းကြောင့် သူသည် စိတ်ဓာတ်တည်ငြိမ်သွားလေတော့သည်။

ထို့နောက် ကွပ်ပျစ်ပေါ်လှဲချအိပ်စက်လိုက်၏။ တစ်ခဏချင်း အိပ်ပျော်သွားတော့သည်။

သူအိပ်ရာမှနိုးသောအခါ မွန်းတည့်နေပြီဖြစ်သည်။ ဤသုံးရက်အတွင်း ဘုရားကျမ်းဂန်သင်ရန်နှင့် ဘုရားစာအံရန်ကိုတားမြစ်ထားသဖြင့် ဘုန်းတော်ကြီးများနှင့်ကိုရင်များသည် ကိုယ့်အဆောင်၌



ကိုယ်နေထိုင်နေကြသည်။

ချူကွန်သည် အိပ်ရာမှထပြီး မျက်နှာသစ်ပြီး နံနက်ဆွမ်းကို သွားစားလေသည်။

ဆွမ်းစားဆောင်မှ ချူကွန်ထွက်လာသောအခါ သူ့အား လိုက်ရှာနေသော ကိုရင်လေးတစ်ပါးနှင့်ဆုံမိကြလေ၏။

"ကိုရင်ချူကွန်... ဒဂ်ါးငွေနှစ်ဆယ်လာလှူတဲ့ဒကာမလေး အပြင်မှာရောက်နေတယ်"

"သူလာတယ် ဟုတ်လား"

"သူအထဲကို မဝင်ရပါဘူး၊ အထဲကိုမဝင်ရဘူးလို့ ဘုန်းတော်ကြီးတွေက သတ်မှတ်ထားတယ်မဟုတ်လား၊ ဒါကြောင့် အပြင်မှာပဲ နေရတယ်၊ သူက မေးတယ်၊ ဘာဖြစ်လို့ ဘုရားဖူးလာတဲ့လူတွေ အထဲကိုမဝင်ရသလဲလို့ မေးတယ်၊ ဒါနဲ့ငါလဲ အကြောင်းရှိလို့ သုံးရက်အတွင်းမှာ ဘယ်ဘုရားဖူးမှ လက်မခံပါဘူးလို့ ပြောလိုက်ရတယ်"

"သူက ငါ့ကိုတွေ့ချင်တယ်လို့ ပြောသေးသလား"

"မပြောပါဘူး... ဒါပေမယ့် သူဟာ ကိုရင့်ကိုလာရှာတယ်ဆိုတာတော့ ငါမပြောဘဲနဲ့ သိပါတယ်"

"မဟုတ်ပါဘူးကွာ... သူဘုရားဖူးချင်လို့လာရှာတာ ဖြစ်ပါလိမ့်မယ်"

"မဟုတ်ပါဘူး... ကိုရင့်ကို လာရှာတာပါ"

ချူကွန်သည် ဆက်မငြင်းတော့ပေ။ သူတို့၏အဆောင်သို့ ပြန်လာကြလေ၏။

ချူကွန်သည် စုစုအင်းကိုထွက်မတွေ့ချေ။ ကျမ်းစာများကို ယူဆောင်ကာ ဘုရားခန်းမဆီသို့သွားလေတော့၏။

ဘုရားခန်းမထဲတွင် ဘုန်းတော်ကြီးနှင့်ကိုရင်တစ်ပါးမျှ မတွေ့ရပါချေ။ သူသည် ဘုရားခန်းမထဲဝင်ပြီး အမွှေးတိုင်နှင့်ဖယောင်းတိုင်များကို ထွန်းညှိလိုက်၏။

ထို့နောက် ကျမ်းစာကိုစိတ်ရှူးစိုက်၍ ဖတ်လေတော့၏။ ဤသို့ဖြင့် သုံးကြိမ်သုံးခါမျှဖတ်ပြီးသောအခါ သူ၏ပွံ့လွင့်နေသောစိတ်ဓာတ်များ တည်ငြိမ်သွားလေတော့၏။

သူသည် မြတ်စွာဘုရားဆင်းတုတော်ကိုကြည့်ကာ စဉ်းစားနေမိသည်။

"ငါဟာ ဘုရားရဲ့သားတော်ပါ၊ ဒါကြောင့် ငါ့ဖခင်ဘုရားနဲ့ ငါ့ကိုခွဲလို့မရပါဘူး။ လောကီလူ့ဘဝဟာ ရှုပ်ထွေးပွေလီမ်ပါတယ်၊ ချင်းကုန်းဘုရားကျောင်းထဲမှာတော့ ဘာမှရှုပ်ထွေးပွေလီမှုမရှိဘူး၊ ဒါကြောင့် ငါဟာ ဒီမှာပဲနေသင့်တယ်၊ ငါ့ကို ဘယ်သူမှအတင်းအကျပ် မခေါ်နိုင်ပါဘူး"

ထို့နောက် ချူကွန်သည် နံနက်ဆွမ်းစားပြီးသည်နှင့် ဘုရားခန်းမအတွင်း၌သာ ဘုရားကျမ်းစာဖတ်ရင်း အချိန်ကုန်လေတော့၏။

သူ့အဆောင်ထဲမှ ကိုရင်များသည် ချူကွန်၏ပြောင်းလဲမှုကို အကြီးအကျယ် အံ့အားသင့်ကြလေတော့၏။

ချူကွန်သည် အဆောင်ထဲမှကိုရင်များနှင့်လည်း စကားမပြောချေ။ သူ့ဘာသာ ဘုရားကျမ်းဂန်ဖတ်လျှင်ဖတ်၊ မဖတ်လျှင်



တရားထိုင်ခြင်းဖြင့် အချိန်ကုန်လေတော့၏။

ဤသို့ဖြင့် သုံးရက်ကုန်ဆုံးသွားလေ၏။

ချူကွန်သည် အကြီးအကျယ်ပြောင်းလဲသွား၏။

သူ ဤသို့ တရားထိုင်လိုက်သဖြင့် သူသည် သူ့ကိုယ်သူ ထိန်းချုပ်သွားနိုင်သည်။

သူ့ရင်ထဲ၌ဖြစ်ပေါ်နေသောစိတ်ရှုပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ သံသယဖြစ်ခြင်းတို့ လုံးဝပျောက်ကွယ်သွားသည်။

သူသည် ငယ်စဉ်ကတည်းက ဤဘုရားကျောင်း၌ကြီးပြင်းလာခဲ့သူဖြစ်သည်။

ဤဘုရားကျောင်းကိုပင်ဖက်၍ သူအသက်ဆုံးသည်အထိ နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

စတုတ္ထနေ့၌ ချူကွန်သည် တရားထိုင်ရာမှပြီးစီးသွားသဖြင့် ကိုယ်လက်ကို ဆန့်လိုက်သည်။

ရုတ်တရက် မြတ်စွာဘုရားဆင်းတုတော်နောက်မှ ချောင်းတဟွတ်ဟွတ်ဆိုးသံ ထွက်ပေါ်လာတော့သည်။

"အဟွတ်... အဟွတ်... အဟွတ်"

ချူကွန်သည် ရင်ထိတ်သွားသည်။ သူသည် ချောင်းဆိုးသံထွက်ပေါ်လာရာသို့ ကြည့်လိုက်သည်။

မည်သူ့ကိုမျှ မတွေ့ရသဖြင့် ချူကွန် မျက်လုံးပြန်မှိတ်လိုက်သည်။

"အပွတ်... အပွတ်... အပွတ်"

ချောင်းဆိုးသံသည် အဆက်မပြတ်ထွက်ပေါ်လာတော့၏။ ချူကွန်က မျက်လုံးကိုဖွင့်မကြည့်ပါ။

တစ်ခဏကြာသောအခါ ရောဂါသည်အဘိုးအို၏ချောင်းဆိုးသံသည် ရပ်တန့်သွားသည်။ သူသည် ဆင်းတုတော်နောက်ကွယ်မှ ရှေ့သို့ထွက်လာ၏။

သူ၏တစ်ကိုယ်လုံးမှာ တုန်တုန်ရင်ရင်ဖြစ်နေသည်။ သူသည် တရားထိုင်နေသောကိုရင်ချူကွန်ကို ကြည့်လိုက်ပါသည်။

သူသည် ချူကွန်၏လက်အုပ်ချီ၍တည်ငြိမ်စွာနေထိုင်ပုံကို ကြည့်၍ ဤသူသည် ဉာဏ်ပညာပါရမီထူးသော သူငယ်ကလေးဖြစ်မည်ဟု တွေးလိုက်မိလေ၏။

"ဒီလောက်ဉာဏ်ကောင်းတဲ့သူငယ်ဟာ ဘုရားကျောင်းဝင်းထဲမှာ နစ်မြုပ်နေဖို့မသင့်ဘူး၊ ဒီနေရာက သူငယ်ထွက်လာအောင် ကြိုးစားရမယ်၊ ငါ့ရဲ့မပြီးမြောက်သေးတဲ့အလုပ်ကို ဒီသူငယ်လုပ်ပေးဖို့ ကျန်သေးတယ်မဟုတ်လား"

အဘိုးအိုသည် ဤသို့စဉ်းစားလိုက်မိသည်။

"ချူကွန် မင်း ဘာဖြစ်လို့သိုင်းပညာမသင်တော့တာလဲ"

ချူကွန်က ခေါင်းကိုခါယမ်းလိုက်၏။

"ကျွန်တော်သိုင်းပညာ မသင်တော့ပါဘူး။ အရင်တတ်မြောက်ထားတဲ့သိုင်းပညာတွေကိုလည်း မေ့ပျောက်ထားလိုက်



တယ်"

အဘိုးအို ခေါင်းငုံ့သွားသည်။

"ငါတောင်းပန်ပါတယ်ကွာ၊ မင်းဟာ ငါ့ကြောင့် သိုင်းပညာအပေါ်စိတ်ကုန်သွားတယ်ဆိုတာ ငါသိပါတယ်၊ ငါက အလကား ဆူပူပေါက်ငမ်းနေတာကိုး။ ငါ ကျန်းမာရေးမကောင်းလို့ စိတ်တိုမိတာပါကွာ၊ မင်းသင်မယ်လို့ ကတိပေးပြီးပါပြီ၊ ငါ စိတ်ပျက်အောင် မလုပ်ပါနဲ့ကွာ"

ချူကွန်သည် မိမိဆုံးဖြတ်ချက်ပျောက်ကွယ်သွားမည်ကို လွန်စွာစိုးရိမ်သည်။

"ဘာဘာ ကျွန်တော်မသင်တော့ပါဘူး။ ကျွန်တော်လုံးဝလျစ်လျူရှုလိုက်ပါပြီ၊ ကျွန်တော်က ဉာဏ်မကောင်းပါဘူး။ ဒါကြောင့် ခုလို ကိုရင်ဘဝနဲ့ပဲ နေသင့်ပါတယ်၊ အသက်နှစ်ဆယ်ပြည့်ရင်တော့ ဘုန်းတော်ကြီးဝတ်မယ်"

အဘိုးအိုသည် ထိုစကားကိုကြားလိုက်ရသောအခါ ပို၍စိတ်မကောင်းဖြစ်မိသွားသည်။

"မင်း ငါ့ကိုကတိပေးထားပြီးပါပြီ၊ မေ့သွားပြီလား၊ မင်းဟာ ကိုရင်ပါ လိမ်မပြောသင့်ပါဘူး"

ချူကွန်က....

"ကျွန်တော် ကောင်းတာလုပ်တာပဲ၊ ကောင်းတာလုပ်လို့ ကတိလျစ်လျူရှုတာ ဘာမှမဖြစ်ပါဘူး"

အဘိုးအိုက တောင်းပန်သည်။

"ငါ မင်းကိုပြောမိ၊ ဆိုမိ၊ ကြိမ်းမိတာတွေကို တောင်းပန်ပါတယ်ကွာ၊ ငါ နေမကောင်းပါဘူး။ ဒါကြောင့် ငါသိပ်စိတ်တိုနေမိတာပါ၊ ဒါတွေဟာ ငါ့မိန်းမသေသွားပြီးတဲ့နောက်မှာ အားလုံးပြောင်းလဲသွားတာပါကွာ"

သူသည် စကားဆုံးသောအခါ ချောင်းတဟွတ်ဟွတ်ဆိုးပြန်တော့၏။

"ဒီချောင်းဆိုးရောဂါဟာ ငါကိုဒုက္ခပေး**နေတာပါ။ ဒီ**ရောဂါနဲ့ပဲ ငါလဲ ကြာကြာနေရာမှ မဟုတ်ပါဘူး၊ ဒါ**ကြောင့် သိုင်းပညာ**သင်ပါလို့ **မင်းကိုတောင်းပန်နေတာပါ**"

**အဘိုးအိုသည်** တောင်းပန်ပြီးရင် တောင်းပန်**နေသည်။**

**ချူကွန်သည် သူ့စိတ်**ပျော့သွားသည်ကို အကြိမ်ကြိမ်ခံစားမိ၏။ ထို့ကြောင့် **မျက်လုံးမှိတ်**ကာ ဘုရားစာကိုသာ အာရုံစူးစိုက်၍ ရွတ်နေ**တော့သည်။**

မည်မျှ**ကြာသွားသည်** မသိချေ။ အဘိုးအို၏အသံကို မကြားရသောအခါမှ မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

သူ၏ရင်ထဲ၌ ကြီးစွာသော စိတ်မကောင်းခြင်းကိုခံစားရလိုက်လေ၏။ တကယ်တော့ ချူကွန်သည် အလွန်နူးညံ့သူဖြစ်သည်။

အဘိုးအို နောက်တစ်ကြိမ်သာ ဆက်တောင်းပန်လျှင် သူသည် အဘိုးအိုနောက်အလိုသို့ လိုက်ပါသွားမိမည်ဖြစ်သည်။

အဘိုးအို မရှိတော့ချေ။ အဘိုးအို ထွက်ခွာသွားလေပြီ။ နောက်ထပ် လာတော့မည်မဟုတ်ပါ။ ချူကွန်သည် စိတ်မကောင်း



ဖြစ်သွားပြီးမှ သူ့အတွက် ဝမ်းသာသွား၏။

"ငါ စိတ်ပါမသွားတာ အများကြီး ကံကောင်းတယ်၊ ဘုရားစာရွတ်နေတဲ့အကျိုးပဲ"

ဤသို့ဖြင့် ချူကွန်သည် နေ့စဉ်နေ့တိုင်း ဘုရားစာရွတ် သရဇ္ဈာယ်သည်။ **နေ့စဉ်နေ့တိုင်း** တရားထိုင်သည်။ ဘုရားကိုအာရုံပြု၍ ရှိခိုးကန်တော့**သည်။**

ဆရာကြီး**လိုက္က သင်ပေး**သောသိုင်းပညာနှင့် အတွင်းအားပညာ အားလုံးအား **မေ့ဖျောက်ပစ်**လေတော့သည်။

ချမ်းချမ်း**ကျူကျူမ်းနှင့် စုစုအင်း**တို့ကို လုံးဝသတိမရတော့ချေ။ ဤသို့ဖြင့် နောက်ထပ်နှစ်ရက်ကြာသွားလေ၏။

ချူကွန်သည် ထုံးစံအတိုင်း ဘုရားခန်းသို့ဝင်ပြီး အမွှေးတိုင်နှင့်ဖယောင်းတိုင်များကို မီးထွန်းညှိသည်။ ဘုရားစာရွက်ဆိုရန် ပြင်ဆင်သည်။

"အဟွတ်... အဟွတ်... အဟွတ်"

ချောင်းဆိုးသံသည် အဆက်မပြတ် ထွက်ပေါ်လာလေ၏။

ချူကွန် ရင်ထိတ်သွားသည်။

"ငါ့ကို သိုင်းပညာသင်ဖို့လာပြောဦးတော့မှာပဲ၊ ငါဟာ ငါ ဟုတ်နေတဲ့ဥစ္စာ သူလာရင် ငါ့အစီအစဉ်တွေပျက်သွားမှာပေါ့၊ သူ ငါ့အသံကိုနားမထောင်ဘူး"

ချူကွန်သည် ဘုရားကျမ်းစာကိုသာ ဖွင့်ဖတ်နေတော့၏။

တစ်ခဏအကြာတွင် အဘိုးအိုသည် ဆင်းတုတော်နောက်မှ ထွက်လာလေ၏။

"ကိုရင်ချူကွန်… ကျုပ်ပြောတာကို ဘယ်လိုသဘောထားသလဲ"

ချူကွန်သည် ခေါင်းကိုသာ တွင်တွင်ငုံ့၍ ဘုရားစာကိုသာဖတ်နေတော့၏။ သူသည် အဘိုးအိုကိုလည်း မော့မကြည့်ချေ။ သူ့အာရုံကိုသာ ဘုရားစာထဲတွင် နှစ်မြှုပ်ထားလေသည်။

အဘိုးအိုက….

"ငါ့လိုသေခါနီးအဘိုးကြီးတစ်ယောက်ကို မင်းက ဒီအတိုင်းပစ်ထားတော့မှာလား"

ချူကွန်သည် အဘိုးအိုပြောစကားနားမဝင်အောင် ဘုရားကျမ်းစာကိုသာ ငုံ့ဖတ်နေတော့၏။

အဘိုးအို၏စကားတို့သည် တစ်ဖက်နားမှဝင်ပြီး တစ်ဖက်နားမှထွက်သွားလေတော့၏။ အဘိုးအို သည် မိုးလင်းခါနီးကျမှသာ ထွက်ခွာသွားသည်။

မိုးလင်းသောအခါ ချူကွန်သည် ပင်ပန်းနွမ်းနယ်စွာဖြင့် သူ့အခန်းသို့ပြန်လေ၏။

အဘိုးအိုလာခြင်းအတွက် သူစိတ်ပင်ပန်းလေသည်။ သူသည် သူ့အဆောင်သို့ပြန်လာပြီး နှစ်နာရီခန့် အိပ်စက် လေသည်။

ဒုတိယနေ့တွင် အဘိုးအိုလည်း ရောက်မလာပါ။ စုစုအင်းလည်း ရောက်မလာပါချေ။ အေးအေးချမ်းချမ်းပင် ဘုရားစာလည်း ရွတ်ဖတ်ခွင့်ရသည်။ တရားထိုင်ခွင့်လည်း ရသည်။



နောက်တစ်နေ့တွင်မှ အဘိုးအိုရောက်ရှိလာသည်။ အဘိုးအို သည်အဆက်မပြတ် ချောင်းဆိုးနေလေသည်။

သူချောင်းဆိုးနေသည်မှာ ရေနွေးအိုးတစ်လုံးကျက်ခန့် အချိန် အထိကြာမြင့်သွားသည်။

ချူကွန် မနေနိုင်တော့ပါ။ မျက်လုံးဖွင့်ကြည့်လိုက်ရတော့သည်။

အဘိုးအိုမှာ မျက်နှာတပြင်လုံးနီရဲနေပြီး လက်နှစ်ဖက်ဖြင့် စားပွဲကို လက်ထောက်ထားရသည်။

သူ့တစ်ကိုယ်လုံး တုန်တုန်ရင်ရင်ဖြစ်နေကာ လဲကျလုမတတ် ဖြစ်နေတော့သည်။

ချူကွန်မှာ ဤအနိဋ္ဌာရုံကိုကြည့်မနေနိုင်တော့ပါ။ သူသည် ကမန်းကတမ်းထပြီး အဘိုးအို၏ကျောပြင်ကို ဖြည်းညှင်းစွာထုပေးပါသည်။

"အဘ… အဘ ဘယ်နှယ်နေသေးသလဲ"

အဘိုးအိုသည် ချူကွန်ကို စကားပြန်မပြောနိုင်ရှာပေ။ အကြီးအကျယ် ချောင်းဆက်ဆိုးနေရှာသည်။

အတန်ကြာမှ ချောင်းဆိုးရပ်သွား၏။ အဘိုးအိုက မောဟိုက်သံဖြင့်….

"မင်း… မင်း… ငါ့ကို… ငါ့ကို ကတိပေး… ပေးထားတယ်

မဟုတ်လား၊ ဒါကို မင်း... မေ့လို့ဖြစ်မလား"

ချူကွန်သည် သူ့စိတ်ကိုအေးချမ်းအောင် ကြိုးစားနေပါသည်။ သို့သော်အေးချမ်းစွာ နေ၍မရဘော့ပါ။

ထို့ကြောင့် သူမျက်ရည်များ စီးကျလာပါတော့သည်။

"ဘဘရယ်... ဘာဖြစ်လို့ ကျွန်တော့်ကိုချမ်းသာမပေးတာလဲ၊ ကျွန်တော့်ဘဘသာ အေးအေးချမ်းချမ်းနေပါရစေ၊ ကျောင်းထဲမှာလဲ ဘုန်းတော်ကြီးနဲ့ကိုရင်တွေ အများကြီးရှိပါတယ်၊ ဘာဖြစ်လို့ ကျွန်တော့်ကိုမှရွေးပြီး ပညာသင်ပေးဖို့ပြောနေရတာလဲ"

အဘိုးအိုက သူ့အား လှည့်ကြည့်ရင်း ပြောသည်။

"မင်းတစ်ယောက်တည်းကို ရွေးရတာပေါ့၊ မင်းတစ်ယောက်တည်းသာ ဒီလိုအရည်အချင်းမျိုးရှိတာကိုး"

ချူကွန်သည် အဘိုးအိုအား မရက်စက်နိုင်တော့ပါ။ ကံကြမ္မာအလှည့်အပြောင်းကို အရှုံးပေးလိုက်ရပါတော့သည်။

ချူကွန်က ခေါင်းညိတ်ပြီး ပြောလေ၏။

"ဘဘ... ဘဘကို ကျွန်တော်ကတိပေးပါတော့မယ်"

ချူကွန်သည် ထိုစကားကိုပြောရင်း ရှိုက်ကြီးတငင်ငိုချလိုက်တော့သည်။

အဘိုးအိုသည် ချူကွန်က လက်ခံလိုက်သဖြင့် လွန်စွာ ဝမ်းသာသွားသည်။

ချူကွန်၏ပခုံးကိုပုတ်၍ နှစ်သိမ့်နေလေ၏။ ထို့နောက် ချူကွန်အား ဆွဲထူလိုက်သည်။



"ချူကွန်... မင်း တကယ်ပြောတာလားကွာ"

ချူကွန်က မျက်ရည်များကိုသုတ်ပြီး ပြောလိုက်၏။

"ကျွန်တော်မလိမ်တတ်ပါဘူး ဘဘ"

"တကယ်နော်"

"တကယ်ပါ"

အဘိုးအိုသည် ဝမ်းသာလွန်းသဖြင့် အော်ဟစ်ရယ်မောတော့၏။ ထိုရယ်မောသံမှာ သက်တမ်းသိပ်မရှည်ပါ။ ချောင်းဆိုးလာလေတော့သည်။

"အဟွတ်... အဟွတ်... အဟွတ်"

ချူကွန်သည် လွန်စွာစိုးရိမ်သွားပြီး....

"ဘဘ မရယ်ပါနဲ့ ချောင်းဆက်ဆိုးနေပါလိမ့်မယ်"

အဘိုးအိုသည် ချောင်းတဟွတ်ဟွတ်ဆိုးရင်း ကမန်းကတမ်းပြော၏။

"ငါ... ငါ... ပျော်လို့ပါကွာ၊ ကိစ္စမရှိပါဘူး။ မင်း မကြောက်ပါ နဲ့"

အတန်ကြာမှ ချောင်းဆိုးရပ်သွား၏။ အဘိုးအိုသည် ခါးကိုဆန့်၍ မားမားမတ်မတ် ရပ်လိုက်လေ၏။

"မနက်ဖြန် တစ်ရက်နားပါ ငါ့တပည့်၊ သန်ဘက်ခါကစပြီး ငါ့ဆီကို လာပါ၊ အားလုံး ဖြည်းဖြည်းညင်ညင်သာသာ ဖြစ်ရပါစေမယ်"

ချူကွန်က စိုးရိမ်စွာဖြင့် ပြောသည်။

“ဖြစ်ပါ့မလား ဘဘ၊ တော်ကြာ...”

အဘိုးအိုက လက်ကာပြလိုက်၏။

“မင်း မညံ့ပါဘူးကွာ၊ သူများတွေ လက်ဝှေ့လေ့ကျင့်နေရမယ့်အချိန်မှာ မင်းဟာ လက်ဝှေ့ရှစ်ကြောင်းရတယ်၊ ငါကသာ စိတ်ဆန္ဒစောပြီး တွန်းထိုးသင်နေမိတာပါကွာ၊ တကယ်တော့ မင်းရဲ့ ဉာဏ်ရည်ကိုမီတဲ့လူတစ်ယောက်မှ မရှိပါဘူး”

အဘိုးအိုသည် ပြုံးလိုက်၏။ အဘိုးအိုပြုံးသည်ကို ချူကွန် တစ်ကြိမ်မှ မတွေ့ဖူးပါ။ ယခုတွေ့ရသောအခါ လွန်စွာ ချမ်းမြေ့စရာကောင်းလှသည်ကို သူတွေ့ရှိရပါသည်။

“ဒီတစ်ခါတော့ စိတ်ရှည်လက်ရှည် ငါသင်ပေးပါ့မယ်၊ စိတ်တိုတတ်တာကို ပြုပြင်ရမှာပေါ့ကွာ”

သူသည် ချူကွန်အား နှုတ်ဆက်ပြီး ဘုရားခန်းထဲမှထွက်ခွာသွားလေတော့၏။

ချူကွန်သည် ဘုရားခန်းတံခါးကိုမှီ၍ အဘိုးအို၏ဝိန်လိုလှသောခန္ဓာကိုယ်အား ကြည့်လိုက်၏။ အဘိုးအိုသည် လျင်မြန်စွာ ပျောက်ကွယ်သွားတော့သည်။

“သြော်... သန်ဘက်ခါ... သန်ဘက်ခါ... သန်ဘက်ခါကစပြီး ငါ ဒုက္ခပင်လယ်ထဲ ရောက်ရဦးတော့မှာပါလား”

ချူကွန်သည် စိတ်ပျက်စွာ ညည်းညူမိလေ၏။



## အခန်း (၂)

### ဝထမကျောင့်စဥ် အောင်မြင်ခြင်း

ဂိုဏ်းပေါင်းစုံ ဆရာတော်ဘုရားသည် ချင်းကုန်းဘုရားကျောင်းအတွက် အမိန့်စာကိုပို့လိုက်လေ၏။

သူသည် အလုပ်အလွန် များပြားသဖြင့် ချင်းကုန်းဘုရားကျောင်းသို့လာနိုင်မည်မဟုတ်သေးကြောင်း။

ထို့ကြောင့် မုကု ဘုန်းတော်ကြီးကို ယာယီကျောင်းထိုင်အဖြစ် တာဝန်ပေးကြောင်း အမိန့်ပင် ဖြစ်တော့သည်။

ထိုအမိန့်စာရောက်ရှိမှသာ ချင်းကုန်းဘုရားကျောင်းသည် ယခင်ကဲ့သို့ ပုံမှန်လည်ပတ်နိုင်တော့၏။

ချူကွန်သည် တစ်ဖက်က အဘိုးအိုသင်ကြားပေးသောသိုင်းပညာရပ်ကို လေ့ကျင့်သည်။

တစ်ဖက်က ကျန်ရှိသောအချိန်ကို ကျမ်းစာများကိုကြိုးစား ကျက်မှတ်သည်။ ထို့အတွက် ချူကွန်မှာ တစ်ရက်မည်သို့ ကုန်သွားမှန်းပင် မသိဘဲဖြစ်နေတော့သည်။

ချူကွန်သည် စိတ်လက်မပါလှဘဲ လိုဏ်ဂူထဲသို့ရောက်ရှိသွားလေသည်။

အဘိုးအိုသည် ယခင်အခါကကဲ့သို့ ပြစ်တင်ပြောဆိုခြင်းမရှိတော့ပါ။ ဆူပူကြိမ်းမောင်းခြင်းမရှိတော့ပါ။

သူ့အပေါ် ချိုချို သာသာ ပြောဆိုဆက်ဆံပါတော့သည်။ ယောဂသိုင်းပညာကိုလည်း စိတ်ရှည်လက်ရှည် ရှင်းလင်းသင်ပြပေးသည်။

အချိန်တို့သည် လျင်မြန်စွာ ကုန်ဆုံးသွားလေ၏။ ဆယ်ရက်ခန့် ကုန်လွန်သွားပြီးနောက် ဘုန်းတော်ကြီးတစ်ပါး တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည်။

ထိုဘုန်းတော်ကြီး၏ဘွဲ့အမည်မှာ ယာပုလုဖြစ်၏။ မုကုဘုန်းတော်ကြီးက ဘုန်းတော်ကြီးယာပုလုအား တာဝန်လွှဲအပ်ရသည်။

ထိုအခါ ယာပုလုဘုန်းတော်ကြီးသည် ကျောင်းထိုင်ဘုန်းတော်ကြီး ဖြစ်လာလေတော့၏။

ယာပုလုဘုန်းတော်ကြီးသည် ချင်းကုန်းဘုရားကျောင်းရှိ ဘုန်းတော်ကြီးနှင့်ကိုရင်များအား စတင်အုပ်ချုပ်ရလေတော့၏။

ချင်းကုန်းဘုရားကျောင်း၏ ဘဏ္ဍာရေးတာဝန်အဝဝသည်



လည်း ယာပုလုဘုန်းတော်ကြီး၏တာဝန် ဖြစ်သွားလေတော့သည်။

ချူကွန်၏ဘဝမှာ အလွန်တည်ငြိမ်အေးချမ်းနေသည်။ သူသည် နေ့ဘက်တွင် ဘုရားကျမ်းစာရွတ်သည်။ ညဘက်တွင် ရောဂါသည် အဘိုးအိုထံ၌ သိုင်းပညာသင်ကြားသည်။

အဘိုးအိုသင်ကြားပေးသော ယောဂသိုင်းပညာ၏လက်ဘ်ကိုလည်း အလွတ်ရလေပြီ။ ဘဘောတရားများကိုလည်း အားလုံးနားလည် သဘောပေါက်လေပြီ။

မထူးတော့ပြီဖြစ်၍ ချူကွန်သည် ဆရာကြီးလုံကု၏သိုင်းပညာများကိုလည်း ပြန်လှန်လေ့ကျင့်တော့သည်။

ဆရာကြီးလုံကုသင်ပေးသမျှ ပညာအားလုံးကို အပြန်ပြန်အလှန်လှန် လေ့ကျင့်ပြီးနေလေပြီ။

ချူကွန်သည် ယခုအခါ မည့်သည့်ထိပ်သီးသိုင်းပညာကိုမဆို ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်း ရှိနေပေပြီ။ သူ၏သိုင်းပညာသည် ဤမျှအဆင့်မြင့်နေပေပြီ။

သို့သော် ချူကွန်သည် သိုင်းလောက၌ ခြေမချဖူးပေ။ မည်သည့်သိုင်းသမားနှင့်မျှလည်း မယှဉ်ပြိုင်ဖူးပေ။

ချူကွန်သည် ယောဂသိုင်းပညာကိုလေ့ကျင့်ပြီးနောက် ယင်း ပညာသည် အလွန်အဆင့်မြင့်သော အသက်ကာကွယ်မှုပညာဖြစ်သည်ကိုလည်း ခံစားလာမိသည်။

အခြားသိုင်းပညာများသည်လည်း ယောဂသိုင်းပညာ

ကြောင့် ပိုမိုတောက်ပြောင်လာသည်ကို တွေ့ရ၏။

သူသည် ယောဂသိုင်းပညာကိုအတော် စိတ်ဝင်စားလာသည်။ ဤသိုင်းပညာကို သူသာ ဆုံးခန်းတိုင်တတ်မြောက်လျှင် သိုင်းလောက၌ ပြိုင်စံရှားလိမ့်မည်ဟု သူသည် ယုံကြည်ထားလေ၏။

ညတစ်ညတွင် ချူကွန်သည် လိုဏ်ဂူထဲသို့ဝင်သွားလေ၏။ သူသည် လိုဏ်ဂူကို မြေပြင်အတိုင်း ဝင်နိုင်ထွက်နိုင်လေပြီ။

အကြိမ်ပေါင်းများစွာ ဝင်ထွက်နေသောကြောင့် မြေအနေအထားကိုကောင်းစွာ ကျွမ်းကျင်နေလေပြီ။

သူသည် အဘိုးအိုရှေ့၌ ထိုင်ချလိုက်လေ၏။

အဘိုးအိုက....

"ကဲ...ယောဂသိုင်းပညာကို မင်းအတော်အတန်တတ်နေပါပြီ၊ အခု မင်းဟာ ကျင့်စဉ်(၇)ခုကို ဖြတ်ကျော်ရမယ်၊ အဲဒီကျင့်စဉ်(၇)ခုကို ပြီးဆုံးအောင်မြင်သွားတာနဲ့ ဒီပညာရဲ့ထက်မြက်ပုံကို မင်းအလိုလို သိလာပါလိမ့်မယ်"

ထို့နောက် အဘိုးအိုက ထရပ်လိုက်၏။

"ကဲ... ကဲ... ငါ့နောက်လိုက်ခဲ့"

ချူကွန်သည် အဘိုးအိုနောက်မှ လိုက်သွားလေတော့သည်။ လိုဏ်ဂူထဲ၌နှစ်ကြိမ်မျှ ချိုးကွေ့ပြီးနောက် ရေစပ်စပ်ရှိသည့် ရေအိုင်တစ်အိုင်သို့ ရောက်ရှိလာလေတော့၏။

ထိုနေရာသည် အလင်းရောင်ရှိုးတိုးရှိပ်တိတ်ဝင်သောနေရာ



ဖြစ်၍ အောက်မှရေကိုတွေ့မြင်နေရသည်။ ရေများသည် ခြေမျက်စိအထိရှိနေသည်ကို တွေ့ရလေသည်။

သူက မျက်မှောင်ကုပ်၍ကြည့်နေစဉ် အဘိုးအိုက....

"မင်း အဲဒီရေထဲမှာ ခုနစ်နေ့နဲ့ ခုနစ်ညထိုင်ရမယ်၊ ရေကတော့ မင်း အခုစမ်းသပ်တဲ့အတိုင်း အတော့်ကိုအေးတယ်၊ ရက်တာရက်ဆိုရင်တော့ မင်းဟာခံနိုင်မှာ မဟုတ်ဘူး၊မင်းဟာ ယောဂသိုင်းပညာကို အနုလုံ ပဋိလုံဆင်ခြင်စဉ်းစားပြီး ကိုယ်ထဲဝင်နေတဲ့ အအေးဓာတ်တွေပျောက်အောင် တွန်းလှန်ရလိမ့်မယ်"

သူသည် စကားကိုခေတ္တဖြတ်ပြီးမှ ဆက်ပြောလိုက်သည်။

"မင်းဟာ ဒီရေကိုနွေးထွေးတယ်လို့ စိတ်ထဲမှာထင်တော့မှ ဒီကျင့်စဉ်ကို ရပ်ဆိုင်းရမယ်"

ချူကွန်သည် ရေထဲ၌တစ်ခဏမျှ ရပ်လိုက်စဉ်တွင် အေးစိမ့်ကျင်တက်လာသဖြင့် ရေကိုကြောက်လန့်သွားသည်။

ချူကွန်က မဝံ့တဝံ့ဖြင့်......

"ခုနစ်နေ့နဲ့ ခုနစ်ညတောင်ဆိုတော့ ရက်တွေတော်တော်များတာပဲ၊ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်... ကျင့်စဉ်ကို ဘယ်လောက်နှလုံးသွင်းနိုင်တယ်ဆိုတဲ့အပေါ်မှာ မူတည်နေပါတယ်၊ ကျင့်စဉ်ကို မင်းနှလုံးသွင်းနိုင်ရင် ဒီလေ့ကျင့်မှုဟာ အောင်မြင်နိုင်ပါတယ်"

ချူကွန်သည် ကြောက်ရွံ့နေသော်လည်း မထူးတော့ပြီဖြစ်၍ လက်ခံလိုက်ရလေ၏။

"ဘဘ ဘယ်အချိန်ကစမှာလဲ"

အဘိုးအိုသည် အနည်းငယ်စဉ်းစားပြီးနောက်....

"မင်း ဆရာတော်ကိုလျှောက်ပါ၊ အပြင်ဘက်မှာ တရားထိုင်ဖို့အတွက် ရှစ်ရက်လောက် ခွင့်တိုင်ကြားပါ၊ ဆရာတော်က ခွင့်ပြုရင် မင်း နက်ဖြန်လာခဲ့၊ နက်ဖြန်ကစပြီး ယောဂသိုင်းပညာကျင့်စဉ်ကို စမယ်"

"ကောင်းပါပြီဘဘ"

ချူကွန်သည် အဘိုးအိုအား ဂါရဝပြုပြီး ထွက်ခွာသွား၏။ သူသည် အဆောင်တွင်းသို့ဝင်ကာ အိပ်စက်လေတော့သည်။

နောက်တစ်နေ့တွင် တာဝန်ကျဘုန်းတော်ကြီးအား သူအပြင်မှာ တရားထိုင်လိုသဖြင့် ခွင့်ရှစ်ရက်မျှပေးရန် တိုင်ကြားရလေ၏။

ဘုန်းတော်ကြီးက....

"မင်း ဘာတွေယူသွားဦးမှာလဲ"

"ဘာမှမယူပါဘူးဘုရား။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ သွားမှာပါဘုရား"

"အေး... အေး၊ ဆရာတော်ကို ဒီအသေးအဖွဲ့ကိစ္စလေးတွေ လျှောက်ဖို့ မလိုပါဘူး။ ငါကပဲ ခွင့်ပြုလိုက်ပါတယ်"

ချူကွန်မှာ ဝမ်းသာသွား၏။ ထိုညမှာပင် အဘိုးအိုရှိရာ လိုဏ်ဂူသို့ သွားလေတော့၏။ အဘိုးအိုနှင့်တွေ့သောအခါ...

"ဆရာတော်က ခွင့်ပြုလိုက်တယ်မဟုတ်လား"

ချူကွန်က အကျိုးအကြောင်းပြောပြလိုက်သည်။



အဘိုးအိုက....

"ဒါလဲ တရားထိုင်တာတစ်မျိုးပါပဲ၊ စိတ်၏တည်ငြိမ်ခြင်းကို ပြုလုပ်တာဟာ မှန်မြတ်တဲ့လုပ်ငန်းပါ၊ မင်းလိမ်ရာမကျပါဘူး။ ကဲ... ကဲ၊ မင်းသဘောကျသလို ထိုင်ပေတော့၊ ကြာကြာထိုင်နိုင်မယ့်ပုံစံကို ထိုင်တာ ပိုကောင်းပါတယ်"

သူက ဆက်လက်၍ပြောသည်။

"အမှန်ကတော့ ဒီလိုကျင့်တာ စွန့်စားမှု တစ်ရပ်ပါပဲ၊ မအောင်မြင်ရင် လေဖြတ်နိုင်တယ်၊ ဒါပေမယ့် မင်းအောင်မြင်မယ်လို့ စိတ်ထဲက ယုံကြည်နေတယ်"

ချူကွန်သည် စိတ်နှလုံးဒုံးဒုံးချလိုက်ပြီး ရေထဲ၌ ထိုင်ချလိုက်တော့၏။ ထိုင်ချလိုက်သည်နှင့် ရေ၏အေးစိမ့်မှုသည် တစ်ကိုယ်လုံး ပျံ့နှံ့လာတော့၏။ ချူကွန်သည် အတွင်းအားဖြင့် ခုခံရန် ပြင်ဆင်လိုက်၏။

ထိုအခါ ချူကွန်အား စောင့်ကြည့်နေသောအဘိုးအိုက....

"အတွင်းအားကို လုံးဝအသုံးမပြုပါနဲ့ မင်းကို သင်ပေးထားတဲ့လက်ာကိုရတယ်မဟုတ်လား၊ အဲဒီလက်ာကို ဆင်ခြင်စဉ်းစားပါ၊ ပထမတော့ မင်းကိုယ်ဟာ မခံမရပ်နိုင်အောင်အေးစိမ့်လာလိမ့်မယ်၊ ယောဂသိုင်းပညာမှာ ပြဆိုထားတဲ့ကျင့်စဉ်ကိုသာ နှလုံးသွင်းပါ"

ချူကွန်မှာ တစ်ကိုယ်လုံး အေးစက်လာ၏။ သူသည်ယောဂသိုင်းပညာတွင် ပြဆိုထားသည့်ကျင့်စဉ်များကိုသာ နှလုံးသွင်းသည်။

အေးစိမ့်သော အငွေ့အသက်များသည် သူ့တစ်ကိုယ်လုံး
သို့ ထိုးဖောက်ဝင်ရောက်လာလေ၏။ သူသည် အံကိုတင်းတင်းကြိတ်
၍ တောင့်ခံထားရ၏။

ဤသို့နေနေရာမှ ပဋ္ဌမနေ့သို့ရောက်သောအခါတွင် အေး
စိမ့်သော အငွေ့အသက်များ တဖြည်းဖြည်း လျော့ပါးသွားပြီး နွေး
ထွေးသော အငွေ့အသက်ကို စတင်ခံစားလာရလေတော့၏။

နောက်တစ်ရက်ကျော်သောအခါ အေးစိမ့်မှုလုံးဝမရှိတော့
ဘဲ ချူကွန်သည် ရေထဲ၌သက်သာစွာ ထိုင်နေတော့သည်။

ခုနစ်ရက်ပြည့်သောအခါ အဘိုးအိုသည် စားသောက်ဖွယ်
ရာများကို အဆင်သင့်ပြင်ဆင်ထားလေ၏။

သူသည် ချူကွန်ပထမအဆင့်ကို အောင်မြင်စွာကျော်လွှား
သွားနိုင်ကြောင်းတွေ့ရှိနေရသဖြင့် အလွန်ဝမ်းသာနေသည်။

"ချူကွန်ထတော့... ရပြီ"

အဘိုးအိုက ချူကွန်၏ပခုံးကိုပုတ်၍ ပြောလိုက်၏။ ချူကွန်
သည် ဖြည်းညင်းစွာ မျက်လုံးဖွင့်ကြည့်သည်။

သူသည် ပကတိလူသားအတိုင်း ခံစားနေနိုင်ကြောင်း သိ
ရှိရသဖြင့် ဝမ်းသာသွားသည်။

အဘိုးအိုက....

"ချူကွန်... ပထမကျင့်စဉ်ကတော့ အောင်မြင်သွားပြီ၊ မင်း
ဟာ သာမန်လူတစ်ယောက်မဟုတ်တာတော့ အသေအချာပဲ၊ သာ



မန်လူတစ်ယောက်ဟာ ဒီလောက်အေးတဲ့ ရေထဲမှာ တစ်နာရီကြာ
အောင် ထိုင်နိုင်မှာမဟုတ်ဘူး"

ချူကွန် ကျေနပ်သွားလေ၏။

"ဒီလိုအောင်မြင်တာဟာ ဘဘရဲ့ ကျေးဇူးပါပဲ"

ချူကွန်က ပြောလိုက်လေ၏။

အဘိုးအိုက....

"ဒါနဲ့ မပြီးသေးဘူး၊ အားလုံးပေါင်း ကျင့်စဉ်(၇)ခုရှိတယ်၊
အခု တစ်ခုပြီးသွားပြီဆိုတော့ ကျင့်စဉ်(၆)ခု ကျန်သေးတယ်"

ချူကွန် နားထောင်နေသည်။

"ကျင့်စဉ်တိုင်း ခုနစ်နေ့နဲ့ ခုနစ်ည လေ့ကျင့်ရတာချည်းပဲ"

"ဒီလိုဆိုရင် လေးဆယ့်နှစ်ရက် လေ့ကျင့်ရမှာ ပေါ့နော်"

"အေး... ဟုတ်တယ်၊ မင်းလေ့ကျင့်ဖို့ ဖြစ်ပါ့မလား"

"ကြိုးစားရမှာပေါ့... ဘဘရယ်"

"ဒီလိုဆိုရင် မင်းစားသောက်ပြီး ဘုရားကျောင်းကိုပြန်ပေ
တော့၊ အဲ့ဒီမှာ သုံးရက်နေ၊ တာဝန်ရှိ ဘုန်းတော်ကြီးကိုလျှောက်၊
(၄၃)ရက်လောက် ရေရှည်တရားထိုင်ချင်လို့ ထပ်မံခွင့်ပြုပါလို့
လျှောက်ချေဦး၊ တာဝန်ရှိ ဘုန်းတော်ကြီးက ခွင့်ပြုတယ်ဆိုရင် ငါတို့
ကိစ္စအောင်မြင်ပြီပေါ့"

"ကောင်းပါပြီ ခင်ဗျာ၊ ကဲ... ဘဘ ခွင့်ပြုပါဦး"

ချူကွန်သည် ညောင်းညာတောင့်တင်းခြင်းမရှိဘဲ ပကတိ
လူကောင်းတစ်ဦးအဖြစ် ချင်းကုန်းဘုရားကျောင်းသို့ပြန်သွားလေ

တော့၏။

အဘိုးအိုကား ခေါင်းတညိတ်ညိတ်ဖြင့် ပီတိဖြစ်၍ကျန်ရစ်လေ၏။

❀



## အခန်း (၃)

### ခက်ခဲသောကျင့်စဉ်

ချူကွန်သည် အဘိုး၏ညွှန်ကြားချက်အတိုင်း ကျင့်စဉ်တစ်ခုပြီးတစ်ခု အောင်မြင်စွာ ကျင့်ကြံနိုင်ခဲ့သည်။

သူသည် ကျင့်စဉ်(၆)ခုကို အောင်မြင်စွာ ကျော်လွှားနိုင်သောအခါ အဘိုးအိုမှာ ထခုန်မတတ် ဝမ်းသာသွားလေတော့၏။

"ချူကွန် မင်းကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ သိုင်းလောကမှာ ကိုင်း်ဦးသျှောင်ဖြစ်မယ့်လူပဲ၊ ဘာဘာတောင်မှ အဲဒီကျင့်စဉ်(၆)ခုပဲ အောင်မြင်ခဲ့တယ်၊ မင်း အခုကျင့်စဉ်(၆)ခုကို အောင်မြင်နှဲပြီဆိုတော့ ဘာဘနဲ့တန်းတူဖြစ်သွားပြီပဲ၊ တကယ်တော့ ကျင့်စဉ်တစ်ခုတစ်ခုဟာ တကယ်ခက်ခဲပါတယ်၊ ဒါတွေအားလုံး အောင်မြင်ဖို့ဆိုတာ မလွယ်

ပါဘူး"

ချူကွန်လည်း အလွန်အားရဝမ်းသာဖြစ်သွားသဖြင့် ဦးခိုက်ရှိခိုးလေ၏။

"ဟော့... ဟော့... ကိုရင်က ငါ့ကိုဦးခိုက်ရှိခိုးရသလား။ မ လုပ်ပါနဲ့ ငါတို့ကသာ ကိုရင်ကို ကန်တော့ရမှာပါ"

ချူကွန်လည်း ကျေနပ်အားရစွာ ပြောလေ၏။

"ကျင့်စဉ်တစ်ခုပဲ ကျန်တော့တယ်၊ ကျွန်တော်ကြိုးစားပြီး လေ့ကျင့်ပါ့မယ်"

အဘိုးအိုက ခေါင်းယမ်းလိုက်၏။

"ငါတို့ဆက်တိုက်လုပ်လို့ မဖြစ်ဘူး"

ချူကွန် အံ့ဩသွားသည်။

"ဘာဖြစ်လို့လဲ ဘဘ"

အဘိုးအိုက ဖြေသည်။

"အခု နောက်ဆုံးကျင့်စဉ်က တော်တော့်ကိုပြင်းထန်တယ်၊ အခု မင်းမှာကျင့်စဉ်(၅)ခုကို ဆက်တိုက်ပြုလုပ်လာခဲ့ပေမယ့် ဘာမှ ထိခိုက်မှုမရှိဘူး။ ဒါပေမယ့် ပြင်းထန်တဲ့ကျင့်စဉ်ကိုရင်ဆိုင်ဖို့တော့ အဆင်သင့်ပြင်ဆင်ထားရမယ်၊ ဒါကြောင့် မင်း(၃)ရက်လောက် နားလိုက်ပါဦး"

ချူကွန်သည် တာဝန်ကျဘုန်းတော်ကြီးထံ၌(၄၃)ရက် ခွင့် တောင်းခဲ့၏။



ယခုပြန်ရမည်ဆိုသောအခါ လွန်စွာ ဝမ်းသာသွားသည်။ ကျောင်းမှ ကိုရင်ငယ်များကလည်း ဝမ်းသာသွားကြမည်။

သူသည် **အဘိုးအိုအား** နှုတ်ဆက်ပြီး လိုဏ်ဂူထဲမှထွက် လာလေတော့၏။

သူသည် လိုဏ်ဂူထဲ၌(၃၅)ရက် နေထိုင်ခဲ့သောကြောင့် သူ့ ဆက်နှံးမှာ ညစ်ပတ်ပေရေနေသည်။

ဘုန်းတော်ကြီးများနှင့် ကိုရင်များသည် အံ့ဩစွာ ဝိုင်းဝန်း မေးမြန်းကြသည်။ ချူကွန်က အကြောင်းအမျိုးမျိုးပြ၍ ဖြေလေ သည်။

ကျောင်းထိုင်ဆရာတော်ကြီးကအစ သူလူဝတ်လဲတော့ မည် ကိုကြိုတင်သိရှိ ခွင့်လွှတ်ထားပြီးဖြစ်၍ ထူးထူးခြားခြားတော့ ပြဿနာမလုပ်ကြပါ။

ဤသို့ဖြင့် ချူကွန်သည် ကျောင်း၌သုံးရက်နေပြီးနောက် တာဝန်ရှိဘုန်းတော်ကြီးအား လျှောက်ထားကာ လိုဏ်ဂူရှိရာသို့ပြန် **သွားလေတော့၏။**

**တာဝန်ရှိဘုန်းတော်ကြီးမှာလည်း** ချူကွန်အား မည်သည့် ချုပ်ချုပ်မှုမျှ မပြုလုပ်တော့ပေ။ သူပြောသည့်အတိုင်း ခွင့်ပေးလိုက် သည်။

သူသည် လိုဏ်ဂူအတွင်းဝင်ရောက်သည်နှင့် အလွန်အံ့ဩရ လေတော့၏။

ဤလိုဏ်ဂူသည် အလွန်မည်းမှောင်နေသောလိုဏ်ဂူဖြစ်

သည်။ လိုဏ်ဂူတွင်းသို့ဝင်သောအခါ စမ်းသပ်၍ဝင်ရသည်။ ယခု
သပ်၍ မဝင်ရတော့ပေ။ မြေပြင်ကိုလည်း မြင်နေရသည်။

"အခုဟာက ညပဲ၊ လိုဏ်ဂူထဲမှာ မီးမထွန်းဘဲ ဘာကြေ
လင်းနေပါလိမ့်၊ ဘယ်လိုလုပ် လင်းတာလဲ"

ချူကွန်သည် လိုဏ်ဂူထဲသို့လျှောက်၍ ဝင်လာလေ၏။ မှ
နေရာသို့ရောက်ရှိသောအခါ အဘိုးအိုသည် နံရံကိုမှီ၍ထိုင်နေသည်
တွေ့ရသည်။

သူ့ဘေးတွင် လူရိုးတစ်ခုရှိသည်။ သူသည် ကမန်းကတ
အဘိုးအိုအား အရိုအသေပြုလိုက်ရ၏။

"ဘဘ… လိုဏ်ဂူထဲမှာ ဒီကနေ့ ထူးထူးခြားခြားမီးမထွ
ဘဲ လင်းနေတယ်၊ ဘာကြောင့်လဲ ဘဘ"

အဘိုးအို၏မျက်လုံးများ ပြူးကျယ်သွားသည်။ သူ့တ
ကိုယ်လုံး တုန်လှုပ်သွားသည်။

"မင်း… မင်း… လင်းလင်းထိန်ထိန်ကြီးမြင်နေရတယ် ဟု
လား၊ ဂူတစ်ခုလုံးကိုမြင်နေရတာ ဟုတ်လား"

"ဟုတ်ကဲ့… သိပ်အလင်းကြီးတော့ မဟုတ်ဘူးပေါ့၊ ဒါ
မယ့် ဂူတစ်ခုလုံးကိုတော့ မြင်နေရပါတယ်"

အဘိုးအိုသည် ဝမ်းသာအားရအော်ဟစ်ရယ်မောလေတေ
၏။

"ဝမ်းသာစရာကောင်းလိုက်တာ၊ အဲဒါ မင်း စိတ်ကျင့်
အောင်မြင်လို့ မြင်နေရတာကွ၊ ဒီဂူဟာ အခုလဲမှောင်နေတယ်၊ နေ



လဲမှောင်နေမှာပဲ"

**"စိတ်ကျင့်စဉ်ကို အောင်မြင်လို့"**

"ဒီဂူဟာ မင်းပထမဆုံး ဝင်လာတဲ့အတိုင်း မှောင်နေတာပါ
ပဲ၊ မင်းက ဒီအမှောင်ကိုဖောက်ထွင်းမြင်တယ်ဆိုတော့ ယောဂသိုင်း
ပညာ အစွမ်းကြောင့် မင်းမြင်ရတယ်ဆိုတာ သိသာပါတယ်"

ချူကွန် အလွန်အမင်း ဝမ်းသာသွားလေ၏။

အဘိုးအိုက….

"ဒါ ဝမ်းသာစရာပေါ့၊ ငါပြောတယ် မဟုတ်လား။ ယောဂ
သိုင်းပညာကိုကျင့်လို့အောင်မြင်ရင် အကျိုးထူးခံစားရမယ်ဆိုတာ
ကဲ… ထိုင် … ထိုင်၊ ငါ ပလွေမှုတ်တာကိုနားထောင်ပါ"

ချူကွန်သည် **အဘိုးအိုရှေ့တွင် ထိုင်လိုက်၏။**

အဘိုးအိုသည် **သူ့အိတ်ထဲမှလက်သန်းလုံးခန့်ရှိသော ပ**
လွေကလေးကို **ထုတ်ယူလိုက်၏။** ထိုပလွေသည် (၇)လက်မခန့်
ရှည်လျားလေ၏။

အဘိုးအိုက ပြောလိုက်၏။

"သိုင်းပညာလေ့ကျင့်တဲ့လူ ဖြစ်စေ၊ တရားထိုင်တဲ့လူဖြစ်စေ
အဆင့်မြင့်ဆုံးဖြစ်လာတဲ့အခါမှာ စိတ်ရဲ့လှည့်ဖြားမှုကို ခံစားလာ
တတ်ကြတယ်၊ အဲဒီအဆင့်ကို ဘယ်သူမဆိုကျော်လွှားဖို့ ကြိုးစားရမ
မြဲ ပါ။ အဲဒီကျော်လွှားနိုင်တဲ့ပုဂ္ဂိုလ်ဟာလဲ လောကမှာ အထူးဆန်း
ဆုံးပုဂ္ဂိုလ်ဖြစ်လာပါတယ်၊ ကဲ… ကဲ… ပလွေသံကိုနားထောင်ကြစို့"

ချူကွန်သည် အာရုံကိုစုစည်းလိုက်ပြီး မျက်လုံးနှစ်လုံးကိုလည်း မှိတ်လိုက်၏။

သူသည် ပလွေသံကိုစူးစိုက်နားထောင်လိုက်ခြင်း ဖြစ်လေသည်။

ပလွေသံတစ်သံကို ဝေးလံသောအရပ်မှ လွင့်ပျံပေါ်လာသည်ကို ခံစားလိုက်ရတော့သည်။

မှုတ်နေသည့်အဘိုးအိုမှာ ချူကွန်ရှေ့ တစ်လံလောက်အကွာတွင်သာ ရှိလေသည်။

ထိုစဉ် ပလွေသံသည် သံစဉ်ပြောင်းလဲသွား၏။ အမျိုးသမီးတစ်ယောက်၏ဝမ်းနည်းပက်လက်ငိုကြွေးသံကဲ့သို့ ပြောင်းလဲသွား၏။

ချူကွန်သည် နားထောင်ရင်းပင် ရင်ထဲ၌ဝမ်းနည်းပက်လက်ငိုကြွေးချင်လာ၏။

ထို့နောက် ပလွေသံသည် သံစဉ်ပြောင်းလဲသွား၏။ တက်ကြွမြူးကြွသောသံစဉ်ကဲ့သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။

ယင်းအသံကြောင့် ဝမ်းနည်းကြေကွဲနေသော ချူကွန်၏စိတ်ဓာတ်သည်ပြောင်းလဲသွားပြီး လွန်စွာစိတ်ဓာတ်တက်ကြွသွား၏။

စစ်သည်တော်များ တစ်ဘက်နှင့်တစ်ဘက် ပြင်းပြင်းထန်ထန်တိုက်ခိုက်နေသည့် တေးသံမျိုးဖြစ်လေသည်။

ချူကွန်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ စစ်သွေးစစ်စိတ်များ ဆူ



...က်လာလေတော့၏။

ပလွေသံ သံစဉ်ပြောင်းလဲသွားပြန်၏။ ဒီတစ်ကြိမ်တွင် ...က်ကြွမြူးတူးသောအသံများ ထွက်ပေါ်လာသည်။ နားထောင်နေ...မှာ ကချင် ခုန်ချင်ဖြစ်လာသည့်အထိ မြူးကြွလာသည်။

ပလွေသံသည် ရုတ်တရက် ပျောက်သွားလေ၏။ ချူကွန်၏...ာရုံထဲ၌ စေစေကမြင်နေရသည့်အာရုံများ ပျောက်ကွယ်သွား...လေ၏။

အမှောင်ထုသည် ချူကွန်၏တစ်ကိုယ်လုံးကို ဖုံးအုပ်လွှမ်းမိုး...လာတော့သည်။

ရုတ်တရက်....

"သား... လေး... ရယ်"

မိခင်တစ်ယောက်က လှိုက်လှဲစွာ သားကိုခေါ်လိုက်သည့်အ...သံအား ချူကွန် ကြားလိုက်ရခြင်းဖြစ်သည်။

ချူကွန် စဉ်းစားမိသည်။

"ဘယ်သူက ဘယ်သူ့သားကိုခေါ်နေရတာလဲ၊ သူ့မိခင်က ...ဘယ်သူလဲ၊ သူ့သားကကော ဘယ်သူလဲ"

ထိုမေးခွန်းများသည် သူ၏စိတ်အစဉ်၌ပေါ်လာလေ၏။ အ...ဘိုးအိုသည် ချူကွန်ကို မျက်တောင်မခတ်စိုက်ကြည့်နေသည်။

ချူကွန်၏နဖူးမှ ချွေးပေါက်ပေါက်ကျနေ၏။ ချူကွန်သည် ...စိတ်၏လှေ့ကျင့်ခြင်း အခက်အခဲဆုံးအဆင့်သို့ရောက်နေကြောင်း အ...ဘိုးအိုနားလည်လိုက်မိတော့သည်။

သူသည် ပလွေသံဖြင့် ချူကွန်အား ယောဂသိုင်းပ
ကျင့်စဉ်(၇)အတွင်းသို့ ပို့ဆောင်ပြီးလေပြီ။

သို့သော် အဘိုးအိုအနေဖြင့် ချူကွန်အား ပို့ဆောင်ရုံသ
ဆောင်နိုင်သည်။ သူဘာမျှ မကူညီနိုင်ပါ။

ထို့ကြောင့် **အတွေးနယ်ပယ်**အတွင်း ရောက်ရှိနေသည့်
ကွန်အား စိုက်ကြည့်ရုံသာ **ကြည့်နေ**ရပါသည်။

ဤကျင့်စဉ်ကို ချူကွန်**မအောင်မြင်**လျှင် မုချရူးသွပ်
ပေလိမ့်မည်။ အဘိုးအိုအနေဖြင့် ချူကွန်**အတွက် ဆု**တောင်းပေ
အပ ဘာမျှမတတ်နိုင်တော့ပေ။

ဤသို့ဖြင့် ချူကွန်သည် (၄)ရက်နှင့် (၄)**ည ကျော်လွှား**
ခဲ့လေ၏။

အဘိုးအိုသည် ထိုရက်၌ချူကွန်၏ခြေအနေအကော
ဘက်သို့ ရောက်မရောက် ကြည့်ရှုသည်။

အကောင်းဘက်သို့ မရောက်သော်လည်း အဆိုးဘက်
ရောက်ကြောင်းတွေ့ရှိရသဖြင့် အနည်းငယ် စိတ်သက်သာမှုတေ
ရှိသည်။

ချူကွန်မှာ သာမန်လူနှင့်မတူပါ။ ဉာဏ်ရည်အလွန်ကော
သူဖြစ်ကြောင်း အဘိုးအိုသိရှိပေသည်။

ထို့ကြောင့် ဤကျင့်စဉ်အဆင့် ကို ကျော်လွှားနိုင်လိမ့်မည်
ယုံကြည်မိလေ၏။

ဤသို့ဖြင့် (၆)ရက်မြောက်နေ့သို့ ရောက်ရှိလာလေ



ချူကွန်၏အခြေအနေသည် ပိုမိုကောင်းမွန်လာ၏။

အခြေအနေမှန်သို့ ပြန်လည်ရောက်ရှိလာတော့၏။ အ
ကျရှုသံသည်လည်း ပြန်မှန်လာသည်။

"အင်း... ချူကွန် အောင်မြင်တော့မယ်၊ ဒီအတိုင်းဆိုရင်
စိတ်အေးရပြီ၊ ချူကွန်လဲ သိုင်းလောကကျော်ဖြစ်နိုင်တယ်"

(၇)ရက်မြောက်သောနေ့တွင် ချူကွန်သည် ပြန်လည်သတိ
ရလာတော့၏။

သူသည်ရောဂါဝေဒနာစွဲကပ်သော လူတစ်ယောက် နလန်
ထလာသည်နှင့် တူလှပေသည်။

ချူကွန်သည် အားအင်ချည့်နဲ့ပြီး တစ်ကိုယ်လုံး နွမ်းနယ်နေ
သည်။

"မင်း ဘာမှမလုပ်နဲ့ ချူကွန်၊ ဒီအတိုင်းပဲ အနားယူနေ"

ချူကွန်သည် မလှုပ်ရှားရဲတော့ဘဲ ဂူနံရံကိုမှီ၍ အနားယူနေ
ရလေ၏။

"ဘဘ ကျွန်တော် **နောက်ဆုံးကျင့်စဉ်**ကို ကျော်လွှားနိုင်ခဲ့ပြီ
နော်၊ ကျွန်တော် **အောင်မြင်ခဲ့ပြီနော်**"

ချူကွန်က **မောဟိုက်စွာ**ဖြင့် ပြောလိုက်၏။

"**ချူကွန် မင်းသိပ်ပင်ပန်းနေပြီ**၊ စကားမပြောပါနဲ့ မင်းအ
နားယူပါ၊ ဒါတွေက နောက်ဘယ်တော့မှ ပြောပြောရပါတယ်"

အဘိုးအိုသည် သက်ပြင်းချလိုက်ပြီး....

"မင်းကို သုံးရက်လောက်အထိမှာ ငါစိတ်မချနိုင်ခဲ့ပါဘူး မင်း ရူးသွားလိမ့်မယ်လို့ ငါထင်ခဲ့တယ်၊ လေးရက်မြောက်မှာတော့ ကောင်းလဲမကောင်း၊ ဆိုးလဲမဆိုးတဲ့ အခြေအနေကိုရောက်နေလို့ ငါနည်းနည်းစိတ်သက်သာရာ ရခဲ့ပါတယ်၊ ခြောက်ရက်မြောက်တဲ့နေ့ မှာတော့ မင်းဟာ အကောင်းဘက်ကိုရောက်သွားပြီ၊ ငါ လက် မောင်းခတ်နိုင်ပြီ၊ အခုတော့ ငါဝမ်းသာလို့မဆုံးနိုင်တော့ဘူး၊ ငါ့တ ပည့်အောင်မြင်ပါပြီ"

ချူကွန်သည် သူ၏အတွင်းအားပညာကို ပို၍အဆင့်မြင့် သွားပြီး ထူးဆန်းသောကိုယ်ခံပညာတစ်ရပ်ကို ရရှိလိုက်ပြီဖြစ် ကြောင်း သိရှိလိုက်တော့သည်။

အဘိုးအိုက....

"ချူကွန်... မင်း ငါ့ကိုအပြစ်မတင်တော့ဘူးပေါ့ ဟုတ်လား"

"ကျွန်တော်မှားသွားပါတယ် ဘဘ၊ ဘဘကို တောင်းပန်ပါ တယ်"

"ဒီလိုတော့ မတောင်းပန်ပါနဲ့ မင်းရဲ့တာဝန်မပြီးသေးဘူးလို့ မှတ်လိုက်ပါ"

အဘိုးအိုသည် စကားကိုဆက်ပြောသည်။

"ပထမတော့ ငါက ခြောက်လ ဒါမှမဟုတ် ကိုးလအချိန်ယူ ပြီး ဒီပညာကိုသင်ပေးဖို့ ထင်မှတ်ထားတာ မင်းဟာ ဉာဏ်ကောင်း ပြီး ထူးချွန်တဲ့အတွက် သုံးလနဲ့ ဒီပညာကို တတ်မြောက်ခဲ့တယ်၊



ငါဝမ်းသာတာကို ထုတ်ဖော်ပြောမပြနိုင်လောက်အောင် ဖြစ်ခဲ့ရပါ တယ်"

ချူကွန်က ပြောရန် ပါးစပ်ဟလိုက်၏။

ထိုအခါ အဘိုးအိုက လက်ကာပြလိုက်လေသည်။

"အခု မင်း စကားမပြောနဲ့ ငြိမ်ငြိမ်ကလေး အနားယူနေပါ၊ မနက်ဖြန် ဒီအချိန်ရောက်ရင်တော့ မင်းဟာ ပုံမှန်အခြေမှန်ဖြစ်သွား မှာပါ၊ မင်း ချင်းကုန်းဘုရားကျောင်းကို ပြန်သွားနိုင်ပါပြီ"

ချူကွန်သည် အဘိုးအိုမှာကြားသည့်အတိုင်း ငြိမ်ငြိမ်သက် သက်ပင် အနားယူနေလိုက်သည်။

အဘိုးအိုသည် သူ့အနီး၌ပင် ထိုင်နေသည်။ အစားအ သောက်များကား မည်သည့်အချိန်က ပြုလုပ်ထားသည်မသိ အား လုံးဖွယ်ဖွယ်ရာရာရှိနေသည်။

အဘိုးအိုက....

"မင်းပြန်သွားပြီးတဲ့နောက် ဒီကိုမလာနဲ့ဦး"

ချူကွန်က အဘိုးအိုအား မော့ကြည့်လိုက်ပြီး....

"ဘာဖြစ်လို့လဲ ဘဘ"

အဘိုးအိုက....

"ငါ ဒီကထွက်သွားဖို့ရှိနေတယ်၊ တစ်လကြာမှ ငါတို့ပြန်ဆုံ ကြမယ်"

အဘိုးအိုသည် ထရပ်လိုက်လေ၏။

"ဟင်... ဘဘ သွားတော့မလို့လား"

"အေး... ဟုတ်တယ်၊ ငါ အခုပဲသွားတော့မယ်"

"မသွားပါနဲ့ ဘဘရယ်"

အဘိုးအိုက ရယ်မောလိုက်၏။

"မင်းကတော့ မောင်းမထုတ်ပါဘူး။ အရင်က နတ်ပိတ်ရေ ၎င်လုပ်နေတဲ့အတွက် ငါ ထွက်သွားခဲ့ရတယ်၊ မင်း မောင်းထုတ်နေသလိုပါပဲကွာ၊ အခုကျတော့ မင်းက ငါ့ကိုတားနေပြန်ပါပြီလား"

ချူကွန်က....

"ဘဘမှာ ဝေဒနာရှိတယ်မဟုတ်လား။ ကျွန်တော်က စိုးရိမ်လို့ပါ"

အဘိုးအိုသည် ရယ်မောနေရာမှ ရပ်တန့်သွား၏။

"မင်း အခုလို ငါ့အပေါ်မှာ စေတနာရှိတယ်ဆိုတာကို သိရတဲ့အတွက် ငါ ဝမ်းသာပါတယ်၊ ငါ ပြန်လာခဲ့မှာပါ"

"ကျွန်တော်ဟာ ဘဘရဲ့ဝေဒနာအတွက် အမြဲပဲ စိုးရိမ်ခဲ့ပါတယ်"

"တစ်လကြာရင် ငါပြန်လာမယ်၊ ငါ့ကို ဒီမှာလာတွေ့ပေါ့"

ချူကွန်က ခေါင်းညိတ်၏။

"ဟုတ်ကဲ့ပါဘဘ"

"မင်းဆရာအကြောင်း မင်းသိတယ် မဟုတ်လား။ သူက သဘောထားသေးသိမ်တယ်ကွ"

"ကျွန်တော့်ဆရာက ကျွန်တော့်ကိုချစ်ပါတယ် ဆရာ၊ ဘယ်နည်းနဲ့မှ သဝန်မတိုပါဘူး"



"လုံကုဟာ မင်းကိုတော့ချစ်လိမ့်မယ် ငါ့ကိုတော့ ချစ်မှာမဟုတ်ဘူး၊ ကဲ... စကားကြောရှည်မနေနဲ့ ငါပြောသလိုသာလုပ်"

သူသည် လက်တစ်ချက်ဝှေ့ယမ်းပြီး....

"ဒီဂူထဲမှာ အစားအသောက်တွေရှိတယ်၊ အဲဒါတွေကို စားသောက်နေ၊ မင်း အနားယူထား။ နက်ဖြန်ခါ ဒီအချိန်လောက်မှ ဒီဂူထဲက ထွက်သွား၊ ကဲ... ငါသွားမယ်"

သူသည် ပြောပြောဆိုဆို ဂူထဲမှထွက်ခွာသွားတော့သည်။

ချူကွန်သည် အဘိုးအိုကိုကြည့်နေ၏။

အဘိုးအိုသည် ဒယီးဒယိုင်ဖြင့် ထွက်ခွာသွားသဖြင့် ချူကွန်မှာ မျက်ရည်ကျရတော့သည်။

ဤအဘိုးအိုကို သူမတားနိုင်ပါ။ အဘိုးအိုသည် အလုပ်တစ်ခုရှိ၍ သွားခြင်းသာဖြစ်ပါမည်။

သူ့အလုပ်ကို သူသိပါသည်။ ချူကွန် မသိနိုင်ပါ။ ချူကွန်အားလည်း အရေးအရာလုပ်၍ အသိပေးနေခြင်းမရှိပါ။

ထို့ကြောင့် ချူကွန်သည် အဘိုးအို၏ကျောပြင်ကိုသာ ငေးနေရ ပါသည်။

အဘိုးအိုကိုတော့ သူထင်ထင်ရှားရှားကြီး မြင်နေရပါသည်။

မကြာမီ အဘိုးအိုလည်း ပျောက်ကွယ်သွားတော့သည်။

## အခန်း (၄)

### ဓားသမားဖြစ်ထွေ

ချူကွန်သည် ချိုင်းကုန်းဘုရားကျောင်းဝင်းထဲသို့ပြန်လည်ရောက်ရှိနေသည်မှာ သုံးရက်ရှိခဲ့ပါပြီ။

သူသည် နံနက်၊ နေ့လယ်တွင် ဘုရားတွင် တံမြက်စည်းလှဲခြင်း၊ ဝတ်ရွတ်ခြင်း၊ ဘုရားစာရွတ်ခြင်း အမှုတို့ကို အချိန်မှန်မှန်ပင်ပြုလုပ်လေ၏။

**သာသနာ့ဘောင်တွင်နေမည့်** ကိုရင်ကလေးများထက်ပင် **ချူကွန်က တက်တက်ကြွကြွ**ပြုလုပ်နေသဖြင့် တာဝန်ကျဆရာတော်မှာ **အံ့ဩ၍နေပေသည်။**

ချူကွန်ကတော့ ပုံမှန်အတိုင်းပြုလုပ်နေခြင်းသာ ဖြစ်သည်။



ညတက်တွင် အတွင်းအားလေ့ကျင့်သည်။

အတွင်းအားလေ့ကျင့်ခြင်းကိုတော့ ဘုန်းတော်**ကြီးများနှင့်** ကိုရင်များ မမြင်ကြချေ။

သူသည် သိုင်းပညာကိုအတော်အဆင့်မြင့်မြင့် တတ်မြောက်ထားလေပြီ။ ဤသည်ကို ချင်းကုန်းဘုန်းတော်ကြီးများ လုံးဝမသိကြပေ။

သူသည် **လူထွက်တော့မည်ဖြစ်၍** သိုင်းလောကနှင့်တစ်နည်းနည်း **ဆက်သွယ်ရပေတော့မည်။**

**တစ်နေ့မဟုတ်တစ်နေ့** သိုင်းလောကနှင့် ပတ်သက်ရပေတော့မည်။ **ပတ်သက်ရမည့်**အကြောင်းများကလည်း တာရှလျက်ရှိနေသည်။

**သူ၏ကံကြမ္မာသည်** မည်ကဲ့သို့ပြောင်းလဲမည်ကိုမသိသော်လည်း သူသည်တစ်နေ့ ဤကျောင်းဝင်းသို့ပြန်လည်ရောက်ရှိလာလိမ့်မည်ဟု တထစ်ချယုံကြည်ထားလေ၏။

သူသည် အတွေးများလွင့်ပျံ့ ထွက်သွားရင်းမှ....

"ငါ့ရဲ့မိဘတွေဟာ ဘယ်သူတွေလဲ"

သူ့မိခင်နှင့်ဖခင်ကိုတွေ့မြင်လိုသော စိတ်ဆန္ဒများသည် ဖွားဖွား ပေါ်ပေါက်လာတော့သည်။

သူ့မိဘအကြောင်းကိုသိလိုလျှင် ဓားသမားရှောက်ဖုံးကို မေးမှဖြစ်လိမ့်မည်ဟု သိလိုက်မိသည်။

သို့သော် ဓားသမားရှောက်ဖုံးကို သူမသိပါ။ မည်သည့်နေ

ရာတွင် နေထိုင်သည်ကိုလည်း မသိပါ။

ဓားသမားရှောက်ဖုံးက သူ့ကို ဤဘုရားကျောင်းသို့ပို့ပေးခဲ့သည်မှာ ဆယ့်ခုနစ်နှစ်ပင် ကျော်ခဲ့ပါပြီ။ ဓားသမားရှောက်ဖုံး လူ့လောကတွင် ရှိနေသေးသည်လား သူမပြောတတ်ပါတော့ချေ။

ဓားသမားရှောက်ဖုံးမှာ မသေသေးပါ။ သူသည် ချူကွန်အား ချင်းကုန်းဘုရားကျောင်းသို့ပို့ပေးပြီးနောက် သူ၏ဇာတိသို့ပြန်ခဲ့လေ၏။

သူသည် တိုက်ခိုက်သတ်ဖြတ်ရသည့်အလုပ်ကို ငြီးငွေ့နေပေသည်။ ချူကွန်ကလေး၏မိဘများအားလုံး အသတ်ခံရသည့်အတွက်လည်း သံဝေဂရရှိသွားပေသည်။

ထို့ကြောင့် သိုင်းလောကဘဝကို လုံးဝငြီးငွေ့သွားသဖြင့် သူသည်သိုင်းလောကမှအနားယူရန် ဆုံးဖြတ်လိုက်လေတော့သည်။

ရှောက်ဖုံးသည် ဓားပညာကို အလွန်လိုလားသောသူဖြစ်သည်။ သူနှင့်ယှဉ်ပြိုင်သူအားလုံးအား သူသည် မတရားအနိုင်ယူခြင်းမရှိခဲ့ချေ။

ညစ်ပတ်သောနည်းလမ်းများသုံးပြီး အနိုင်ယူခြင်းမရှိခဲ့ချေ။ တရားသဖြင့် ဓားနှင့်သာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။

သူသည် ဆယ့်သုံးနှစ်သားကတည်းက မိဘနှင့်ခွဲခွာပြီး



တစ်ယောက်တည်း သိုင်းလောကသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ သူသည် အပင်ပန်းအဆင်းရဲခံပြီး ဓားပညာလေ့လာဆည်းပူးခဲ့၏။

သူသည် တစ်နေ့တွင် နံနက်စောစော အိမ်မှထွက်လာခဲ့၏။ သူ အိမ်မှထွက်လာခဲ့စဉ်က မြင်းတစ်ကောင်နှင့်ငွေသား(၁၀)သားပါလာခဲ့သည်။

ငွေ(၁၀)သားလည်း ကုန်သွားပြီ။ မြင်းကိုလည်း ရောင်းလိုက်ရသည်။ ထို့ကြောင့် သူပိုင်သောအရာဆို၍ ဓားတစ်လက် မျှသာရှိတော့သည်။

သူသည် ဓားကိုအလွန်တန်ဖိုးထား၏။ ဓားအကြောင်းနားလည်သူက ငွေသားငါးရာပေးသည်။ သူက မရောင်းပါ။

သူသည် ထိုဓားကို အသက်နှင့်ထပ်တူ မြတ်နိုးပါသည်။ ထို့ကြောင့် သူသည် အငတ်ခံအဆင်းရဲခံသည်။ ဓားကိုတော့ လုံးဝမရောင်းပါ။

ယခုလည်း သူသည် ယန်းပင်မြို့ကိုသွားရန် လယ်တောထဲ၌ တစ်ညတာ တည်းခိုခဲ့ခြင်းဖြစ်သည်။

ယန်းပင်မြို့ကိုသွားခြင်းမှာ ယန်းပင်မြို့တော်ဝန်က ကိုယ်ရံတော်များ အလိုရှိနေ၍ဖြစ်ပါသည်။

ယန်းပင်မြို့တော်ဝန်ထံတွင် အမှုထမ်းရင်း သူ၏ဓားပညာကိုတိုးတက်အောင် ပြုလုပ်လို၍ ဖြစ်ပါသည်။

သူသည် ယန်းပင်မြို့ကိုသွားရန် နံနက်စောစော ထွက်လာ

ခဲ့ခြင်းဖြစ်သည်။ မြင်းမရှိတော့သဖြင့် သူသည် လမ်းလျှောက်ရသည်။

အချိန်မီ ယန်းပင်မြို့ကိုရောက်ရှိရန် သူသည် နံနက်စောစောထ၍ ထွက်လာခြင်းဖြစ်သည်။

ရွာမှအထွက်တွင် ချောင်းကလေးတစ်ခုရှိ၏။ နွေအခါဖြစ်၍ ရေမနက်လှတော့ပါ။ ထိုချောင်းကိုဖြတ်ကျော်၍ တံတားတစ်ခု ဆောက်လုပ်ထား၏။

ရွာကိုအဝင်အထွက် ပြုလုပ်သူများသည် ထိုတံတားကိုဖြတ်ကျော်ကြရသည်။

သူသည် တံတားကိုဖြတ်ကျော်ရန် လှမ်းတက်လိုက်ရာ တစ်ဘက်မှ တံတားအဝင်တွင် အဘိုးအိုတစ်ယောက်လမ်းပိတ်၍ထိုင်နေသည်ကို တွေ့ရလေ၏။

"ဘိုးဘိုး... လမ်းခဏဖယ်ပေးပါ၊ ကျွန်တော်တံတားကို ကူးပါရစေ"

ရှောက်ဖုံးက အဘိုးအိုအား လှမ်းပြောလိုက်သည်။ မပြော၍လည်း မရချေ။ အဘိုးအိုသည် တံတားကိုတစ်ဘက်သို့ကူး၍မရအောင် ပိတ်ထိုင်နေသည်မဟုတ်ပါလား။

အဘိုးအိုက သူ့အား မျက်လုံးပြူးကြည့်နေ၏။

"ငါလဲ တံတားဟိုဘက်ကို ကူးမလို့ကွ"

အဘိုးအိုကလည်း မာဆတ်ဆတ်ပြောသည်။

ရှောက်ဖုံးက....



"ဒါဖြင့်လည်း ကူးလေ ဘိုးဘိုးရာ၊ ဘိုးဘိုးက ပိတ်ထိုင်နေတော့ ကျွန်တော် ဘယ်လိုကူးလို့ရမလဲ"

အဘိုးအိုက....

"ငါ့ခြေထောက်ကိုကြည့်ပါလား၊ ဘာဖြစ်လို့ မကူးသလဲဆိုတာ မင်းတွေ့ရမှာပေါ့"

ရှောက်ဖုံးသည် အဘိုးအို၏ခြေထောက်ကိုကြည့်လိုက်၏။ အဘိုးအို၏ခြေထောက်တွင် ဖိနပ်တစ်ဖက်မရှိသည်ကို တွေ့ရလေ၏။

"ဘိုးဘိုးရဲ့ခြေထောက်မှာ ဖိနပ်တစ်ဖက်မတွေ့ပါလား၊ ဘယ်ရောက်သွားပါလိမ့်"

အဘိုးအိုက ပြောလိုက်၏။

"ဖိနပ်တစ်ဖက် တံတားအောက် ကျသွားတယ်ကွ"

"ဟုတ်ကဲ့... ဒါဆို ကျွန်တော်ကောက်ပေးပါ့မယ်"

သူသည် တံတားအောက်သို့ဆင်း၍ ဖိနပ်တစ်ဖက်ကိုရှာဖွေကောက်ယူပြီး အဘိုးအိုအား ပြန်ပေးလိုက်၏။

အဘိုးအိုက....

"ဘာဖြစ်လို့ ငါ့ကိုပေးနေရတာလဲ၊ ခြေထောက်မှာ တစ်ခါတည်း ဝတ်ပေးလေကွာ"

ရှောက်ဖုံးသည် အနည်းငယ်စိတ်တိုလာလေ၏။ သို့သော်သူသည် အဘိုးအိုဖြစ်နေသဖြင့် သည်းခံလိုက်သည်။ အဘိုးအိုအား ဖိနပ်ဝတ်ပေးလိုက်သည်။

သို့ရာတွင် အဘိုးအိုသည် ဖိနပ်ဝတ်ပေးပြီးသော်လည်း
ရာမှမထချေ။ သူသည် ရှောက်ဖုံးအား မော့ကြည့်လိုက်၏။

"အောင်မယ်... မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ဓားတွေ
တွေဆောင်ထားလို့ပါလား"

သူသည် ရှောက်ဖုံး၏ခါးတွင်ချိတ်ဆွဲထားသော ဓား
ကြည့်၍ ပြောလိုက်ခြင်းဖြစ်သည်။

အဘိုးအိုက မဲ့ပြုံးပြုံး၍....

"မင်းက ဓားဆောင်ထားရအောင် ဓားပညာတတ်လို့လ
ကွ"

ရှောက်ဖုံးက ရယ်လိုက်သည်။

"ဓားပညာတတ်လို့ ဓားဆောင်ထားတာပေါ့ ဘိုးဘိုးရာ

"ဟား... ဟား... ဟား"

အဘိုးအိုသည် မပြုံးဘဲနှင့် ဝါးလုံးကွဲရယ်မောလေတော့

"ဟား... ဟား... ဟား... မင်းက ဓားပညာတတ်တ
ဟုတ်လား"

ရှောက်ဖုံးမှာ ကျွဲမြီးတိုသွားသည်။

"တတ်တာပေါ့ ဘိုးဘိုးရာ၊ တတ်တာပေါ့။ မတတ်ရင် ဓား
ာယ်ဆောင်ထားပါ့မလဲ"

အဘိုးအိုက....

"ငါ ငယ်ငယ်တုန်းက ဓားပညာကိုဝါသနာပါတယ်ကွ၊ မင်
ဓားပညာတတ်တယ်ဆိုရင် တစ်ကွက်နှစ်ကွက်လောက် ပြသပါလာ



ရှောက်ဖုံးက ရယ်မောလိုက်သည်။

"ကျွန်တော် သွားစရာရှိသေးလို့ လမ်းဖယ်ပေးပါဘိုးဘိုးရာ၊
ဘိုးဘိုးကိုဓားစွမ်းပြနေဖို့လဲ အချိန်မရပါဘူး"

အဘိုးအိုက မေးလိုက်၏။

"မင်းက ဘာကိစ္စ ဒီလောက်အရေးကြီးနေရတာလဲ၊ ငါ့ကို
ပြောပြစမ်းပါဦးကွ"

ရှောက်ဖုံးက....

"မြို့တော်ဝန်က ကိုယ်ရံတော်တွေလိုနေတယ်ဆိုလို့ အဲဒီမှာ
မွားလျှောက်မလို့ပါ"

"ဟား... ဟား... ဟား"

အဘိုးအိုက ရယ်မောလိုက်တော့သည်။

"မင်းတတ်ထားတဲ့ ဓားပညာက ကလေးကစားစရာသာ
သာ ရှိပါတယ်ကွာ၊ မင်းပညာနဲ့ အလုပ်ရမှာ မဟုတ်ပါဘူး။ ပြန်လာရ
မှာပါ"

ရှောက်ဖုံးက ခံပြင်းစွာ ပြောလိုက်လေ၏။

"ဘိုးဘိုးက ကျွန်တော့်ကိုနှိမ်တာပဲ"

အဘိုးအိုသည် လမ်းဖယ်လိုက်၏။

"မယုံရင် ကြွ... ကြွ မင်းပြန်လာမှာပါကွ"

ရှောက်ဖုံးသည် တံတားအား ကျော်ဖြတ်သွားတော့သည်။

နေလုံးကြီးသည် အနောက်ဘက်တောင်စွယ်၌ မေးတင်
နောက် တဖြည်းဖြည်း ဝင်သွားတော့သည်။ ထိုအခါ အမှောင်
သည် စိုးမိုးစပြုလာတော့သည်။

ရောက်ဖုံးသည် စိတ်ခေတ်ကျဆင်းစွာ လေးလံသော
လှမ်းများဖြင့် ပြန်လာခဲ့တော့သည်။

သူသည် တဲတားအနီးသို့ရောက် သောအခါ မနက်က
မြင်ခဲ့သော အဘိုးအိုသည် တံခါးကိုပိတ်၍ ထိုင်နေကြောင်း တွေ့
ပြန်လေတော့၏။

"ဘိုးဘိုး ဘာထိုင်လုပ်နေပြန်တာလဲ"

"ငါ့ဘာသာ ဘာထိုင်လုပ်လုပ်ပေါ့"

"ကျွန်တော်က အကောင်းမေးတာပါ"

"ငါ့ခြေထောက်ကိုကြည့်စမ်း"

မှောင်ရီစပျိုးနေပြီဖြစ်၍ အဘိုးအို၏ခြေထောက်ကို သေ
ချာစွာကြည့်ရ၏။



အဘိုးအို၏ခြေတစ်ဖက်၌ ဖိနပ်မရှိသည်ကိုတွေ့ရပြန်လေ
၏။

"ဖိနပ်တစ်ဖက် မရှိတော့ဘူး"

အဘိုးအိုက ပြောလိုက်၏။

ရောက်ဖုံးက....

"ဖိနပ်က တဲတားအောက်ကျသွားပြန်ပြီဟုတ်လား"

"ဟုတ်တာပေါ့ကွာ"

ရောက်ဖုံးသည် ဘာမျှမပြောတော့ဘဲ တဲတားအောက်သို့
ဆင်း၍ ဖိနပ်ကိုရှာဖွေကောက်ယူကာ ပြန်တက်ခဲ့၏။ သူသည် အဘိုး
အို၏ခြေထောက်၌ဖိနပ်ကို စွပ်ပေးလိုက်သည်။

အဘိုးအိုက ပြုံးပြီး.....

"မင်း ဘယ်ဆိုးလို့တုန်း"

ရောက်ဖုံးသည် အဘိုးအိုအား ဖယ်နိုင်းမနေတော့ချေ။ တဲ
တားအောက်မှဖြတ်ကျော်ရန် ခြေလှမ်းလှမ်းလိုက်လေ၏။

အဘိုးအိုက....

"ဟေ့... သူငယ်၊ မင်း အလုပ်သွားလျှောက်တာ မရခဲ့ဘူးမ
ဟုတ်လား"

ရောက်ဖုံးက ခေါင်းညိတ်ပြီး ဆက်လျှောက်ရန် ဟန်ပြင်
လိုက်၏။

"ဟား... ဟား... ဟား၊ မင်းရှုံးလိမ့်မယ်လို့ ငါမပြောဘူး
လား"

အဘိုးအိုက ရယ်မောရင်း ပြောလိုက်လေ၏။

ရှောက်ဖုံး၏ရင်ထဲ လှုပ်ရှားသွားသည်။

"ကျွန်တော်ရှုံးလိမ့်မယ်လို့ ဘိုးဘိုးက ဘာကြောင့်ကြို တ သိထားရသလဲ"

အဘိုးအိုက ရှောက်ဖုံး၏ခါးမှာ ချိတ်ဆွဲထားသောဓား ညွှန်ပြလိုက်၏။

"မင်း ဓားကိုတော့မမြင်ရပါဘူး။ ဓားအိမ်ကိုမြင်ရတာနဲ့ ဓာ ကောင်းမှန်း မှန်းဆလို့ရတယ်၊ ဒါပေမယ့် မင်းက ညံ့နေတာကိုး"

"ကျွန်တော်ညံ့တယ်လို့ ဘိုးဘိုးက ဘယ်လိုလုပ်သိတာလဲ"

"နို့... မညံ့ရင် မင်း ဘယ်လိုလုပ်ရှုံးလာမှာလဲ"

အဘိုးအိုက ဆက်ပြောလိုက်၏။

"မင်းဓားကို ခါးမှာချိတ်ထားတဲ့ပုံစံကိုကြည့်လိုက်တာနဲ့ မင် ရဲ့ဓားပညာအဆင့်အတန်းဟာ ဘာမှမရှိတော့ဘူးဆိုတာ ငါသိတယ် ဘယ်လိုသိသလဲတော့ မမေးနဲ့ အဲဒါ ပညာပဲ"

ရှောက်ဖုံးသည် ဒုတိယအကြိမ်ရင်ထဲ၌ လှုပ်ရှားသွားရပြ လေ၏။

အဘိုးအိုသည် သိုင်းပညာကိုထက်ထက်မြက်မြက်တတ ကျွမ်းသည့် သိုင်းပညာရှင်လော။

"ဘိုးဘိုးကြည့်ရတာ ဓားပညာကို အတော်အတန်တတ် ထားပုံရတယ်၊ တတ်ထားရင်လဲ ပြောပြပါခင်ဗျာ"

အဘိုးအိုက မဲ့ပြုံးပြုံး၍...



"ရှင်းရှင်းပြောရရင် ငါငယ်ငယ်တုန်းက မင်းလိုပဲ ဓားသမား တစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်"

"ဘိုးဘိုးရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲခင်ဗျာ"

"ရှောင်လီဆိုတဲ့နာမည်ကို မင်းကြားဖူးသလား"

ရှောက်ဖုံးမျက်နှာ ကွက်ခနဲပျက်သွားလေ၏။

"သိုင်းလောကမှာ ဒုတိယနေရာကိုရထားတဲ့ ဓားသမား ရှောင်လီကို ပြောတာလား"

"ဟုတ်တယ်"

ရှောက်ဖုံးက ဆက်ပြောလိုက်၏။

"ကြားဖူးရုံတင် မဟုတ်ဘူး။ သူ့သိုင်းပညာကောင်းကြောင်း ကိုလဲ လူတကာပြောနေကြတာပဲ၊ နောက်ပြီး ရှောင်လီဟာ ဓားပ ညာနဲ့ပတ်သက်ရင် တကယ့်ကောရာဇ်လို့ပြောကြတယ်"

ရှောက်ဖုံးကပင် ဆက်၍ပြောလေ၏။

"သူ့မှာ အဖြူရောင်ယပ်တောင်တစ်လက်ရှိတယ်၊ အဲဒီယပ် တောင်ကို သူဟာ အမြဲတမ်းလည်ကုပ်ကြားမှာထိုးထည့်ထားတတ် သတဲ့၊ လူတွေက အဲသလိုပြောကြတာပဲလေ"

ရှောက်ဖုံးသည်ပြောရင်း မျက်လုံးက အဘိုးအို၏လည်ကုပ် ဆီသို့ ရောက်သွားလေ၏။

အဘိုးအို၏လည်ကုပ်တွင် ခေါက်ယပ်တောင်တစ်ချောင်း ထိုးထားသည်ကို ရှောက်ဖုံးတွေ့မြင်လိုက်ရသည်။ ထိုအခါ ရှောက်ဖုံး

ကြက်သေသေသွားလေတော့၏။

ရှောက်ဖုံးသည် ရင်တထိတ်ထိတ်ခုန်လာသည်။

သူက အံ့ဩသောလေသံဖြင့်....

"ဘိုးဘိုးက...."

ရှောက်ဖုံး၏စကားမဆုံးမီ အဘိုးအိုက ခေါက်ယပ်တောင်ကိုဖြန့်လိုက်လေရာ ယပ်တောင်သည် လှပစွာပေါ်လာလေတော့၏။

ယပ်တောင်ပေါ်၌....

"ဓားပျံရှောင်လီ'ဟု ရေးသားထားကြောင်း တွေ့ရှိရလေ၏။

ရှောက်ဖုံးသည် ထိုအဘိုးအိုအား သိရှိသွားလေပြီ။ ထိုအဘိုးအိုသည် တစ်ချိန်လုံး လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော ဓားပျံရှောင်လီဖြစ်နေချေပြီတည်း။

သူသည် ကမန်းကတန်း ဒူးထောက်လိုက်ရ၏။

"ကျွန်တော် ဓားပျံရှောင်လီကိုမသိလို့ အခုလိုဆက်ဆံမိတာပါ။ ခွင့်လွှတ်ပါ ခင်ဗျာ"

အဘိုးအိုက ရယ်မောလိုက်၏။ သူ၏ခေါက်ယပ်တောင်ကိုလည်း သိမ်းဆည်းလိုက်သည်။

"ဒီနာမည်ကို ငါ အသုံးမပြုခဲ့တာ နှစ်ပေါင်းသုံးဆယ်လောက်ရှိသွားပါပြီ၊ ဘယ်လိုမှ သဘောမထားပါဘူးကွာ၊ ဒါပေမယ့် မင်း ငါ့အပေါ်ဆက်ဆံတာဟာ ကောင်းနေသားပဲ၊ ဘာမှအပြစ်ပြောစရာမရှိတော့ ဘာအပြစ်ယူစရာမှမရှိဘူးပေါ့"



ရှောက်ဖုံးသည် ဒူးထောက်လျက်မှ ဆက်လက်ပြောဆိုလိုက်ပါသည်။

"ဘိုးဘိုးကို အခုလိုတွေ့ဆုံခွင့်ရတာဟာ ရေစက်ဆုံလို့ပဲဖြစ်ပါတယ်၊ ဒါကြောင့်မို့ ကျွန်တော့်ကို တပည့်အဖြစ် လက်ခံပါခင်ဗျာ"

အဘိုးအိုက ခေါင်းယမ်းလိုက်၏။

"ငါ့ တပည့်ကိုလက်မခံတာ နှစ်ပေါင်းအတော်ကြာသွားပါပြီ"

ရှောက်ဖုံး ဝမ်းနည်းသွားသည်။

"အခွင့်အခါကြုံလျက်မှ ဘိုးဘိုးရဲ့တပည့် မဖြစ်လိုက်ရတာတော့ အတော့်ကိုဝမ်းနည်းစရာ ကောင်းပါတယ်"

"မင်း ဘာမှဝမ်းမနည်းနေနဲ့ မင်းဟာ ရိုးသားနှိမ့်ချတဲ့သူဖြစ်တဲ့အတွက် ဓားကွက်တစ်ကွက်နှစ်ကွက်လောက်တော့ ပြပေးခဲ့မယ်"

အဘိုးအိုက ထိုသို့ပြောလိုက်သောအခါ ရှောက်ဖုံး ဝမ်းသာသွား၏။ အဘိုးအိုက....

"ကဲ... ငါ သွားဦးမယ်၊ မင်း ဒီရွာထဲမှာ နေဦးမှာပဲ မဟုတ်လား။ အုန်းမောင်းတစ်ချက်တီးရင် မင်း ဒီတံတားကိုပဲ လာခဲ့"

အဘိုးအိုသည် ထွက်ခွာသွားလေတော့၏။

ထိုညမှစ၍ ရှောက်ဖုံးသည် ညစဉ် ညတိုင်း ရှောင်လီထံသို့ ရောက်ပြီး ဓားပညာကို စတင်သင်ကြားလေတော့၏။

ရှောင်လီက တစ်ကွက်နှစ်ကွက်လောက်တော့ သင်ပြပေး

မယ်ဟု ပြောသော်လည်း တကယ့်လက်တွေ့တွင်မူ ဓားပညာ အတော်များများကိုသင် ပေးခဲ့လေ၏။

ဤသို့ဖြင့် သိုင်းလောကသို့ဓားသမားရှောက်ဖုံးဟူ၍ မွေးဖွားလာခဲ့ရပေသည်။ သူသည် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့လေ၏။

သိုင်းလောကဆိုသည်မှာ အလွန်ကျေ့ကောက်ပြီးကြောက်စရာကောင်းသော လောကဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် လက်စားချေ၍ မဆုံးနိုင်သော လောကကြီးဖြစ်သည်။

သွေးနှင့်ဓားနှင့် သံသရာလည်နေသော လောကကြီးဖြစ်သည်။

အမှန်တော့ သိုင်းလောကဆိုသည်မှာ သွေးလောကကြီးပင်ဖြစ်ကြောင်း ရှောက်ဖုံးသိခဲ့ရပေသည်။

ထိုအချင်းအရာကိုသိ၍ သံဝေဂတရားရနေသော ရှောက်ဖုံးသည် လျှမ်းလျှမ်းတောက်ကျော်ကြားနေသောအချိန်မှာပင် သိုင်းလောကမှပျောက်ကွယ်သွားခဲ့လေ၏။ ဤသည်မှာ သိုင်းလောကမှ အနားယူသွားခြင်း ဖြစ်ပေသည်။

သူသည် မြင်းတစ်ကောင်နှင့်အဖော်ပြုရင်း ရေမြေတောတောင်အနှံ့ ခြေဆန့်ခရီးထွက်ခဲ့သည်။

မမျှော်လင့်ဘဲ မီးလောင်ပြင် နှင့် မနီးမဝေး၌ ကလေးငယ်တစ်ဦးကိုတွေ့ရှိခဲ့ရသဖြင့် ချင်းကုန်းဘုရားကျောင်းသို့ ပို့ပေးခဲ့ရပေ



သည်။

ထိုကလေးငယ်ကိုအပ်နှံစဉ်က ထိုကလေးငယ်ကြီးပြင်းလာသောအခါ သိုင်းလောကသို့မရောက်စေရန် ရောက်လျှင် သူ့မိဘအတွက် ပြန်လည်လက်စားချေမည်ကိုစိုးရိမ်သဖြင့် သာသနာ့ဘောင်သို့ သွတ်သွင်းပေးရန် ပြောဆိုလျှောက်ထားခဲ့ရသည်။ ထို့နောက် သူ၏ မွေးရပ်မြေသို့ ပြန်လာခဲ့သည်။

သူသည် ကျောင်းထိုင်ဆရာတော်အား (၁၇)နှစ်အတွင်း ဤ ကလေးငယ်ကို တစ်ခေါက်လာကြည့်ဦးမည်ဖြစ်ကြောင်း လျှောက်ထားခဲ့ပါသည်။

သူကတိထားခဲ့သောကျောင်းထိုင်ဆရာတော်သည် လည်း ပျောက်ဆုံးနေပြီ အိစဘုန်းတော်ကြီးလည်း ပျံလွန်သွားခဲ့ရပေပြီ။

သူသည်လည်း ဘူ့ဌာနီသို့ပြန်ရောက်သည်နှင့် ရန်သူများ၏ ဝိုင်းဝန်းတိုက်ခိုက်မှုကိုခံခဲ့ရပြီး ဒဏ်ရာပြင်းထန်စွာရရှိခဲ့လေသည်။ ကံကောင်းလွန်း၍ မသေခြင်းဖြစ်သည်။

သူသည် ဒဏ်ရာပြင်းထန်သဖြင့် အိမ်တွင်းမှအိမ်ပြင်သို့ မထွက်တော့ပေ။

သိုင်းလောကမှ လုံးဝအနားယူလိုက်ရတော့သည်။ ထို့ကြောင့် (၁၇) နှစ်ကြာလျှင် တစ်ခေါက်လာကြည့်ပါ မည်ဟူသော ကတိစကားလည်း ပျက်ယွင်းသွားရတော့သည်။

သို့သော် ချူကွန်ဟု အမည်ပေးခဲ့သော ထိုကလေးသည်

မည်သို့ပုံပန်းသဏ္ဌာန်ရှိပြီး မည်သို့ဖြစ်ပျက်နေသည်ကိုမူ အိမ်ထဲမှ အိမ်ပြင်မထွက်နိုင်သော သိုင်းသမားကြီးရှောက်ဖုံးသည် အလွန်သိချင်မြင်ချင် ဖြစ်နေမိပါတော့သည်။



## အခန်း (၅)

## ညတစ်ခွေ

ချူကွန်သည် ခါတိုင်းကဲ့သို့ ညသန်းခေါင်အချိန်သို့ရောက်သောအခါ သူအမြဲဝတ်ပြုနေသော ဘုရားခန်းမသို့ရောက်သွားလေတော့၏။

သူသည် ဘုရားခန်းမသို့မရောက်မီ လမင်းကြီးကိုမော့ကြည့်ပြီး....

"သြော်... နောင်နှစ်ဆိုရင် ငါ ဒီဘုရားကျောင်းကိုစွန့်ခွာရတော့မှာပါလား"

သူသည် ရေရွတ်လိုက်မိသည်။

သူသည် ဘုရားကျောင်းဝင်းကြီးတစ်ခုလုံးအား လွမ်းမြဲကြည့်ကာ လွမ်းဆွတ်တမ်းတသည့်ဝေဒနာကို ခံစားနေရလေ၏။

သူ ဤသို့စဉ်းစားလွမ်းဆွတ်နေသည်။ နောက်ဖျားဆီမှလေ အေးအေးတစ်ချက် တိုက်ခတ်သွားသကဲ့သို့ခံစားလိုက်ရ၏။

သူ သိ သည်။ သူ့နောက်ကို ရန်သူတို့ရန်မှုတိုက်ခိုက်လိုက်ပြီ ဟု။

သူသည် လှည့်မကြည့်ဘဲ ဆက်တိုက်ရှောင်တိမ်းလိုက်ပြီးမှ ရန်သူအား ရင်ဆိုင်သည်။

"ဟား... ဟား... ဟား"

ငှက်ဆိုးထိုးသံကဲ့သို့သောရယ်သံဆိုးကြီး ထွက်ပေါ်လာသည်။ ချူကွန် ရင်ထိတ်သွားလေ၏။

"ငါတို့ဘုရားကျောင်းကို ဒုက္ခပေးတဲ့လူသတ်ကောင်လာပြီ နဲ့ တူတယ်"

ရန်သူသည် ချူကွန်ဆီသို့ပြေးဝင်လာပြီး စွန်၏ခြေသည်း လက်သည်းများကဲ့သို့ လက်ကိုဆုပ်ပြီး ချူကွန်၏ငယ်ထိပ်ကိုကုပ်ချ လိုက်၏။

ချူကွန်မှာ ထိုသူ၏တိုက်ခိုက်ပုံလျင်မြန်လွန်းသဖြင့် နောက် သို့လှန်ချပြီး ကိုယ်ကိုလှိမ့်ချလိုက်ရ၏။ တစ်ဆက်တည်း ရန်သူအား တားလိုက်ရ၏။

"ဒကာကြီး မလုပ်နဲ့ ဒကာကြီးနဲ့ ကျုပ် ဘယ်လိုရန်ငြိုးရန်စ မှ မရှိတာပဲ"

ရန်သူသည် တိုက်ခိုက်မှုကိုရပ်ဆိုင်းလိုက်၏။ ချူကွန်သည် ထိုအခါကျမှ သက်ပြင်းချလိုက်မိသည်။



သူ့ရှေ့မှရန်သူကိုကြည့်လိုက်သောအခါ ရန်သူသည် အ သက်ခုနစ်ဆယ်ခန့်ရှိသည်ကို တွေ့ရလေ၏။

ဦးခေါင်း၌လည်း ဆံပင်များ မရှိတော့ချေ။ မျက်နှာမှာ လေးထောင့်စပ်စပ်ရှိပြီး ကိုယ်ကာယမှာ ကြီးမားထွားကြိုင်းလှသည်။

ချူကွန်က....

"ဒကာကြီး ဘာကြောင့် ကျုပ်ကိုတိုက်ခိုက်ရတာလဲ"

အဘိုးအိုက ရယ်မောလိုက်၏။

"ဟား... ဟား... ဟား။ ငါက ကိုရင်လေးကို မတိုက်ခိုက်ရ ဘူးတဲ့လား"

"ဘာကြောင့် ကျုပ်ကိုတိုက်ခိုက်ရတာလဲ... ပြောပါ"

"ဘာကြောင့်တိုက်ခိုက်ရတာလဲ ဟုတ်လား။ ပြည်မက သိုင်း လောက လူထူးလူဆန်းတွေမှန်သမျှ ဝင်းကျန်နယ်ကိုရောက်လာတာ တောင် မင်းက မသိသေးဘူးလား"

ချူကွန် အံ့ဩသွားသည်။ ပြည်မမှ သိုင်းသမားလူထူးလူ ဆန်းတွေအားလုံး စုပြုံရောက်ရှိလာကြသည်ဟု ရန်သူအဘိုးအိုက ပြောလိုက်သည်မဟုတ်ပါလော။

ရန်သူအဘိုးအိုက....

"မင်းလို ကိုရင်လေးတစ်ပါးရှိနေလို့ ပြည်မက လူထူးလူ ဆန်းသိုင်းသမားတွေ စုပြုံလာတော့တာပေါ့ကွ"

ချူကွန် ထပ်မံအံ့ဩရပြန်သည်။ သူရှိနေ၍ ဆိုပါကလား။

အဘိုးအိုက ဆက်၍ပြောလေ၏။

"ဒီလိုပွဲမျိုးမှာ ငါကျန်နေလို့ ဘယ်ဖြစ်ပါ့မလဲ"

ချူကွန်က အဘိုးအို၏စကားကို နားမလည်ပါချေ။ ထို့ကြောင့် အဘိုးအိုကိုသာ ငေးကြည့်နေမိသည်။

ချူကွန်က လက်အုပ်ချီ၍ ပြောလိုက်သည်။

"ဒကာကြီး… ဒကာကြီး ဘာတွေပြောနေတာလဲ၊ ဒကာကြီးပြောနေတာကို ကျုပ်တော့ နားမလည်ဘူး"

အဘိုးအိုက…

"မကြောက်ပါနဲ့ကွာ၊ ငါက မင်းကို အနှောင့်အယှက်ပေးဖို့လာတာ မဟုတ်ပါဘူး။ စောစောက တိုက်ခိုက်ခဲ့တာလဲ မင်းကိုစမ်းသပ်တာပါ။ ကိစ္စတစ်ခုက…"

သူ့စကားမဆုံးမီ ချူကွန်က ဖြတ်၍ပြောလိုက်၏။

"ဒကာကြီး ပြောစရာရှိရင် ပြောပါ၊ ကျုပ်အနေနဲ့ဘုရားခန်းမထဲမှာ ဘုရားဝတ်ပြုစရာရှိသေးတယ်"

အဘိုးအိုသည် ချူကွန်အား ခြေဆုံးခေါင်းဆုံးကြည့်ပြီး…

"ဒီမှာကိုရင်လေး ငါ ဘယ်သူဆိုတာကို မင်းသိရဲ့လား"

ချူကွန်က ခေါင်းယမ်းလိုက်၏။

"မသိပါဘူး ဒကာကြီး။ ကျုပ်က သိုင်းလောကထဲကိုမရောက်ဖူးတော့ သိုင်းလောကသားတွေအကြောင်း ဘယ်သိပါ့မလဲ၊ ခွင့်လွှတ်ပါ"



အဘိုးအိုက မဲ့ပြုံးပြုံးလိုက်ပြီး…

"ငါ့နာမည်က ဝမ်ကျုံးတဲ့၊ သိုင်းလောကသားတွေကတော့ ငါ့ကိုညတာစွေလို့ခေါ်ကြပါတယ်"

ချူကွန်သည် ရင်ထိတ်သွားလေ၏။

"သူ့နာမည်ကလဲ တစ်မျိုးကြီး၊ ကြည့်ရတာ လူကောင်းတော့မဖြစ်နိုင်ဘူး၊ ရုပ်ရည်ကလဲ ကြမ်းတမ်းတယ်၊ ငါသတိထားပြီးဆက်ဆံရမယ်၊ သတိမထားရင် သူ ငါ့ကိုရန်မူချင် ရန်မူနိုင်တယ်"

ဝမ်ကျုံးက ဆက်လက်ပြောဆိုလေ၏။

"မင်းကတော့ ဘာမှသိမှာမဟုတ်ဘူး။ မင်းတို့ရှင်းကုန်းဘုရားကျောင်းထဲမှာ သိုင်းကျမ်းတစ်အုပ်ရှိတယ်ကွ၊ နောက်ပြီးထူးခြားတဲ့ ဘုန်းကြီးတစ်ပါးလဲရှိတယ်လို့ သတင်းထွက်နေတယ်၊ အဲဒီနှစ်ခုထဲက တစ်ခုခုကိုရလိုက်ရင် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက သိုင်းလောကထဲမှာဖြစ်ပျက်ခဲ့တဲ့ပြဿနာကြီးတစ်ခုဟာ ပြေလည်သွားလိမ့်မယ်လို့ ယူဆနေကြပါတယ်"

ချူကွန်မှာ ထိတ်လန့်သွားလေ၏။ ဤသတင်းမျိုးဖြစ်ပေါ်နေသည်ကို သူလုံးဝမသိပါ။ သူ့ဆရာများကလည်း သူ့အား အသိမပေးကြပါ။

ချူကွန် ဖြေလိုက်ရ၏။

"အဲဒါ ကျုပ်နဲ့ဘာဆိုင်သလဲဗျာ"

ဝမ်ကျုံးက မျက်မှောင်ကုပ်၍ပြောလိုက်၏။

"မင်းနဲ့မဆိုင်ပေမယ့် ငါနဲ့ဆိုင်နေတယ်ကွ"

ချူကွန် မျက်မှောင်ကုပ်သွားပြန်လေတော့၏။ သူ စဉ်းစာ
လိုက်သည်။

"ဒါကြောင့် ရောဂါသည်အဘိုးအိုနဲ့ လူမားတို့ စင်းကျန်နယ်
ကိုရောက်လာတာကိုး"

ဝမ်ကျူးက ဆက်လက်၍ပြောလေ၏။

"ငါ ဒီကိုရောက်နေတာ ခုနစ်ရက်ရှိနေပြီကွ၊ ချင်းကုန်းဘု
ရားကျောင်းဝင်းထဲမှာ ဘုန်းကြီးသုံးထောင်လောက်ရှိတယ်လို့ သိ
တယ်၊ ငါ ဘုန်းတော်ကြီးသုံးထောင်ကို တစ်ပါးချင်းကြည့်ပြီးပြီ"

ချူကွန်က....

"ဘာဖြစ်လို့ ဒကာကြီးက ကြည့်ရတာလဲ"

ဝမ်ကျူးက....

"ငါ ခုနပြောတယ်မဟုတ်လား၊ ထူးခြားတဲ့ကျမ်းရယ်၊ ထူး
ခြားတဲ့ဘုန်းတော်ကြီးရယ်ဆိုတာလေ။ ထူးခြားတဲ့ကျမ်းကတော့ မရှိ
နိုင်တော့ဘူး။ တစ်ယောက်ယောက်ယူသွားနိုင်ပြီပေါ့၊ ဒီတော့ ထူး
ဆန်းတဲ့ဘုန်းတော်ကြီးကိုပဲ ရှာရတော့တာပေါ့"

ချူကွန်က မေးလိုက်၏။

"သူ့ကိုရှာပြီး ဘာလုပ်မလို့လဲ"

ဝမ်ကျူးက မဖြေပေ။ သူသည် အခြားမေးခွန်းကိုမေးလေ
၏။

"ငါထူးခြားတဲ့ဘုန်းတော်ကြီးကိုတော့ မတွေ့ဘူး၊ ထူးခြား
တဲ့ကိုရင်ကိုတော့ တွေ့နေရပြီ၊ မင်းရဲ့သိုင်းပညာဟာ တကယ်



ကောင်းတယ်၊ သိုင်းပညာလေ့ကျင့်ခဲ့တာ ဆယ်နှစ်မကတော့ဘူးလို့
ထင်တယ်"

ချူကွန်သည် ရင်ထိတ်သွား၏။ ကျောင်းဝင်းထဲဝင်ရောက်
လာပြီး သူ့အား ထူးထူးခြားခြားတိုက်ခိုက်ကတည်းက ထိုသူ၏သိုင်း
ပညာကိုအထင်မသေးခဲ့ပေ။

ယခု သူ့အား တိကျမှန်ကန်စွာ ခန့်မှန်းလိုက်သောအခါ ပို၍
ထိတ်လန့်သွား၏။

"ဒီအဘိုးကြီးကို အထင်သေးလို့မရဘူး၊ အတော်အကဲခတ်
ကောင်းတာပဲ၊ ဘယ်လိုလူမျိုးပါလိမ့်"

ချူကွန် ဤသို့တွေးတောနေလေ၏။

ထိုစဉ် ဝမ်ကျူးက ဆက်လက်ပြောသည်။

"မင်းဆရာ ဘယ်သူလဲဆိုတာ ငါမမေးတော့ဘူး။ ဒါပေမယ့်
သူဟာ ဆယ်နှစ်ကျော်ကျော် ဒီကိုလာပြီး သိုင်းပညာသင်ပေးနေတာ
တော့ ငါအံ့ဩတယ်၊ ငါ တဖြည်းဖြည်း စဉ်းစားကြည့်ရင်တော့ မင်းဆ
ရာဘယ်သူလဲဆိုတာ ခန့်မှန်းနိုင်လိမ့်မယ် ထင်တယ်၊ ပြည်မကလာ
တဲ့ တစ်ယောက်ယောက်ဖြစ်မယ်ဆိုတာတော့ မြေကြီး လက်ခတ်မ
လွဲပဲ"

ချူကွန်သည် ပါးစပ်ပိတ်ထားလိုက်ရလေ၏။ သို့ရာတွင်
သူသည် သူ့ဆရာအမည်ကိုတော့ မည်သို့မျှထုတ်ဖော်ပြောမည်မ
ဟုတ်ပါ။

ဝမ်ကျုံးက ဆက်လက်ပြောလေ၏။

"ငါပြောနေလဲ မင်းနားလည်မှာမဟုတ်ဘူး။ ဒီတော့ ငါများများ မပြောတော့ဘူး"

"ဟုတ်တယ်၊ ဒကာကြီး ဘာတွေပြောနေသလဲဆိုတာ ကျုပ်စဉ်းစားနေရလို့ ဦးနှောက်တွေ အရည်ပျော်မတတ်ဖြစ်ကုန်ပြီ၊ မပြောပါနဲ့တော့ ကျုပ် ဘာမှနားမလည်ဘူး"

ဝမ်ကျုံးက မေးသည်။

"ငါ များများမမေးဘူး။ တစ်ခွန်းပဲမေးမယ်၊ စကားတစ်ခွန်းတည်းပဲ မေးချင်ပါတယ်"

"မေးပါ... နှစ်ခွန်းမေးလည်း ကျုပ်သိရင် ဖြေမှာပါပဲ၊ မသိရင်တော့ မဖြေနိုင်ဘူးပေါ့"

ဝမ်ကျုံးက....

"မင်းတတ်ထားတဲ့သိုင်းပညာအဆင့်ကဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့လူတွေရဲ့ သိုင်းပညာအဆင့်ကိုမီနေပါပြီ၊ ဒါပေမယ့် မမီသေးပါဘူး"

သူ ဘာမီသည်ကိုပြောသည်ကို ချူကွန် နားမလည်ပေ။

ချူကွန်သည် မျက်မှောင်ကုပ်၍သာ နားထောင်နေရသည်။

"ငါမေးမယ်၊ မင်းကောင်းကောင်း ဖြေပါ"

ချူကွန်သည် စိတ်ပျက်သွား၏။

"ကျုပ် ကောင်းကောင်းဖြေနေတာပဲ"



"ငါက အရေးကြီးလို့ပြောနေတာပါ၊ မင်း ထူးခြားထက်မြက်တဲ့သိုင်းပညာကို ထပ်သင်ချင်သေးသလား"

ချူကွန် အံ့ဩထိတ်လန့်သွားသည်။

ဆရာကြီးလုံကုကလည်း သူ့အား ပညာသင်ပေးသည်။ လူမားကလည်း ပညာသင်ပေး ချင်သည်။ လုံကုကို မနိုင်သဖြင့် သူ လက်လျှော့သွားပုံရသည်။

ရောဂါသည်အဘိုးအိုကလည်း သူ့အား ယောဂသိုင်းပညာကို သင်ပေးသည်။

ယခုလူတစ်ယောက် လာပြန်ပြီ။ သူ့ကိုသိုင်းပညာသင်ပေးချင်သတဲ့။

**ချူကွန်သည်** သိုင်းပညာထပ်မံသင်ကြားရမည်ကို ထိတ်**လန့်လာသည်။ ထို့ကြောင့်** ဦးခေါင်းကိုတွင်တွင် ခါယမ်းလိုက်လေ၏။

"**ဒကာကြီး...** ကျုပ်ဟာ ဗုဒ္ဓဘာသာဝင် ကိုရင်တစ်ယောက်ပါ၊ ဘုရားကျမ်းစာတွေလေ့လာဖို့ကလွဲရင် တခြားကိုဘာမှစိတ်မဝင်စားပါဘူး"

ဝမ်ကျုံး မျက်လုံးပြူးသွားသည်။

"မင်းပါးစပ်ကို ပိတ်ထားစမ်း။ ငါ့ကိုဖီဆန်တဲ့လူတစ်ယောက်မှ မရှိသေးဘူး။ ငါ့စကားကိုဖီဆန်တဲ့လူဟာလဲ ကြာကြာအသက်မရှည်ဘူးဆိုတာ မင်းမသိဘူးလား၊ မင်း သေချင်ပြီနဲ့တူတယ်"

ချူကွန်က လက်အုပ်ချီ၍ ပြောလိုက်၏။

"ကျုပ်တို့ဗုဒ္ဓဘာသာဝင်တွေဟာ သေရမှာကိုမကြောက်ပါ

ဘူး၊ သေခြင်းတရားကိုနားလည်ကြပါတယ် ဒကာကြီး၊ စေးနဲ့မခြိမ်းခြောက်ပါနဲ့"

ဝမ်ကျိုးသည် အလွန်တရာကြောက်စရာကောင်းသော သိုင်းသမား ဖြစ်သည်။ သူ့ဆန္ဒနှင့်မကိုက်ညီလျှင် သတ်ပစ်သည်။

ယခု ချူကွန်အား သူ ခြိမ်းခြောက်ခြင်းမဟုတ်ပါ။ တကယ်ပြောနေခြင်း ဖြစ်ပါသည်။

ချူကွန်က မကြောက်သောအခါ သူသည် ပို၍ ဒေါသထွက်လာသည်။

သူ၏မျက်နှာကြီး နီရဲလာသည်။

"ဒီမှာကိုရင် ငါနောက်ထပ်တစ်ခါပဲ မေးမယ်၊ အဲဒါကို သတိထားပြီးဖြေနော်၊ နောက်ထပ် ငါမမေးတော့ဘူး၊ ငါသင်ပေးမယ့်သိုင်း ပညာကို မင်းလက်ခံမလား လက်မခံဘူးလား ဒါပဲပြော"

ချူကွန်သည် ဤအဘိုးအိုကိုမြင်ကတည်းက သဘောမကျပေ။ သူ့ဆရာလိုကုန့်နှင့်ရောဂါသည်အဘိုးအိုတို့နှင့် လွန်စွာခြားနားလှသည်။

သူ့ဆရာနှင့်ရောဂါသည်အဘိုးအိုတို့သည် ငေါက်ငမ်းပြောတတ်သော်လည်း သူတို့၏စေတနာကို သူတို့၏အပြုအမူများတွင်တွေ့ရသည်။

"ဒကာကြီး... ကျုပ်ဟာ ကိုရင်ပါ၊ လူသတ်တဲ့ပညာကို လုံးဝမသင်ပါဘူး၊ ကျုပ်တို့ဗုဒ္ဓဘာသာက နူးညံ့ပါတယ်"

ဝမ်ကျိုးသည် အားရပါးရ ရယ်မောလေတော့သည်။



"ဟား... ဟား... ဟား"

ချူကွန် ထိတ်လန့်သွားလေ၏။ သို့သော် ဟန်ကိုယ်ဖို့ မာန်သူဖို့ဟူသည့်စကားကိုသတိရပြီး မာန်နှင့်ပြန်ကြည့်နေသည်။

ဝမ်ကျိုးသည် ရယ်မောပြီး ချူကွန်အား ကြည့်လိုက်လေ၏။

"ငါ့အကြောင်းကို သိစေရမယ်ကွ"

သူသည် ညာလက်ဝါးကို ရှေ့သို့တွန်းထုတ်လိုက်၏။ ဘယ်လက်ဝါးက သူ့ရင်ဘတ်ကိုကာကွယ်ထားသည်။ ပြင်းထန်သောလေထုသည် ချူကွန်၏ရင်ဝသို့တိုးဝင်လာလေ၏။

ချူကွန်သည် လက်အုပ်ချီထားသည့်လက်ဝါးနှစ်ဘက်ကို ဖြန့်ထုတ်ကာကွယ်လိုက်ရသည်။ သို့သော် ချူကွန်၏ခန္ဓာကိုယ်သည် ဘုရားကျောင်းပြင်ပသို့ လွင့်စင်ထွက်သွားလေတော့၏။

"ဟင်း... ဒီလိုတော့လဲ ကြောက်တတ်သားပဲ"

ဝမ်ကျိုးသည် ချူကွန်ကြောက်၍ပြီးထွက်ပြေးသွားသည်ဟု ထင်မှတ်ကာ နောက်မှလိုက်သွားတော့သည်။

## အခန်း(၆)

## အသက်ကယ်ပေးရန် တောင်းဝန်ခြင်း

ချူကွန်သည် ဘုရားကျောင်းဝင်းအပြင်သို့ရောက်ရှိသွားလေ၏။ ထိုအခါ ဝမ်ကျူးက နောက်မှလိုက်လာလေသည်။

ချူကွန်သည် သူ့ဆရာကြီးလုံကုနှင့် ပညာသင်သောနေရာသို့ရောက်သောအခါ ရပ်တန့်နိုင်အောင် ကြိုးစားလိုက်သည်။



ထို့နောက် နောက်မှလိုက်လာသောဝမ်ကျူးနှင့် ရင်ဆိုင်လိုက်လေတော့၏။

"ဒကာကြီးက မပြောမဆိုတိုက်ခိုက်တာကိုး၊ ဒီလောက်တိုက်ခိုက်ချင်လဲ တိုက်ခိုက်ပါ။ ကျုပ် ဒကာကြီးရဲ့ပညာကိုလေ့လာပါ့မယ်"

ဝမ်ကျူးသည် ပထမ ဒေါသထွက်သွား၏။ နောက်မှပြန်စဉ်းစားသောအခါ ဤငယ်ရွယ်သောကိုရင်လေးတစ်ပါးက သူ့အား အန်တုဘက်ပြုင်ရဲသည်ကို သူ အံ့ညြချီးကျူးမိသည်။

"မင်းဘယ်ဆိုးလို့တုန်း၊ ကောင်းပြီလေ စိန်လိုက်"

သူသည် လက်ဝါးနှစ်ဖက်ကို စွန်လက်သည်းကုပ်သဏ္ဌာန်ပြုလုပ်လျက် သူ၏ကြီးမားကြံ့ခိုင်သော ကိုယ်ခန္ဓာကြီးဖြင့် ချူကွန်အား ခုန်အုပ်လိုက်၏။

သူ၏လှုပ်ရှားပုံမှာ အလွန်လျင်မြန်လှသည်။ ရိပ်ခနဲသာမြင်လိုက်ရသည်။

ချူကွန်သည် ဝမ်ကျူးကိုပေါ့ပေါ့ဆဆသဘောမထားရဲပါ။ ဝမ်ကျူးခုန်အုပ်လာသည်နှင့် တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သည်။

သူသည် တစ်ဆက်တည်းပင် ဘယ်လက်ကိုထုတ်၍ ဝမ်ကျူး၏ပခုံး ပေါ်ဖိချလိုက်လေ၏။

ချူကွန်၏အတွင်းအားမှာ ယောဂသိုင်းကျင့်စဉ်ပြီးမှ အလွန်ခိုင်မာသွားခဲ့၏။ လေထုသည်ေ အာက်သို့ဖိချလာ၏။

ချူကွန်၏ အတွင်းအားပြင်းထန်မှုကို သိရှိလိုက်သော ဝမ်

ကျုံးမှာ ထိတ်လန့်သွားတော့သည်။

သူသည် ချူကွန်အား အထင်မသေးဝံ့တော့ချေ။ သတိထားပြီး တိုက်ခိုက်ရသည်။

ဤသို့ဖြင့် သူတို့သည် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ကြတော့သည်။

သူတို့သည် ကိုယ့်ဇောနှင့်ကိုယ် တိုက်ခိုက်နေကြသဖြင့် သစ်ပင်ကြီးတစ်ပင်ပေါ်မှ လူရိပ်တစ်ရိပ်ကို မမြင်မိကြပေ။

သစ်ပင်ပေါ်မှ လူရိပ်သည် သူတို့နှစ်ဦး၏ဘတစ်ပြန် ကျားတစ်ပြန်တိုက်ခိုက်မှုကို ပြုံး၍ကြည့်နေလေ၏။

တစ်ခဏအတွင်း သူတို့သည် သိုင်းကွက်နှစ်ဆယ်မျှ တိုက်ခိုက်ခဲ့ကြပြီးလေပြီ။

ချူကွန်သည် သိုင်းလောကအတွေ့အကြုံမရှိသဖြင့် ဤသို့ဘတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက်နေရခြင်းဖြစ်သည်။ သိုင်းကွက်နှစ်ဆယ်အတွင်း မည်သူကမျှ အသာစီးမရကြပါ။

ဝမ်ကျုံးသည် တိုက်ခိုက်စိတ်ဆန္ဒပိုဇောလာသဖြင့် သူသည် အစွမ်းကုန်ဖိ၍ တိုက်ခိုက်သည်။ ချူကွန်ကလည်း အလျှော့မပေးချေ။

သူသည် ဆရာကြီးလုံကုနှင့်ရောဂါသည်အဘိုးအိုထံမှ သိုင်းပညာသင်ပြီးကတည်းက တစ်ခါမျှ တိုက်ပွဲဝင်လေ့ကျင့်မှုမျိုးကို မပြုလုပ်ခဲ့ဖူး ချေ။

ထို့ကြောင့် ဝမ်ကျုံးအား သတိထား၍ တိုက်ခိုက်နေသည်။



သူသည် တိုက်ပွဲဝင်လေ့ကျင့်နေသည့်အလား တိုက်ခိုက်နေတော့သည်။

ထိုစဉ်....

"ဟား... ဟား... ဟား"

အလွန်နားဝင်ဆိုးလှသော ငှက်ဆိုးထိုးသံကဲ့သို့သောရယ်သံကြီးသည် တိုက်ပွဲတိုက်နေသည့် ပတ်ဝန်းကျင်၌ပေါ်လာလေတော့၏။

ဝမ်ကျုံးနှင့်ချူကွန်သည် ထိတ်လန့်သွားကြသဖြင့် ကိုယ်စီနောက်ဆုတ်ပြီး ရယ်သံကြားရာသို့ လှည့်ကြည့်မိကြလေ၏။

လရောင်အောက်တွင် အလွန်သေးငယ်သော သစ်ကိုင်းတစ်ကိုင်းပေါ်၌ထိုင်နေသော အဘွားအိုတစ်ယောက်ကိုတွေ့ရှိလိုက်ကြရသည်။

သူမသည် အနက်ရောင်အင်္ကျီကိုဝတ်ဆင်ထားပြီး ငှက်ဆိုးထိုးသလိုရယ်သံမျိုးဖြင့် ရယ်မောနေလေ၏။ ထိုအဘွားအိုမှာ လူမားဖြစ်လေတော့သည်။

ဝမ်ကျုံးသည် လွန်စွာထိတ်လန့်သွားလေ၏။

သူက လေသံတိုးတိုးဖြင့်....

"သူက မင်းရဲ့...."

သူ့စကားမဆုံးမီပင် လူမား၏ရယ်သံ ရပ်ဆိုင်းသွားသည်။ လူမားက တစ်ဖက်တည်းရှိသော မျက်လုံးဖြင့်ဝမ်ကျုံးအား ကြည့်

လိုက်သည်။ သူ၏မျက်လုံးသည် ညအခါ၌ ဝင်းဝင်းတောက်နေတော့သည်။

"ညတစ္ဆေ...."

သူ၏အသံသည် ကြောက်မက်ဖွယ်ရာ လှိုက်၍ထွက်လာလေ၏။

ဝမ်ကျုံးက....

"လူမား... လူမားပါလား။ သူက မင်းရဲ့...."

ထိုစဉ် လူမားက ဖြတ်ပြောလိုက်သည်။

"ညတစ္ဆေ... မင်းက သူ့ကိုနိုင်မယ်မျှားမှတ်နေသလား"

လူမားက ဆက်ပြောလိုက်၏။

"ငါ့ကို သူ့ဆရာလားလို့ မေးနေတယ်ပေါ့ ဟုတ်လား။ ဟား... ဟား... ဟား။ သူက ငါ့တပည့်မဟုတ်ဘူး။ သူ့ဆရာက ငါ့ထက်တောင် ကြောက်ဖို့ကောင်းသေးတယ်၊ သိလား"

လူမားက အေးစက်စက် ဆက်ပြောလိုက်၏။

"သူ့ဆရာသိသွားရင် မင်းမလွယ်ဘူး"

အသွားအိုလူမား၏ ပြောပုံဆိုပုံအရ လူမားသည် ဝမ်ကျုံးအား ငယ်နိုင်ဖြစ်ပုံရလေ၏။ ထို့အတွက် ချူကွန်သက်ပြင်းချလေ၏။

ဝမ်ကျုံးကလည်း လူမားက သူ့တပည့်မဟုတ်ဆိုသည့်အတွက် စိတ်သက်သာရာရသွားလေ၏။

လူမားက ဆက်ပြောလိုက်၏။



"မင်း ဘာတွေလုပ်ချင်တယ်ဆိုတာ ငါအကုန်သိတယ်၊ မင်းရဲ့သိုင်းပညာအဆင့်က နိမ့်ပါသေးတယ်၊ ငါတို့ကိုမီအောင်လုပ်ပါဦး။ မင်း စိတ်ကူးယဉ်မနေပါနဲ့ ဒါဟာ ငါသတိပေးတာပဲ"

ဝမ်ကျုံးက ကျိုးရှိသောလေသံဖြင့် ပြောလေ၏။

"ဟုတ်ကဲ့ပါ လူမား"

လူမားက....

"မင်း အသက်ခုနစ်ဆယ်လဲ ကပ်နေပြီ၊ သိုင်းပညာအဆင့်မမီတော့ ခက်တာပေါ့၊ ဘာမှလုပ်လို့ မရဘူး"

ဝမ်ကျုံးက ခေါင်းညိတ်၏။

"ဟုတ်ကဲ့"

လူမားက ဆက်ပြော၏။

"မင်းကို ငါ စကားရှည်ရှည်မပြောချင်ဘူး။ မင်း တိဘက်ကို အမြန်ဆုံး ပြန်သွားပါ၊ မင်းကို ဘယ်သူမှလိုက်ရှာနိုင်မှာ မဟုတ်ဘူး။ ကဲ... မင်းသွားတော့"

ဝမ်ကျုံးက ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ဟုတ်ကဲ့ပါ လူမား"

ဝမ်ကျုံးသည် ကိုယ်ကိုယ်ယို၍နောက်သို့ ဆုတ်သွားလေ၏။

ထိုအခါ မောက်မာလှသော ဝမ်ကျုံး၏ ကိုယ့်ကိုယ်ကိုနှိမ့်ချသောအဖြစ်ကိုကြည့်ကာ ချူကွန်သည် ရယ်မောမိလေ၏

လူမားက ချူကွန်ကိုကြည့်ပြီး....

"မင်းကကော ဘာရယ်နေတာလဲ၊ မင်းလဲ ကောင်းတာ မ

ဟုတ်ဘူး"

ချူကွန် ပါးစပ်ပိတ်သွားလေတော့၏။

လူမားသည် ဝမ်ကျုံးခေါ် ညတစ္ဆေအား ကြည့်လိုက်၏။ သူထွက်သွားပြီဟုထင်၍ ကြည့်လိုက်ခြင်းဖြစ်သည်။

တကယ်တမ်းတွင် ညတစ္ဆေသည် ချူကွန်နှင့်လူမားတို့၏ အရိပ်အခြေကို စောင့်ကြည့်နေပေသည်။ သူသည် ထွက်ခွာမသွားသေးပေ။

"မင်း ဘာရယ်နေတာလဲ၊ မင်းကို ငါပြောတယ်မဟုတ်လား၊ သွားလို့ အခုတော့ မင်းက သေပန်းပွင့်ချင်ပြီကိုး"

ဝမ်ကျုံးသည် ချာခနဲ လှည့်ပြေးတော့၏။

သို့သော် လူမားက မကျေမနပ်ဖြစ်သွားသည်။ သူသည် စင်းကျန်ဒေသဘာသာစကားဖြင့် ကျိန်ဆဲလိုက်ရင်း တစ်စုံတစ်ခုနှင့် ပစ်လိုက်သည်။ အလင်းတန်းကလေး ထွက်သွား၏။

အလွန်လျင်မြန်လှသဖြင့် ဝမ်ကျုံး မရှောင်နိုင်ပေ။

"အား"

ဝမ်ကျုံး၏စူးရှသောအော်သံ ထွက်ပေါ်လာလေတော့၏။ ချူကွန်မှာ အံ့ဩစွာ ကြည့်နေမိတော့သည်။

လူမားက သစ်ပင်ပေါ်မှခုန်ချရင်း....

"ဝမ်ကျုံး... မင်း ငါ့စကားကို နားမထောင်ဘူး၊ ငါက သွားဆိုရင် သွားမှကြိုက်တယ်၊ အခုတော့ မင်း သေပန်းပွင့်ပြီပေါ့၊ ငါ့အဆိပ်ကို အမြန်ဆုံးကုရင်ကု၊ မကုရင် (၇)ရက်အတွင်း သေလိမ့်မယ်"



ဝမ်ကျုံးသည် လွန်စွာ ထိတ်လန့်တုန်လှုပ်နေ၏။

"လူမား... ကျွန်တော်က လူမားနဲ့ ဟိုကိုရင်လေး ဆက်ဆံပုံကိုကြည့်နေမိတာပါ၊ လူမားရဲ့စကားကို နားမထောင်တာမဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်တော့်ကိုခွင့်လွှတ်ပါ"

လူမားက ခါးသီးစွာ ပြောသည်။

"လူမားဆိုတဲ့ငါဟာ သူများအသက်ကိုသာ သတ်တတ်တယ်၊ သူများအသက်ကို ကယ်တယ်ဆိုတာမရှိခဲ့ဖူးဘူး"

ဝမ်ကျုံး တစ်ကိုယ်လုံးတုန်ခါနေသည်။ သူသည် အမျိုးမျိုး တောင်းပန်သော်လည်း လူမားကိုတောင်းပန်၍ မရချေ။

ချူကွန်သည် ဝမ်ကျုံး၏ခဲခယယတောင်းပန်နေပုံအား မကြည့်ရက်တော့သဖြင့် လက်အုပ်ချီ၍ လူမားကိုပြောလိုက်ပါသည်။

"လူမား မေမေကြီး... သူ့ကို ဒီလောက်ဆုံးမရရင် ကျေနပ်ဖို့ ကောင်းပါပြီ၊ သူလဲ အတော်နောင်တတရား ရလောက်ပါပြီ၊ အသက်ကိုတော့ ချမ်းသာပေးလိုက်ပါ"

လူမားသည် တစ်ဖက်တည်းသောမျက်လုံးဖြင့် ချူကွန်အား စိုက်ကြည့်လိုက်၏။

ချူကွန်သည်တည်ကြည်စွာဖြင့် လက်အုပ်ချီမြဲ ရှိလျက်ပြောလိုက်ပြန်သည်။

"လူမားမေမေကြီး သူ့ကိုကယ်လိုက်ပါဦး"

လူမား စိတ်ရှုပ်သွားသည်။

"မင်းတို့ ကိုရင်လေးတွေဟာ စိတ်အပြောင်းအလဲမြန်တာပဲ၊ ရှုပ်ကိုရှုပ်တယ်"

သူမသည် ပြောပြောဆိုဆို အိတ်ထဲမှကြွေဘူးကလေးတစ်ဘူးကို ထုတ်လိုက်၏။

ထိုကြွေဘူးကလေးထဲမှ ဆေးလုံးတစ်လုံးကိုထုတ်ပြီး ဝမ်ကျိုးအား ပစ်ပေးလိုက်သည်။ ဝမ်ကျိုးသည် ထိုဆေးလုံးလေးအား အမိဖမ်းလိုက်ရသည်။

"ဒီဖြေဆေးကိုသောက်ပြီး(၇)ရက်တိတိ အနားယူလိုက်၊ အဆိပ်ပြေတာနဲ့ ဒီနယ်က အမြန်ဆုံးထွက်သွား၊ မင်းအလုပ် ဘာမှမရှိဘူး။ မင်းကို ဒီနေရာမှာ နောက်တစ်ခါတွေ့ရင်သေပြီသာ မှတ်ပေတော့"

ဝမ်ကျိုးသည် လက်အုပ်ချီထားသော ချူကွန်အား ဂါရဝပြုလိုက်ပြီး လှည့်၍ထွက်ပြေးလေတော့၏။

ဝမ်ကျိုးထွက်သွားသောအခါမှ လူမားသည် ချူကွန်အား ကြည့်လိုက်သည်။

သူမ၏ တစ်ဘက်တည်းသာရှိသောမျက်လုံးမှာ အရောင်တလက်လက် တောက်ပနေ၏။

"ဒီမှာကိုရင် မင်းကို ငါသတိပေးထားဦးမယ်၊ နောင်ဆိုရင် ငါ့ကိစ္စမှာ မင်းဘာမှဝင်မပါပါနဲ့၊ မင်း ဝင်ရှုပ်လို့ ငါ့စိတ်တွေ ဇဝေဇဝါဖြစ်သွားတယ်၊ မင်းဝင်မရှုပ်ရင် ဘာမှမဖြစ်ဘူး"



ချူကွန်က ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ မေမေကြီး"

ထိုကိစ္စပြီးစီးသွားသောအခါ လူမားသည် စိတ်လျော့လိုက်ဟန်တူသည်။ အခြေအနေ ပျော့ပျောင်းသွားလေ၏။

လူမားက....

"နေစမ်းပါဦး... ငါ ထွက်မသွားခင်က မင်းဟာ ဒီလောက်မဟုတ်သေးပါဘူး။ အခု မင်းကိုကြည့်ရတာ သိုင်းပညာတော်တော်တိုးတက်နေတယ်၊ မင်းဆရာ ပြန်လာပြီး သိုင်းပညာအသစ်တွေ ထပ်သင်ပေးထားတာလား"

ချူကွန်သည် ရောဂါသည်အဘိုးအိုအကြောင်းကိုမပြောဘဲ ဖုံးကွယ်ထားလိုက်၏။

လူမားမှာ ထူးဆန်းသောစိတ်ရှိသူဖြစ်၍ ရောဂါသည်အဘိုးအိုကြောင်းကြားသိလျှင် တစ်မျိုးတမည်ဖြစ်သွားနိုင်သည်မဟုတ်ပါလား။

"မဟုတ်ပါဘူး၊ ကျွန်တော့်ဘာသာ သူသင်ပေးထားတဲ့အတွင်းအားပညာတွေကို ဆက်ပြီး လေ့ကျင့်လို့တိုးတက်လာတာပါ"

အမှန်မှာ ယောဂကျင့်စဉ်ကြောင့် ချူကွန်၏အတွင်းအားပညာများ တိုးတက်လာခြင်းဖြစ်သည်။

လူမားကသာ မျက်မှောင်ကုပ်၍ ပြောနေ၏။

"အင်း...လုံကုသင်ပေးထားတဲ့ပညာက တော်တော့်ကို ထက်မြက်တာပဲ

သူမက ချူကွန်အား ဆက်ပြောသည်။

"ဒါနဲ့ မင်း လူဝတ်လဲမယ်ဆို၊ ဘယ်တော့ လဲမှာလဲ"

ချူကွန်က....

"အခု နှစ်လ သုံးလ ကုန်သွားပြီဆိုတော့ သိပ်မကြာဘူးပေါ့"

လူမားက ခေါင်းညိတ်လိုက်၏။

"အင်း... သိပ်မလိုတော့ဘူးပေါ့"

ချူကွန်သည် လူမားနှင့်အတူ စုစုအင်းမပါလာသည်ကို သတိပြုမိသွားသည်။

"လူမားမေမေကြီး... စုစုအင်းလဲ မပါလာပါကလား"

လူမားက နှာခေါင်းရှုံ့လိုက်၏။

"ဒီကောင်မလေးလောက်ဆိုးတဲ့လူကို တစ်ယောက်မှမမြင်ဖူးသေးဘူး။ ငါ့ဆီက သုံးကြိမ်တိတိ ထွက်ပြေးတယ်ကွ၊ အခုတော့ ငါ ဖမ်းချုပ်ထားလိုက်တယ်"

ချူကွန် လန့်သွားသည်။ စုစုအင်းကိုဖမ်းချုပ်ထားသည်ဆိုသဖြင့် သူ မျက်နှာပျက်သွားသည်။

"ဗျာ... သူ့ကိုချုပ်ထားတယ်ဟုတ်လား"

လူမားသည် ချူကွန်အား နှာခေါင်းရှုံ့၍ကြည့်လိုက်၏။ မင်းက ဝင်ရှုပ်ဦးမလို့လားဟူသော အကြည့်ဖြစ်သည်။

"ဘာလဲ၊ ငါ သူ့ကိုချုပ်ကိုင်ထားတယ်ဆိုလို့ မင်းက မတရားဘူး ထင်လို့လား၊ ငါက သူ့ကိုသိုင်းပညာတချို့သင်ပေးနေတာကွ"



ချူကွန်သည် စုစုအင်း အချုပ်ခံနေရသည်ကိုသိသဖြင့် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရတော့သည်။

လူမားက သူ့ကိုစိုက်ကြည့်လိုက်သည်။

"မင်း ဘာငေးနေတာလဲ"

ချူကွန်သည် လူမား၏စကားကိုမကြားပါ။ ငေးမောတွေဝေနေပါသည်။

"အင်း... ကိုရင့်ကိုကြည့်ရတာ သံယောဇဉ်ငြိတွယ်နေပြီထင်တယ်"

ချူကွန်သည် ထိုစကားကိုတော့ ကြားလိုက်၏။ ထိုအခါ ရုတ်ခြည်းပင်....

"ကျွန်တော့်မှာ ဘာသံယောဇဉ်မှမရှိပါဘူး"

လူမားက ပြုံးလိုက်၏။

"ကောင်းတယ်... ကောင်းတယ်၊ မင်းက ဒီလိုသဘောထားနိုင်ရင် အကောင်းဆုံးပဲ"

လူမားက ဆက်ပြောလိုက်၏။

"အိမ်ထောင်ပြုတာကို ငါ ဘယ်တော့မှ မထောက်ခံဘူးကွ"

ချူကွန် လန့်သွားသည်။ သူက လူမားကိုပြန်မေးမိလိုက်၏။

"ဘာဖြစ်လို့လဲ"

လူမားက....

"လက်ထပ်တယ်ဆိုတာဟာ လူ့ရဲ့စိတ်ကိုထောင်ချလိုက်တာပဲကွ၊ လူဟာ လွတ်လွတ်လပ်လပ်နေရမှ ကောင်းတယ်၊ သွားချင်ရာ သွားမယ်၊ စားချင်ရာစားမယ်၊ ပြောချင်ရာပြောမယ်၊ တစ်ကိုယ်တည်းနေရတာဟာ အလွတ်လပ်ဆုံးပဲ"

ချူကွန်မှာ နားထောင်နေရ၏။

"ငါပြောတာတွေကို မင်းနားလည်မှာ မဟုတ်ဘူး"

သူက ချူကွန်ကို လက်ယပ်ခေါ်လိုက်၏။

"ဒီကိုလာခဲ့စမ်း"

ချူကွန်သည် သူ့ဆီသို့လျှောက်သွားသည်။ ချူကွန်သည် လူမားကိုသိပ်အယုံအကြည် မရှိပေ။ သို့သော် ခေါ်သည့်အတိုင်း လျှောက်တော့သွားလိုက်သည်။

"မင်းကို မေးစမ်းပါရစေဦး၊ မင်း လူ့ဘောင်ဝင်တော့မယ် ဆိုပါတော့၊ လူဝတ်လဲတော့မယ် ဆိုပါတော့၊ ဘာတွေများလုပ်ဖို့ စိတ်ကူးထားသလဲ"

ချူကွန်က....

"ကျွန်တော် ဘုရားစာဖတ်မယ်၊ တရားထိုင်မယ်"

လူမားသည် ပါးစပ်ဟောင်းလောင်းဖြစ်သွားလေ၏။

"လူ့လောကီမှာ ဒါတွေချည်းလုပ်လို့ရမလား၊ သိုင်းပညာကော မလေ့ကျင့်တော့ဘူးလား"

"တစ်ခါတစ်လေတော့ လေ့ကျင့်မှာပေါ့"



လူမားသည် ချူကွန်၏ပုံစံကိုကြည့်သည်။ မှန်သည်။ ချူကွန်သည် သိုင်းပညာကိုစိတ်ဝင်စားပုံ မရချေ။

လူမားက တအံ့တဩ ပြောသည်။

"မင်းက သိုင်းပညာကိုစိတ်မဝင်ဘူးလို့ပြောတယ်၊ မင်းပုံစံက သိုင်းပညာကိုစိတ်မဝင်စားတဲ့ပုံမို့ ငါတော့ယုံတယ်၊ ဒီကြားထဲမှာ မင်းဆရာလုံကုက မင်းကိုဘာကြောင့်သိုင်းပညာ သင်ပေးနေရတာလဲ၊ ငါကတော့ အံ့ဩတယ်၊ မင်းခန္ဓာကိုယ် အဆက်အပေါက်ကသိုင်းပညာသင်ကြားလို့တော့ ကောင်းပါတယ်၊ ဒါပေမယ့် သိုင်းပညာကို လုံးဝစိတ်မဝင်စားမှတော့ ဘယ်လိုသိုင်းပညာကို သင်ပေးလို့ကောင်းတော့မှာလဲ၊ ငါ့လိုကတော့ သိုင်းပညာစိတ်မဝင်စားရင် ပညာမသင်ပေးဘူးကွ"

ချူကွန်သည် သိုင်းပညာကိုစိတ်မဝင်စားပါ။ သင်စရာရှိလျှင်တော့ သင်ပါသည်။ ဉာဏ်ကောင်းသူဖြစ်၍ တတ်လည်းတတ်ပါသည်။

ထိုအချက်ကို လူမားမသိပါ။

ချူကွန်သည် သိုင်းပညာကိုစိတ်လည်းမဝင်စား၊ သင်လည်း မသင်ချင်ဟုထင်နေသည်။

ဤလိုလူမျိုးသည် ခန္ဓာကိုယ်အရိုးအစား အဆက်အပေါက် မည်မျှကောင်းကောင်း ကျွဲပါးစောင်းတီးသလိုသာရှိမည်ဟု ယူဆသည်။

ချူကွန်က....

"ကျွန်တော်ကတော့ သိုင်းပညာကိုစိတ်မပါဘူးလို့
မဟုတ်ပါဘူး၊ ဒါပေမယ့် သိုင်းပညာသင်ရတာ ပျော်ပျော်ပါးပါး
မဟုတ်ပါဘူး"

"ငါသိတယ်၊ မင်းဟာ သိုင်းပညာသင်ရတာ ပျော်ပုံမရ
ဆိုတာ"

"နောက်ပြီး ကျွန်တော့်စိတ်ထဲမှာ ထင်နေတာ တစ်ခုရှိ
တယ်"

လူမားက ပို၍အံ့ဩသွားသည်။

"ဘာထင်နေတာလဲ"

"ကျွန်တော့်စိတ်ထဲမှာ သိုင်းပညာကိုသိပ်ပြီး ပြင်းပြင်း
ထန် မလေ့ကျင့်သင့်ဘူးလို့ထင်နေတာပါ"

"ဘုရားရေ... မင်းက သိုင်းလောကတောင် ခြေမချရသေး
ဘူး၊ ဘာကြောင့် မင်းက ဒီလိုထင်နေရတာလဲ"

ချူကွန်သည် စကားမပြောတော့ပေ။ ပါးစပ်ပိတ်ထားလိုက်
တော့၏။ လူမားက ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

သူသည် သည်လိုတပည့်မျိုးမရှိခြင်းမှာ ကောင်းလေစွဟု
တွေးတောနေသည်။

သို့သော် တစ်ဘက်က ပြန်စဉ်းစားရသည်မှာ စိတ်မဝင်စား
သောချူကွန်သည် သိုင်းပညာကောင်းနေပြန်၏။

ဤအချက်မှာလည်း အံ့ဩဖွယ်ရာပင် လူမားသည် ခေါင်း
ရှုပ်သွား၏။



"အခု မင်းပြန်တော့၊ ဘုရားကျောင်းကိုပြန်နော်၊ မနက်ဖြန်
ကျမှ ထပ်လာခဲ့၊ အဲဒီအခါကျမှ မင်းကိုပုံပြင်တစ်ခုပြောပြမယ်"

လူမားက သူ့ကိုနှင်ထုတ်လိုက်သဖြင့် ချူကွန်သည် လက်
ချုပ်ချီပြီး ဂါရဝပြုလိုက်သည်။

လူမားက ခေါင်းညိတ်၏။

ချူကွန်သည် လှည့်ထွက်သွားလေတော့၏။ သူသည် လူ
မားက သူ့အပေါ်အံ့ဩနေပုံကိုပြန်လည် မြင်ယောင်လာမိ၏။

"ဟုတ်တယ်... ငါ သိုင်းလောကကိုခြေမချသေးဘဲ ဘာမှ
စိတ်မပျက်သင့်ဘူး"

သူသည် ဘုရားကျောင်းသို့အပြန်လမ်းခရီးတစ်လျှောက်
ဝယ် ထိုအကြောင်းအရာကိုသာ စဉ်းစားတွေးတောနေလေ၏။

"ဟုတ်ပါတယ်လေ... သိုင်းပညာကိုသင်ကြားမိတဲ့အတွက်
ငါ့ရဲ့ဘုန်းကြီးဘဝကို အေးအေးချမ်းချမ်းမလုပ်နိုင်တော့ဘဲ ဖြစ်ရ
မယ်၊ ကြော်... သိုင်းပညာ... သိုင်းပညာ၊ အတော့်ဒုက္ခပေးတဲ့ သိုင်း
ပညာပါလား"

ချူကွန်သည် ညည်းညူမိလေတော့၏။

## အခန်း(၇)

### ပုံပြင်တော့တ်သောပုံပြင်

ကောင်းကင်တစ်ခုလုံးတိမ်တိုက်များ ကင်းရှင်းနေသဖြင့် လမင်းကြီးလည်း ထိန်ထိန်သာနေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်အေးချမ်းနေသည်။

ချူကွန်သည် ချင်းကုန်းဘုရားကျောင်းအပြင်သို့ ပြန်လည်ရောက်ရှိလာလေ၏။ သူသည် ဘုရားကျောင်းနံရံကိုခုန်တက်လိုက်သည်။

သူသည် အတွင်းသို့ကြည့်လိုက်၏။ ထိုအခါ သူအံ့သြသွားသည်။

အဘယ့်ကြောင့်ဆိုသော် သေးသေးသွယ်သွယ်လူရိပ်တစ်ခု



သည် ဘုရားခန်းမအနီး လှုပ်ရှားနေသောကြောင့်ပေတည်း။

ချူကွန် ခုန်ချပြီး ဘုရားခန်းမအနီးသို့ရောက်သောအခါ ထို

လူရိပ်မှာ ပျောက်ကွယ်သွားသည်။

ချူကွန်သည် နေရာအနှံ့အပြား ရှာလေသော်လည်း မ

တွေ့တော့ပါ။

သူသည် သက်ပြင်းချပြီး အိပ်ဆောင်သို့ပြန်လာလေတော့

၏။ ထို့နောက် အိပ်ဆောင်ထဲဝင်အိပ်လိုက်တော့သည်။ ချူကွန်သည်

နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားလေ၏။

ဤသို့ဖြင့် နောက်တစ်နေ့သို့ရောက်ရှိလာသည်။ ကိုရင်ချူ

ကွန်သည် သူလုပ်ဆောင်ရမည့်နိစ္စပတ်ဝတ်များကို ထမ်းဆောင်ရွက်

သည်။

တာဝန်ကျဘုန်းတော်ကြီးသည် ချူကွန်၏တာဝန်ကျေပုံကို

ကြည့်၍ ခေါင်းတညိတ်ညိတ်ဖြစ်နေလေ၏။

ညဘက်တွင် ချူကွန် ပျောက်ပျောက်သွားတတ်သည်ကို

သူသိသော်လည်း လူထွက်တော့မည့် ကိုရင်ဖြစ်နေ၍ တင်းတင်းကျပ်

ကျပ် မကွပ်ညှပ်တော့ပေ။

ဤသို့ဖြင့် ညအချိန်သို့ရောက်ရှိလာလေ၏။

လရောင်သည် ထိန်ထိန်သာနေသည်။

ချူကွန်သည် ဘုရားစာကိုထိုင်၍ ရွတ်ဆိုနေသည်။ ထိုစဉ်

လူမားနှင့်ရှိန်းဆိုထားသည်ကိုသတိရသဖြင့် ဘုရားစာရွတ်ဖတ်ခြင်း

ကိုဖြတ်၍ မတ်တတ်ထရပ်လိုက်ရ၏။

သူသည် ကိုရင်လေးများကိုကြည့်လိုက်သည်။ အိပ်ပျော်နေကြပြီ။ သူ အပြင်သို့ထွက်လိုက်၏။

ကိုရင်များသည် သူအပြင်သို့ ညညထွက်တတ်သည်ကို သိပြီးနေကြလေပြီ။ **ချူကွန်ကသာ** မသိဟုထင်နေခြင်းဖြစ်သည်။

သို့သော် **ချူကွန်၏လူထွက်တော့**မည့်အဖြစ်ကို သိနေကြသဖြင့် သူတို့ ဘာမျှမပြောကြခြင်းဖြစ်သည်။

ချူကွန်သည် ညတုန်းက လူမားချိန်းဆိုထားသည့်နေရာသို့ ရောက်ရှိလာလေတော့၏။

လူမားသည် ကျောက်တုံးကြီးတစ်တုံးအကွယ်မှ ထွက်လာလေ၏။

အဘွားကြီးသည် နွေခင်းဘက်အိပ်ပြီး ညဘက်၌လျှောက်သွားနေခြင်း ဖြစ်ပုံရသည်။

မည်သည့်အခါ ကြည့်ကြည့် အဘွားကြီးသည် လန်းဆန်းနေသည်သာဖြစ်သည်။

**သူက ကျောက်**တုံးတစ်တုံးတွင် ဝင်ထိုင်ပြီး ချူကွန်အား အတန်ငယ်**နိမ့်သော ကျောက်**တုံးတစ်တုံးတွင် ဝင်ထိုင်ရန် ညွှန်ပြလိုက်လေသည်။

"အဲဒီမှာ ထိုင်"

ချူကွန်က ထိုင်ချလိုက်လေ၏။

"ညတုန်းက မင်းကို ငါပြောခဲ့တယ်ဆိုတာ သတိရသေးရဲ့လား။ မင်းဉာဏ်ကတော့ ကောင်းပုံရပါတယ်"



"ဟုတ်ကဲ့... မှတ်မိပါတယ် မေမေကြီး"

"ဒါဖြင့် ပြောစမ်း"

"မေမေကြီးက ပုံပြင်တစ်ခုပြောပြမယ်လို့ ပြောထားပါတယ်"

ဤစကားကို ချူကွန်မည်သို့မျှ မမေ့ပါ။ တစ်ခါတစ်ရံလူ**မားသည်** သာမန်ပြောရိုးပြောစဉ်စကားကိုပင် အထူးအဆန်းလုပ်တတ်ပါ သည်။

လူမားသည် ပြုံးယောင်သမ်းလာလေ၏။ သို့သော် အပြုံးသည် ချက်ချင်းပင် ပျောက်ကွယ်သွားတော့သည်။ သူမသည် ထုံးစံအတိုင်း အေးစက်စက်လေသံဖြင့်....

"ဟုတ်တယ်... ငါ ပုံပြင်တစ်ခုပြောပြမယ်၊ ဒီပုံပြင်ဟာ စိတ်ဝင်စရာကောင်းချင်မှ ကောင်းပါမယ်၊ ဒါပေမယ့် ငါကတော့ ပြောပြရမှာပဲ၊ မင်းအနေနဲ့ ဒီပုံပြင်ကို အေးအေးဆေးဆေးနားထောင်နေပါ၊ ကြားက ဘာမှကြားဖြတ်မမေးနဲ့ ကြားလား"

ချူကွန်က ဝန်ခံလိုက်၏။

"ဟုတ်ကဲ့.. ကျွန်တော်မမေးပါဘူး"

လူမားက သက်ပြင်းချလိုက်၏။

"ပုံပြင်ကို ငါပြောမယ်၊ ဒါပေမယ့် ပုံပြင်**ဆိုပေမယ့်** တကယ်တော့ ဒါဟာလက်တွေ့ဖြစ်ရပ်တစ်ခုလို့ မင်းယုံကြည်ရမယ်"

ချူကွန်မှာ အူကြောင်ကြောင်ဖြစ်သွားသည်။

လူမားက....

"မင်း မယုံရင် ဒီပုံပြင်ကို ငါက ပြောမှာမဟုတ်ဘူး"

အခုပဲ ပုံပြင်ဟု ပြောသည်။ အခုပဲ လက်တွေ့ဖြစ်ရပ်ဟု ယုံကြည်ရမည်ဟု ပြောသည်။ ချူကွန် ဘာကိုနားလည်ရမှန်း မသိတော့ပေ။

ချူကွန်က....

"ဘာကို လက်တွေ့ဖြစ်ရပ်လို့ ယုံရမှာလဲ"

"သိုင်းပညာအဆင့်အမြင့်ဆုံးပုဂ္ဂိုလ်ဟာ တိဘက်မှာမရှိနိုင်ဘူး၊ နယ်ခြားဒေသမှာ မရှိနိုင်ဘူး။ ပြည်မမှာပဲရှိတယ်၊ အဲဒါကို မင်း ယုံသလား"

ချူကွန်သည် သိုင်းလောကတွင် ကျင်လည်ဖူးသူမဟုတ်ချေ။ ယခု လူမားပြောနေသည့်အကြောင်းများကိုလည်း သူ နားမလည်ချေ။

သူ့ဆရာလုံကုပြောပြသည့် သိုင်းပညာရှင်များအကြောင်း၊ သိုင်းပညာများအကြောင်းမှာလည်း သိုင်းလောက၏ဆယ်ပုံတစ်ပုံမျှ မရှိချေ။

ချူကွန်သည် မည်ကဲ့သို့ဖြေရမည်ကို စဉ်းစား၍မရပေ။ သူသည် စဉ်းစားနေလေ၏။

"ပြောစမ်း... မင်း ယုံသလား မယုံဘူးလား"

ပြီးစလွယ်ဖြေ၍မရသည်ကို ချူကွန်သိသည်။ ထို့ကြောင့်





အမှန်အတိုင်း ပြောပြလိုက်၏။

"မေမေကြီး... ကျွန်တော် မသိဘူး။ ကျွန်တော်က ဒီဘုရားကျောင်းကနေ ဘယ်ကိုမှမရောက်ဖူးတာ၊ ဒေသန္တရ ဗဟုသုတ ဘာမှမရှိဘူး။ ဒီတော့ မေမေကြီးရဲ့မေးခွန်းကိုဖြေဖို့ ခက်ပါတယ်"

သူ၏စကားအဆုံးတွင် လူမားက ဒေါသတကြီးအော်ငေါက်လိုက်လေတော့၏။

"မင်းဘာကြောင့် ဖြေဖို့မသိရမှာလဲ၊ စဉ်းစား။ သေသေချာချာ စဉ်းစား"

လူမားမှာ ဤသို့သောလူစားမျိုးဖြစ်သည်။ အကျိုးနှင့်အကြောင်းနှင့်ရှင်းပြ၍ မရပေ။

လူမားက ဆူပူအော်ငေါက်နေသောကြောင့် ချူကွန် ခေါင်းညိတ်လိုက်ရသည်။

"ယုံကြည်ပါတယ်... ကျွန်တော် ယုံကြည်ပါတယ်"

လူမားက ပြုံးလိုက်၏။

"မင်း ဘာဖြစ်လို့ ယုံကြည်တာလဲ"

"ကျွန်တော် ယုံကြည်တာပေါ့၊ အခု ကျွန်တော်တွေ့တဲ့ ဆရာကြီးလုံကုကလဲ ပြည်မကပဲ၊ လူမား မေမေကြီးကလဲ ပြည်မကပဲ၊ ဒီတော့ ပြည်မက ပုဂ္ဂိုလ်တွေကလဲ ပိုတော်နေတာပေါ့"

လူမားမှာ လွန်စွာ သဘောကျသွားလေ၏။

သူတို့ကို လူထူးလူဆန်းသိုင်းသမားများဟုပြောသည်မှာ

သဘာဝကျသည်။ သူတို့၏ ဦးနှောက်သည် သာမန်လူများနှင့် မတူပေ။

"ဟုတ်တယ်… နောက်တစ်ခု ရှိသေးတယ်၊ တိဘက်လူမျိုးတွေဟာ ပြည်မက သိုင်းသမားတွေထက် ပိုပြီးကောက်ကျစ်တယ်ကွ၊ ပြည်မက သိုင်းသမားတွေကောက်ကျစ်တယ်ဆိုတာ တိဘက်က လူတွေ အိပ်နေသလောက်ပဲရှိသေးတယ်၊ အဲဒါကိုလဲ မင်းယုံကြည်ရမယ်"

တိဘက်က လူကပိုကောက်ကျစ်သည်။ ပြည်မကလူက မကောက်ကျစ်ဆိုသည့်အချက်နှစ်ခုကို ချူကွန်လုံးဝလက်မခံချေ။

ကောက်ကျစ်မည့်လူသည် တိဘက်ကလူဖြစ်ဖြစ်၊ ပြည်မကလူဖြစ်ဖြစ် ကောက်ကျစ်မည်သာတည်း။ ထို့ကြောင့် ချူကွန်သည် ပါးစပ်ပိတ် ထားလေတော့၏။

လူမားက ရယ်မောလိုက်၏။ ချူကွန်ကို တစ်လုံးတည်းသောမျက်စိဖြင့် စေ့စေ့ကြည့်ပြီး ပြောလိုက်၏။

"မင်း ဒီမေးခွန်းကိုမဖြေချင်ဘူး မဟုတ်လား၊ မဖြေဘဲ နေနေဦး၊ ငါပုံပြင်ကိုပြောပြမယ်။ နားထောင်ပြီးတော့မှ ငါ့စကားမမှားဘူးဆိုတာ မင်းသိမယ်၊ ငါဟာ အမှန်ကိုပြောတာကွ"

သူက ဆက်ပြောလိုက်သည်။

"ဥပမာ မင်းဆရာရယ်၊ ငါရယ်၊ နောက်ပြီး သိုင်းလောကမှာ တကယ်တော်တဲ့ပုဂ္ဂိုလ်ကြီးတွေဟာ တိဘက်လူမျိုးတွေဆင်ထားတဲ့ ထောင်ချောက်ထဲဝင်ကုန်ကြရတယ်၊ အခုအချိန်ထိ ငါတို့ဟာ အ



လှည့်အပတ်ခံနေရတုန်းပဲ"

သူသည် လူမား၏ ထူးထူးဆန်းဆန်းစကားများကိုကြားရသောအခါ ပို၍ စိတ်ဝင်စားလာတော့သည်။

သူ့ဆရာနှင့်ရောဂါသည် အဘိုးအိုတို့က သူ့အား သိုင်းပညာသင်ပေးပြီးတစ်စုံတစ်ခု လုပ်နိုင်းမည်ဆိုခြင်းသည် သည်ကိစ္စနှင့်ဆက်စပ်ပတ်သက်နေသလောဟု တွေးမိလေ၏။

လူမားက ဆက်၍ပြောလေ၏။

"မင်းကတော့ ကြားမိမှာမဟုတ်ဘူး၊ မင်းငယ်သေးတာကိုး၊ လွန်ခဲ့တဲ့ဆယ့်ရှစ်နှစ်လောက်က သိုင်းလောကမှာသတင်းစကားပြန့်ပွားခဲ့ဖူးတယ်၊ အဲဒါဘာလဲဆိုရင် စင်းကျန်ဒေသမှာ ချမ်းချမ်းကျူရဲ့သိုင်းကျမ်းရှိတယ်ဆိုတဲ့ သတင်းပဲ".

ချူကွန်သည် ရင်ထိတ်သွား၏။ ဤချမ်းချမ်းကျူ၏ကျမ်းသည် ချင်းကုန်းဘုရားကျောင်းအား အတော်ပင် ဒုက္ခပေးခဲ့သည်မဟုတ်ပါလော။

အိစဘုန်းတော်ကြီးအသတ်ခံရသည်ကိစ္စ၊ ကျောင်းထိုင်ဆရာတော်ပျောက်ဆုံးသည့်ကိစ္စတို့မှာ ဤချမ်းချမ်းကျူ၏ သိုင်းပညာကျမ်းနှင့် ပတ်သက်ဆက်စပ်နေသည်မဟုတ်ပါလော။

သူသည် ဤအကြောင်းများကိုပြန်လည် သတိရမိလေ၏။

လူမားက….

"အဲဒီ ချမ်းချမ်းကျူရဲ့သိုင်းကျမ်းဟာ တကယ့်သိုင်းစာအုပ်

ပါ။ သိုင်းပညာလေ့လာတဲ့ ဘယ်လူမျိုးမဆိုအတွက် ဒီကျမ်းစာအုပ်ဟာ တကယ်တန်ဖိုးရှိတယ်၊ ဒီကျမ်းစာရတဲ့လူဟာ သိုင်းလောကမှာ အဓိပတိဖြစ်မှာ အသေအချာပဲ"

သူသည် စကားကိုခေတ္တဖြတ်ပြီး အဝေးသို့ငေးကြည့်နေသည်။ ပြီးမှ စကားဆက်လေ၏။

"ဒါကြောင့် ပြည်မမှာရှိနေတဲ့ သိုင်းပညာရှင်တွေဟာ စင်းကျန်နယ်ကို သူ့ထက်ငါဦးအောင် ရောက်ရှိလာပါတယ်၊ လူထူးလူဆန်းသိုင်းသမားတွေရော၊ တစ်သီးပုဂ္ဂလသိုင်းသမားတွေရော၊ ဂိုဏ်းအဖွဲ့အသီးသီးက ထိပ်တန်းသိုင်းသမားတွေရော အားလုံးပါဝင်ကြပါတယ်၊ ဥပမာ ဝမ်ကျိုးရဲ့အစ်ကို ဝမ်ကျောင်း။ မင်းရဲ့ဆရာလုံကူ၊ နောက်ပြီးတော့ ငါလဲပါတယ်၊ ရောဂါသည် ဇနီးမောင်နှံတို့လဲပါတယ်၊ အားလုံးဟာ ဒီသိုင်းကျမ်းအတွက် ရောက်လာတာပဲ"

ချူကွန်က....

"ဟာ... ဒီလိုဆိုရင် ကျွန်တော့ဆရာဟာ ဒီဘုရားကျောင်းကို ကျွန်တော် လူမဖြစ်ခင်ကတည်းက ရောက်နေတာပေါ့နော်"

လူမားက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ထို့နောက် သူ၏စကားကိုဆက်သည်။

"မင်း စိတ်ထဲမှာတော့ ဘုရားကျမ်းစာခန်းထဲက ဘုရားကျမ်းစာတွေကို မင်းပဲအများဆုံးဖတ်ရတယ်လို့ ထင်မှာပဲ၊ ဟုတ်



တယ် မဟုတ်လား"

"ဟုတ်ပါတယ်... ဒါတောင် ဘုရားကျမ်းစာတွေ အကုန်မဖတ်နိုင်သေးပါဘူး၊ ကျန်နေပါသေးတယ်"

"ဟား... ဟား.... ဟား၊ အဲဒါ မင်းအထင်ကွ၊ ဒီရောက်နေတဲ့ သိုင်းသမားအများစုဟာ အဲဒီကျမ်းစာခန်းထဲက ကျမ်းစာတွေကို နှစ်ကြိမ်လောက်ဖတ်ပြီး နေကြပြီ၊ ချမ်းချမ်းကျူသိုင်းကျမ်းကို ရှာတာပေါ့ကွာ"

ချူကွန် အံ့သြသွား၏။ ဤသို့ဆိုလျှင် သိုင်းသမားများသည် ချင်းကုန်းဘုရားကျောင်းကို သူတို့ဘိုးဘွားပိုင် အိမ်ပမာဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက် ပြုလုပ်နေကြပုံရသည်။

ကျောင်း၌လည်း သိုင်းပညာတတ်ကျွမ်းသူဆို၍ ကျောင်းထိုင်ဆရာတော်နှင့် အိစဘုန်း တော်ကြီးနှစ်ယောက်သာ ရှိသဖြင့် ပြင်ပသိုင်းပညာရှင်များအနေဖြင့် ဤသို့လုပ်ချင်တိုင်း လုပ်နေကြခြင်းဖြစ်ပေသည်။

ထို့ပြင် အိစဘုန်းတော်ကြီးသည်(၁၈)နှစ်ကျော်မျှ ချမ်းချမ်းကျူ သိုင်းပညာကျမ်းကိုစိတ်ရှည်လက်ရှည် ရှာဖွေခဲ့သည့်ဇွဲမှာ ချီးကျူးဖွယ်ပင်။

လူမားက....

"တစ်ခုတော့ ရှိတယ်၊ ချင်းကုန်းဘုရားကျောင်းဝင်းတစ်ခုလုံးမရှာမိဘဲ နေရာတစ်ခုပဲရှိတော့တယ်"

ချူကွန်က....

"ဘယ်နေရာလဲ ခင်ဗျာ"

"မင်းဆရာလုံကုနေထိုင်ခဲ့တဲ့ ဘုရားခန်းရဲ့မျက်နှာကျက်ပဲ"

ချူကွန် အံ့သြသွားသည်။

"ဆရာက အဲဒီမှာ နေလို့လား"

လူမားက ခေါင်းညိတ်လိုက်၏။

"မင်းဆရာ အဲဒီမှာနေတာပေါ့ကွာ၊ ဒီကိုရောက်တဲ့အချိန်ကစပြီး အဲဒီနေရာမှာ နေခဲ့တာပဲ၊ မင်းအသက်အမျှပေါ့"

ထိုအခါ ချူကွန်လန့်သွားတော့သည်။ အိစဘုန်းတော်ကြီးသေဆုံးရသည့်ကိစ္စနှင့် ဆရာတော်ပျောက်ဆုံးရသည့်ကိစ္စမှာ ဆရာကြီးလုံကု၏လက်ချက်ပင်လောဟု တွေးတောမိလာလေ၏။

လူမားက ဆက်၍ပြော၏။

"အဲ့ဒီနေရာကို ဘယ်သိုင်းသမားမှမသွားဝံ့တာ၊ မင်းဆရာကို ကြောက်ကြလို့ပဲ"

ချူကွန်၏အဖြစ်မှာ နေရင်း ထိုင်ရင်း ဂုဏ်ယူဖွယ်ရာအဖြစ်သို့ ရောက်ရှိသွားသည်။ သူသည် လုံကု၏တပည့်ဖြစ်ရခြင်းမှာ ဂုဏ်ယူဖွယ်ရာပင် မဟုတ်ပါလော။

သူက ဆက်လက်ပြောလေ၏။

"ငါရောက်လာတာကိုလဲ မင်းရဲ့ဆရာသိပါတယ်၊ ဒါပေမဲ့ ငါတို့ဟာ စည်းကမ်းရှိကြတယ်၊ သူ့နယ်ကိုယ့်နယ်သိကြတယ်၊ ကျူးကျော်ကြဘူး"



သူစကားပြောနေစဉ် အရာဝတ္ထုတစ်ခုသည် သူ့ထံသို့ လွင့်ပျံလာလေ၏။ ချူကွန်သည် ထိုအရာဝတ္ထုလွင့်ပျံလာသည်ကို သိသည်။ ထို့ကြောင့် ခေါင်းငုံ့ရှောင်တိမ်းလိုက်သည်။

လူမားက ထိုအရာဝတ္ထုကိုဖမ်းယူလိုက်၏။ ဖမ်းပြီးသည်နှင့် ထိုအရာဝတ္ထုပစ်သူအား လိုက်လံရှာဖွေ လေတော့သည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါချေ။

သူ ဖမ်းယူထားသောအရာဝတ္ထုကို ကြည့်လိုက်၏။ စက္ကူလုံးလေးတစ်ခုသာတည်း။

လူမားသည် စက္ကူလုံးကိုဖြန့်ကြည့်လိုက်၏။ ထိုအခါ စက္ကူလုံးပစ်သူ မည်သူမည်ဝါဖြစ်သည်ကို သူမ သိရှိလိုက်လေပြီ။ သူသည် မျက်နှာပျက်သွား၏။

ချူကွန်က....

"မေမေကြီး ဘယ်သူများလဲ"

လူမားသည် အတန်ကြာ စကားမပြောဘဲ နေသည်။ ပြီးမှ ခွက်ထိုးခွက်လန် ရယ်မောလေတော့၏။ သူမ၏ရယ်သံမှာ လွန်စွာနားဝင်ဆိုးလှပါသည်။

သူမသည် အော်ပြောလိုက်၏။

"ဒီမှာ မင်းနေရာကို ငါမလုပါဘူးကွ၊ စိတ်သာချ၊ မင်းကို ငါ မမြင်ချင်ဘူး၊ သွားပါတော့"

သူ၏စကားဆုံးသည်နှင့်ဝေးကွာသော အရပ်မှရယ်သံသဲ့သဲ့

ပေါ်လာတော့၏။ ထိုရယ်သံသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားသည်။ လူမားသည် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်၏။

ချူကွန်က....

"မေမေကြီး... အဲဒီလူက ဘယ်သူလဲဟင်"

လူမားသည် ချူကွန်အား အဖက်လုပ်ပြီး စကားပြောမနေချေ။ စက္ကူကိုလုံးချေပြီး လွှင့်ပစ်လိုက်၏။

ထို့နောက် ထရပ်ပြန်သည်။ သူ၏ပုံဟန်မှာ တစ်စုံတစ်ခုကို ငေးမောတွေးတောနေပုံရသည်။

ချူကွန် မနေနိုင်တော့ပေ။ ထပ်မံ မွေးခွန်းထုတ်လိုက်သည်။

"မေမေကြီး ဘာတွေဖြစ်ကုန်တာလဲ"

လူမားသည် တစ်ဖက်တည်းသောမျက်လုံးဖြင့် ချူကွန်အား ပြုံးကြည့်လိုက်၏။

"မင်းဟာ ကိုရင်တစ်ယောက်မဟုတ်လား၊ ကိုရင်တစ်ယောက်ဟာ ဒီလောက် အမေးအမြန်းထူမယ်လို့မထင်ဘူး။ မင်းဟာ တကယ်အမေးအမြန်းထူတဲ့ ကိုရင်ပဲ"

ချူကွန်မှာ ပါးစပ်ပိတ်နေလိုက်ရတော့သည်။

"သိုင်းပညာထူးထူးချွန်ချွန်တတ်တဲ့လူတွေဟာ သာမန်လူတွေရဲ့ စိတ်နဲ့ မတူကြတော့ဘူး။ ဘာဖြစ်လို့ အဲဒီလိုကွဲပြားသွားတာပါလိမ့်"



ချူကွန်သည် တွေးနေတော့၏။

သူသည် လူမားပြောနေသည့်ပုံပြင်မဟုတ်သော ပုံပြင်ကို တကယ်တမ်း စိတ်ဝင်စားနေမိသည်။

ထိုပုံပြင်သည် တစ်နည်းတစ်လမ်းအားဖြင့် မိမိနှင့်ဆက်နွယ်နေသည်ဟု ယုံကြည်လာသောကြောင့် ဖြစ်သည်။

ဆရာကြီးလုံကုသည် မိမိကိုမွေးချယ်ပြီး ပညာသင်ပေးရသနည်း။

ရောဂါသည်အဘိုးအိုသည် မိမိအား ယောဂသိုင်းပညာကို အဘယ်ကြောင့် ကမ်းလှမ်းလာရပါသနည်း။

ဤသည်တို့မှာ စဉ်းစားဖွယ်ရာပင်ဖြစ်သည်။ မိမိဆောင်ရွက်ပေးရမည့်တာဝန်နှင့် ဝတ္တရားများရှိနေပေသေးသည်။

"မေမေကြီး ပုံပြင်ကိုဆက်ပြောပါဦး"

လူမားက ခေါင်းယမ်းလိုက်၏။

"မပြောတော့ဘူး"

ချူကွန် စိတ်ပျက်သွား၏။ သူတို့၏စိတ်သည် ခုတစ်မျိုး တော်ကြာတစ်မျိုး ပါတကား။

"ဘာဖြစ်လို့ ဆက်မပြောတာလဲ မေမေကြီး"

"ဘာမှမဖြစ်ပါဘူး၊ ငါ မပြောချင်လို့ပါ၊ တစ်နေ့တော့ မင်းကို ပြောပြတဲ့လူ ပေါ်လာလိမ့်မယ်"

ချူကွန်သည် ထိုအကြောင်းကိုလွန်စွာ စိတ်ဝင်စားပါသည်။ သူနှင့်ဆက်နွယ်နေသည်ဟုလည်း ထင်မြင်ယူဆနေခြင်းကလည်း ထို

ပုံပြင်ကိုပို၍ စိတ်ဝင်စားစေပါသည်။

"ပြောပြပါ မေမေကြီးရယ်၊ ကျွန်တော် နားထောင်ချင်လို့ပါ"

လူမားသည် ထိုင်ရာမှထလိုက်၏။

"မင်းဘာမှစိတ်မပူနဲ့ တစ်နေ့ကျရင် ပြောပြမယ့်လူပေါ်လာလိမ့်မယ်၊ အခု မင်းပြန်ပေတော့"

သူမ၏အသံသည် ယခင်ကလို ကျယ်ကျယ်လောင်လောင် မဟုတ်တော့ပေ။ တိုးသွားသည်။

ချူကွန်သည် ပုံပြင်ကိုအလွန်သိချင်သော်လည်း ဤလူထူး လူဆန်းသိုင်းသမား မည်သို့မျှမပြောတော့မည်ကို သိနေသဖြင့်လက်လျှော့လိုက်ရ၏။

"ကောင်းပါပြီ... ကျွန်တော်ပြန်ပါတော့မယ်၊ မနက်ဖြန်ညကော ကျွန်တော်လာခဲ့ရဦးမှာလား"

လူမားက ခေါင်းယမ်းလိုက်၏။

"မင်းမလာနဲ့တော့ ငါလဲ မလာသေးဘူး"

ချူကွန်သည် ငိုင်၍ရပ်နေ၏။

လူမားသည် ချူကွန်ငိုင်တွေ၍ရပ်နေသည်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွား၏။

"ကဲ.... ချူကွန်၊ မင်းပြန်ပေဦးတော့၊ မင်းဆီကို ငါလာခဲ့ပါဦးမယ်"

ချူကွန်သည် ဘာမှမပြောတော့ဘဲ လူမားအား ဂါရဝပြုလိုက်၏။



လူမားက ခေါင်းတစ်ချက်ညိတ်ပြီး သူ့ကိုစိုက်ကြည့်လိုက်သည်။ ချူကွန်သည် ဘုရားကျောင်းသို့လေးကန်သောခြေလှမ်းများဖြင့် ပြန်လာခဲ့ရတော့၏။

## အခန်း (၈)

## ပြန်လာသောအဘိုးအို

ချူကွန်သည် မိမိ၏အဆောင်သို့လေးလံသောခြေလှမ်းများဖြင့် ပြန်လာခဲ့လေ၏။

ကိုရင်လေးများ၏ဟောက်သံသည် စည်းချက် ဝါးချက်မှန်မှန် ထွက်ပေါ်နေလေ၏။

ချူကွန်သည် ကွပ်ပျစ်ပေါ်တက်၍ လှဲလျောင်းလိုက်၏။ ထိုအခါ စောင်အောက်၌မာကျောသောအရာတစ်ခုကို စမ်းသပ်မိလေတော့၏။

ချူကွန်သည် ကပျာကယာထပြီး စမ်းသပ်လိုက်တော့သည်။ ထိုအခါ စိပ်ပုတီးတစ်ကုံးကိုတွေ့လိုက်ရသည်။



စိပ်ပုတီးလုံးများသည် ရွှေငွေကျောက်သံပတ္တမြားဖြင့် ပြုလုပ်ထားသောစိပ်ပုတီးဖြစ်ကြောင်း သိလိုက်ရတော့သည်။

ချူကွန်သည် ဝမ်းသာသွား၏။ ဤလိုစိပ်ပုတီးမျိုး မည်သူကိုင်နိုင်ပါမည်နည်း။

ဤကဲ့သို့တန်ဖိုးရှိသော စိတ်ပုတီးမျိုးကိုကိုင်နိုင်သူသည် မည်သည့်နည်းနှင့်မျှ စင်းကျန်ဒေသမှမဖြစ်နိုင်ပါ။

သို့သော် သူစဉ်းစားသည်။ စဉ်းစားရင်း စဉ်းစားရင်း ချူကွန်ဦးနှောက်ခြောက် သွားတော့သည်။

ဤတန်ဖိုးရှိသော စိပ်ပုတီးမှာ အဘယ့်ကြောင့် သူ၏အိပ်ရာပေါ်ရောက်နေရသနည်း။ မည်သူက ထားသွားပါသနည်း။

ချူကွန်သည် စိပ်ပုတီးကိုသိမ်းလိုက်ပြီး အိပ်ပျော်သွားလေတော့၏။

ချူကွန်သည် သုံးရက်တိုင်တိုင် ကျောင်းဝင်းထဲ၌ နေထိုင်သည်။

သူသည် နေ့ဘက်၌ဘုရားကျောင်း၏ပြုစရာရှိသောဝတ်များကိုပြုလုပ်ပြီး ညဘက်၌ သိုင်းပညာများကိုလေ့ကျင့်သည်။

သို့ဖြင့် စတုတ္ထမြောက်နေ့သို့ ရောက်ရှိလာလေ၏။ သူသည် သိုင်းပညာလေ့ကျင့်ပြီးစီးသဖြင့် အိပ်ရန်ပြင်ဆင်နေရတော့သည်။

အပြင်မှ ချောင်းဟန့်သံကြားလိုက်ရသဖြင့် ချူကွန် ဝမ်းသာသွားသည်။ ရောဂါသည်အဘိုးအို ပြန်လာလေပြီ။

ချူကွန်သည် အဆောင်ပြင်ပသို့ ဝမ်းသာအားရ ထွက်သွား

လေ၏။

အဘိုးအိုကို တွေ့ရပါလေပြီ။ အဘိုးအိုသည် ယခင်ကထက် ပို၍ ပိန်လှီသွားပြီး ပိုချူချာသည်ကို တွေ့ရလေ၏။

"ဘဘ ဘယ်လိုဖြစ်တာလဲဟင်၊ နေထိုင်မကောင်းလို့လား ဘဘ"

အဘိုးအိုသည် ချောင်းဆိုးတော့မည်ကဲ့သို့ ဖြစ်လာ၏။ ထိုအခါ အတွင်းအားဖြင့် ထိန်းလိုက်သည်။

"စိတ်ချ... ငါမသေနိုင်ပါဘူးကွာ"

ချူကွန်သည် ဘုရားကျောင်းဝင်းအတွင်း၌ နေရာကျယ်ပြောလှစွာရှိနေသဖြင့် လူသူကင်းရှင်းသည့်အဆောက်အဦးဘေးဘက်သို့ ခေါ်သွားပြီး အဘိုးအိုကို ထိုင်စေသည်။

အတန်ကြာသောအခါမှ အဘိုးအို သက်သာလာတော့၏။ ထိုအခါ ချူကွန် စိတ်သက်သာရာရသွားတော့သည်။

"ဘဘ... သက်သာသွားပြီလား"

အဘိုးအိုက....

"ချူကွန်... နောက်ဆိုရင် မင်းကို ငါတွေ့ဖို့အချိန်ရတော့မှာ မဟုတ်ဘူး ထင်ပါရဲ့"

ထိုအခါ ချူကွန်ရင်ထဲ၌ တလှိုက်လှိုက်ခံစားလာရတော့သည်။

"ဘဘ... ဒီလိုပြောပါနဲ့ ဘဘရယ်၊ ကျွန်တော်နဲ့ဘဘအချိန်မရွေးတွေ့လို့ ရနေတာပဲဥစ္စာ"



အဘိုးအို၏မျက်နှာပေါ်တွင် မှော်လင့်ချက်ရောင်ခြည်များ တောက်ပလာ၏။

"ငါ မင်းနဲ့ခွဲခွာနေရတာ တစ်လလောက်တော့ ရှိလိမ့်မယ် ထင်တယ်"

"ဟုတ်ကဲ့... ရှိပါတယ် ဘဘ"

"ငါနေရာအနှံ့အပြား ရောက်ခဲ့တယ်၊ အီဝေ့ရေကန်ကိုလဲ ရောက်ခဲ့တယ်"

ချူကွန်သည် ချင်းကုန်းဘုရားကျောင်းဝင်းအတွင်းမှ တစ်ပါး မည်သည့်နေရာသို့မျှ မရောက်ဘူးပါ။

စင်းကျန်ဒေသအတွင်းသို့ လည်း မရောက်ဘူးပါ။ သို့သော် စင်းကျန်နယ်၌ အလွန်လှပပြီး အလွန်ကျယ်ဝန်းသောရေကန်ကြီး တစ်ခုရှိကြောင်း ကြားဖူးနားဝရှိခဲ့ပါသည်။

အဘိုးအိုက ချူကွန်အား မေးလိုက်၏။

"မင်း အဲဒီနေရာကိုမရောက်ဘူးပေမယ့် ကြားတော့ ကြားဖူးမှာပေါ့"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ကျွန်တော်ကြားဖူးပါတယ် ဆရာ"

အဘိုးအိုက ပြုံးလိုက်၏။

"အဲ့ဒီရေကန်ဟာ တော်တော်ကိုလှတယ်၊ ဒီနယ်မှာတော့ အလှဆုံးပါပဲ၊ ဘေးနားမှာ သစ်ပင်ပန်းပင်တွေလဲရှိတယ်"

အဘိုးအိုသည် ပြောရင်းမှ ချောင်းဆိုးလာပြန်တော့၏။

"အဟွတ်... အဟွတ်... အဟွတ်"

အဘိုးအိုသည် ချောင်းအဆက်မပြတ် ဆိုးတော့သည်။ ကြာကြာဆိုးသောအခါ အသက်ရှူကျပ်လာသည်။ မျက်နှာမှာလည်း ဖြူ ဖျော့လာတော့၏။ ခါးကလည်း ကုန်းနေလေပြီ။ သူ၏ရင်ပတ်သည် ဖားဖို့ထိုးသကဲ့သို့ ဝိုန်ချည့် ဖောင်းချည်ဖြစ်နေလေ၏။

ချူကွန်သည် ထိတ်ထိတ်ပျာပျာဖြစ်သွားလေတော့၏။ သူသည် အဘိုးအို၏ကျောပြင်ကိုလက်သီးဖြင့် ခပ်ဖွဖွ ထုပေးလေ၏။

အတန်ကြာသောအခါမှ ချောင်းဆိုးရပ်သွား၏။ သို့သော် အမောတော့ မပြေနိုင်သေးပါ။

"ဘဘ စကားမပြောပါနဲ့ ခဏနားနေပါ"

အဘိုးအိုသည် စကားမပြောဘဲ မျက်လုံးကိုမှိတ်၍ မှိန်းလိုက်၏။ အဆောက်အဦးကိုကျောမှီပြီး မှိန်းနေလေမှ အတန်ကြာသောအခါ အမောပြေသွားလေ၏။

အဘိုးအိုက စကားပြောရန် ကြိုးစားသည်။

ချူကွန်က....

"ဘဘ... စကားမပြောပါနဲ့ဦး။ တော်ကြာ ချောင်းပြန်ဆိုးလာပါဦးမယ်"

အဘိုးအိုက....

"ရပါတယ်ကွာ.. ငါ ဘယ်အချိန်မှာ ချောင်းဆိုးမယ်ဆိုတာကို သိပါတယ်ကွ"

"ဒီလိုဆိုရင်လဲ ပြောပေတော့ ဘဘ"

"အင်း... ငါပြောပြမယ်၊ ဘယ်တောင်ရောက်သွားပါလိမ့်၊ ရေကန်... ရေကန် အီငွေ့ရေကန်အကြောင်း ပြောနေတာ၊ ဒီလောက် လှပတဲ့ရေကန်ထဲမှာ ဘယ်သူတွေနေကြတယ်ဆိုတာ မင်းစဉ်းစား ကြည့်စမ်း"

ချူကွန်က ခေါင်းကိုခါယမ်းလိုက်၏။

"မစဉ်းစားတတ်ပါဘူး ဘဘရာ"

အဘိုးအိုက....

"အဲဒီရေကန်ထဲမှာ အလွန်ထူးဆန်းတဲ့မိသားစုတစ်စု ရောက်နေတယ်ကွ"

အဘိုးအိုသည် ရေကန်အကြောင်းပြောနေရာမှ ထူးဆန်းသော မိသားစုအကြောင်းသို့ ရောက်သွားသည်။

ချူကွန်က ရေကန်အကြောင်းသာ ကြားချင်ပါသည်။ ရေကန်ဘယ်လောက်ကျယ်ဝန်းသလဲ၊ ဘယ်လောက်လှပသလဲ၊ ဒါပဲ ကြားချင်ပါသည်

စင်းကျန်နယ်ကို မရောက်ဘူးသောလူများသည် စင်းကျန်နယ်အပေါ် အထင်အမြင်မှားလျက်ရှိကြပါသည်။

စင်းကျန်နယ်မှာ သဲကန္တာရဒေသဖြစ်လျက် အလွန်ခြောက်သွေ့သောဒေသဖြစ်သည်ဟု ထင်မှားလျက်ရှိကြပါသည်။

အမှန်မှာ စင်းကျန်နယ်၏အလှသည် အခြားပြည်နယ်များ

၏အလှထက် ညို့လှသည်ဟုမရှိပါချေ။

စင်းကျန်နယ်၏အချို့ဒေသများသည် ရာသီမရွေးသစ်ပင်ပန်းမာလာများ ပေါက်ပါသည်။ တောတောင်ရေမြေများမှာလည်း စိမ်းလန်းစိုပြည်လျက် ရှိပါသည်

အထူးလှပသောရေကန်မှာ အီငေါ့ရေကန်ဖြစ်ပါသည်။ အဘိုးအိုပြောသည့် အီငေါ့ရေကန်ဖြစ်ပါသည်။

အဘိုးအိုသည် အီငေါ့ရေကန်၏အလှအပများကို ပြောမလိုလိုနှင့်ထိုရေကန်ထဲရောက်ရှိနေသော မိသာစုအကြောင်းကို ပြောပါလေတော့၏။

ချူကွန်က ဝတ္တရားအရ မေးလိုက်ပါသည်။

"ဘယ်လိုထူးဆန်းတာလဲ ဘဘ"

အဘိုးအိုသည် အဖြေမပေးဘဲ သူ၏အားအင်ချည့်နဲ့သော လက်နှစ်ဖက်ဖြင့် အင်္ကျီကြယ်သီးများကိုဖြုတ်လိုက်ပါသည်။ ထို့နောက် အင်္ကျီကိုလှစ်၍ ပြလိုက်၏။

အဘိုးအို၏ယာဘက်ရင်အုံတွင် ဓားဒဏ်ရာတစ်ချက်ကို တွေ့ရသည်။

ဓားဒဏ်ရာမှာ အသစ်စက်စက်ဖြစ်သည်။ မကြာမြင့်မီ ကမှ ရရှိခဲ့သော ဓားဒဏ်ရာဖြစ်ပေလိမ့်မည်။

အဘိုးအို မည်သို့ဖြစ်သနည်း။

ထိုမိသားစုနှင့် ခိုက်ရန်ဖြစ်ပွားခဲ့လေသလော။ သူ့စကားအရ ထိုမိသားစုနှင့်ပင် ခိုက်ရန်ဖြစ်ခဲ့မည်ဟု ထင်မှတ်ရသည်။



ချူကွန်သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဘယ်လိုဖြစ်တာလဲ ဘဘရယ်၊ ဒဏ်ရာက တော်တော်ကြီးတာပဲ"

အဘိုးအိုက ကြယ်သီးများကို ပြန်တပ်လိုက်ပြီး....

"ဒဏ်ရာကတော့ ဒဏ်ရာပေါ့၊ ဒါပေမယ့် ကြောက်စရာမဟုတ်ပါဘူး။ ငါ ကတိဖျက်လို့ရလာတဲ့ ဒဏ်ရာပါ"

ချူကွန်က....

"ဘဘရဲ့သိုင်းပညာအဆင့်ဟာ မသေးပါဘူး၊ ဘဘကိုဒဏ်ရာရအောင် တိုက်ခိုက်နိုင်တဲ့လူကို အထင်သေးလို့မဖြစ်ဘူးပေါ့"

အဘိုးအိုက ပြောလိုက်၏။

"ဒီဒဏ်ရာကတော့ ကြီးတယ်၊ ဒါပေမယ့် အသက်မသေတာ ကံကောင်းတယ်လို့ဆိုရမှာပေါ့၊ အဲ... ကျန်းမာရေးတော့ ထိခိုက်တာပေါ့လေ"

ချူကွန် စိတ်မကောင်းဖြစ်သွားသည်။ အဘယ်မှာလျှင် ချူကွန်စိတ်ကောင်းနိုင်ပါမည်နည်း။

ဓားဒဏ်ရာမှာ နည်းနည်းနောနော ဒဏ်ရာမဟုတ်ပါ။ အဘိုးအိုသည် ဆေးထည့်ပြီး ဒဏ်ကြေဆေးလိမ်း လာပုံရသည်။

သူသည် အဘိုးအိုလက်ကိုဆွဲပြီး မေးလိုက်၏။

"ဘဘတို့ ဘယ်လိုတိုက်ခိုက်ကြတာလဲ၊ ကျွန်တော့်ကိုပြောပါဦး"

အဘိုးအိုက အရောင်အဝါလုံးဝကင်းမဲ့သောမျက်လုံးများဖြင့် ချူကွန်အား ကြည့်လိုက်သည်။

"မင်းကိုပြောပြတော့ ဘာလုပ်မလို့လဲ၊ လက်စားချေမလို့လား"

အဘိုးအိုသည် ပြောရင်း ရယ်မောလိုက်၏။

"စိတ်မကူးနဲ့... စိတ်မကူးနဲ့ မင်းကို ဒီလိုအလုပ်မျိုးလုပ်ခိုင်းဘို့ ငါဘယ်တော့မှ စိတ်မကူးဘူး။ နောက်ပြီး မင်းဟာ ကိုရင်တစ်ယောက်ပါ၊ ဒါကိုမမေ့ပါနဲ့"

သူက သူ့စကားကိုဆက်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် လက်စားချေမယ်ဆိုတဲ့အတွေးအခေါ်ကို ဦးနှောက်ထဲက ဖျောက်ပစ်လိုက်၊ ငါ့ဓနီးသေသွားတယ် မဟုတ်လား၊ တော်ရုံတန်ရုံလူဆိုရင် လက်စားချေဖို့ကြိုးစားမှာပေါ့၊ ငါက လက်စားချေဖို့ လုံးဝမစဉ်းစားဘူး၊ နောက်ပြီး ငါဟာ သိုင်းလောကမှာ အကြာကြီးကျင်လည်ခဲ့ပါတယ်၊ ငါက နိုင်လိုက်တဲ့ရန်သူတွေရှိသလို၊ ငါရှုံးခဲ့တဲ့ ရန်သူတွေလဲ အများကြီးရှိတာပဲ၊ ဒီလူတွေကိုလဲ ငါလက်စားချေဖို့ စိတ်မကူးပါဘူး"

အဘိုးအိုက ပြုံး၍ဆက်ပြောသည်။

"ဒီတစ်ခါ ဒဏ်ရာရခဲ့တာတော့ ငါ့အပြစ်နဲ့ငါ့ပါ၊ ငါဒဏ်ရာမရရင် နောက်ထပ်(၂)နှစ်လောက်ပဲ အသက်ရှည်မယ်၊ အခု ဒဏ်ရာရလိုက်တဲ့အတွက် အသက်တစ်ဝက်လောက်တိုသွားတာပဲ ရှိမယ်၊



ဘာများ ဆန်းလို့လဲကွယ်"

ချူကွန်သည် အဘိုးအို၏ခြေထောက်ကိုဖက်လိုက်သည်။

"ဘဘ... ဘဘ၊ ဒီလိုဆိုရင် ဘဘဟာ တစ်နှစ်လောက်ပဲ အသက်ရှင်နေတော့မှာပေါ့၊ ဟုတ်လား"

ချူကွန်သည် ရောဂါသည်အဘိုးအိုအား သံယောဇဉ်ရှိနေလေသည်။

အဘိုးအို တစ်နှစ်ပဲအသက်ရှင်သန်တော့မည်ကိုသိရသောအခါ လွန်စွာ စိတ်မကောင်းဖြစ်သွားသည်။

အဘိုးအို၏မျက်နှာပေါ်ဝယ် ထူးဆန်းသောအပြုံးတစ်ခုဖြတ်သန်းသွားသည်။

"ချူကွန် သေခြင်းတရားကို နားမလည်သေးပဲကိုး"

ချူကွန်သည် ရှိုက်လိုက်၏။

အဘိုးအိုက ချူကွန်၏ပခုံးကိုင်လိုက်ပြီး....

"သေခြင်းတရားဆိုတာ အသက်ကြီးသည် ငယ်သည်မဟူ၊ ဘယ်သူမဆို ရင်ဆိုင်တိုးတတ်ကြပါတယ်၊ ငါဟာ အသက်ဒီလောက်ကြီးနေပြီ၊ သေမယ်ဆိုရင် သေပျော်ပြီပေါ့၊ ဒါပေမယ့် ငါဟာ သေရမှာကြောက်သေးတယ်"

ချူကွန်သည် အဘိုးအိုကိုမော့ကြည့်လိုက်၏။ အဘိုးအိုသည် ပထမဦး သေရတာမဆန်းဟူသောသဘောကို ပြောသည်။ နောက် သေရမှာကြောက်သည်ဟု ပြောပြန်သည်။ သူ နားမလည်တော့ပါ။

"ငါ သေရမှာကြောက်တယ်၊ ကြောက်တာက အကြောင်းရှိပါတယ်၊ ငါ့ရဲ့မပြီးပြတ်သေးတဲ့ကိစ္စက ရှိနေသေးတယ်မဟုတ်လား။ ဒီကိစ္စကြီးကို မင်းဆောင်ရွက်ပေးမယ်ဆိုပေမယ့် ငါ မမြင်မတွေ့ဘဲ သေသွားရမှာကို ငါကြောက်ပါတယ်၊ ငါကိုယ်တိုင် မြင်တွေ့သွားချင်ပါတယ်"

အဘိုးအို၏စကားဆုံးသွားသောအခါမှ ချူကွန်သည် လိပ်ပိတ်လည် နားလည်သွားတော့သည်။ ချူကွန်သည် မျက်ရည်များ စီးကျလာလေတော့၏။

"ဘဘ... ဘဘ မသေစေရဘူး"

"မင်း ငိုပြီးတော့ မပြောနဲ့ကွာ၊ ဒီနားမှာ ဘုန်းတော်ကြီးတွေနဲ့ ကိုရင်တွေ ကျိန်းစက်နေတယ်မဟုတ်လား။ တော်ကြာ သူတို့ နိုးလာလို့ ငါတို့ကျောင်းအပြင်ကို ပြေးနေရဦးမယ်"

ချူကွန်သည် မျက်ရည်သုတ်လိုက်ရ၏။

အဘိုးအိုက....

"ကဲ... ငါပြန်လိုက်ဦးမယ်၊ မင်းလဲ တစ်ရက်ခြား ငါ့လိုဏ်ဂူကိုလာခဲ့ပါဦး"

"ဘဘ... ဘဘ ဒဏ်ရာရလာပုံကို မပြောရသေးဘူးလေ"

"အသေးစိတ်ပြောဖို့ မလိုပါဘူး။ ငါ ကတိပျက်လို့ ဒီဒဏ်ရာရတာလို့ ပြောပြီးပြီလေ"

"ဟာ... ဘဘရယ်"

"မင်းမှာ လက်စားချေချင်တဲ့စိတ် ရှိနေသေးတယ်၊ တကယ်



တော့ လက်စားချေချင်တဲ့စိတ် မရှိသင့်ဘူး။ ကာယကံရှင်ဖြစ်တဲ့ ငါတောင်မှ လက်စားချေချင်တဲ့စိတ်ခေတ်မရှိတာပဲ"

ချူကွန် သက်ပြင်းချလိုက်၏။

"ဘဘ... အခု လိုဏ်ဂူထဲကိုရောက်ပြီးပြီလား"

အဘိုးအိုက....

"မင်းကိုတွေ့ချင်လို့ ဒီကိုတန်းလာခဲ့တာ၊ လိုဏ်ဂူထဲကို ငါဘယ်အချိန်သွားသွား ရပါတယ်ကွာ"

"လိုဏ်ဂူထဲမှာ အေးတယ် ဘဘ၊ ဘဘရဲ့ရောဂါနဲ့မနေအပ်ဘူးလို့ ထင်ပါတယ်"

"ဟား... ဟား... ဟား၊ **မနေအပ်ဘူး ဟုတ်လား**။ ဘယ်လို မနေအပ်ဘဲ ဖြစ်မှာလဲကွာ၊ ငါ့**ဇနီးရဲ့ အရိုးစုရှိနေတာ**ပဲ၊ ငါ့အသက်သေသွားပါစေ၊ ဒီလိုဏ်ဂူထဲမှာ**ပဲ နေသွားရမှာ**ပဲ"

အဘိုးအိုမှာ အစွဲအလန်း**ကြီး**လှ၏။ ဇနီးသည်၏အရိုးစုကိုလည်း မြေမြှုပ်ပစ်ခြင်းမပြုပေ။

ထို့ကြောင့် ချူကွန်သည် ဆက်၍ စကားမပြောနိုင်တော့ပေ။

အဘိုးအိုက....

"ကဲ... ငါသွားမယ်၊ ငါမှာတာကို ကြားတယ်မဟုတ်လား"

ချူကွန်က....

"ဟုတ်ကဲ့ ကြားပါတယ်၊ ကျွန်တော် နေ့တိုင်းလာပါ့မယ်"

အဘိုးအို ဒေါသထွက်သွား၏။

"မင်းကို နေ့တိုင်းမလာနိုင်ဘူး၊ တစ်ရက်ခြား လာနိုင်းတာ"

"ဟုတ်ကဲ့... ဘဘ"

"ငါ သွားတော့မယ်"

"ကျွန်တော် ဘဘကိုလိုက်ပို့ပေးပါ့မယ်"

"မလိုဘူး... ငါ သွားနိုင်တယ်၊ ဒီထက်ဝေးတဲ့ ခရီးကိုတောင် သွားနိုင်သေးတာပဲ၊ သန်ဘက်ခါကျရင် မင်း လာဖို့မမေ့နဲ့"

အဘိုးအိုသည် စကားဆုံးသောအခါ အင်အားရှိနိုင်သွာ ထရပ်လိုက်သည်။ ထို့နောက် ဒယီးဒယိုင်ဖြင့် ထွက်ခွာသွားလေတော့၏။

ချူကွန်မှာ ငေး၍သာ ကြည့်နေရတော့သည်။



## အခန်း (၉)

### ဆန်းကြယ်ထူးခြားသိုင်းသမား

ချူကွန်အိပ်ရာမှ နိုးလာသောအခါ မှန်းတည့်နေချေပြီ။

သူသည် ဆွမ်းစားရန် အချိန်လွန်သွားပြီဖြစ်သည်။ ထို့အတွက် ချူကွန်သည် ဆွမ်းစားဆောင်သို့မသွားတော့ပေ။

ချူကွန်သည် ဘုရားခန်းသို့သွားကာ ဘုရားကျမ်းစာဖတ်နေတော့သည်။

တစ်ညနေလုံး ချူကွန်သည် ဘုရားခန်း၌သာ အချိန်ကုန်နေပေသည်။

ညနေကျမှသာ ချူကွန်သည် သူ၏အိပ်ဆောင်သို့ ပြန်လာပြီး ကွပ်ပျစ်ပေါ်လဲလျောင်းနေတော့သည်။ သူသည် နဖူးပေါ်လက်တင်ပြီး စဉ်းစားနေလေ၏။

သူ့ဆရာ လုံကူ၊ ရောဂါသည်အဘိုးအို ကျန့်ဝမ်း၊ မျက်စိတစ်ဖက်လပ် လူမားနှင့် စုစုအင်းတို့သည် သူ၏အတွေးထဲ၌ ပေါ်လာတော့သည်။

**သူ့ဆရာလုံကူသည်** ချော့တစ်ခါ ချောက်တစ်လှည့်နှင့် **ဆယ်နှစ်ကျော် သိုင်းပညာသင်ပေးခဲ့**ပေသည်။

**ဤကဲ့သို့စိတ်ရှည်သည်းခံ၍သင်ပေး**ရန် တော်ရုံတန်ရုံလူသည် မည်သို့မျှ **စိတ်မရှည်နိုင်ပါ။ သူသည် ဆရာ**ကြီးလုံကူအား လွန်စွာကျေးဇူးတင်မိလေ၏။

ဒုတိယကျေးဇူးတင်ရ**သူမှာ ရောဂါသည်**အဘိုးအိုဖြစ်သည်။ ရောဂါသည်အဘိုးအိုသည် စိတ်ပျက်**သွားသော**ချူကွန်အား အကြိမ်ကြိမ်တောင်းပန်ပြီး ပညာသင်ရန် **ပြောကြား**ခဲ့သည်။

ချူကွန်က **စိတ်ပြန်**လည်သွားသဖြင့် အဘိုးအိုက သိုင်းပညာသင်ပေးခဲ့၏။ သူပေးခဲ့ သောပညာမှာ အလွန်အဆင့်မြင့်သည်။

ထိုယောဂသိုင်းပညာကိုရရှိသဖြင့် သူ့ဆရာလုံကူ သင်ပေးသောသိုင်းပညာနှင့် အတွင်းအားပညာတို့မှာလည်း အလွန်အဆင့်မြင့်သွားခဲ့သည်။

ထို့နောက် မျက်စိတစ်ဖက်လပ်လူမား။လူမားသည် အလွန်အပြောင်းအလဲ မြန်သောသူဖြစ်ပါသည်။

သို့သော် ချူကွန်အဖို့တော့ လူမားသည် မဆိုးလှကြောင်း တွေ့ရှိရသည်။

ချူကွန်သည် လုံကူ၏ တပည့်ဖြစ်နေသောကြောင့် သူ့



**သိုင်း**ပညာသင်ပေးဖို့မလိုဟု ဆုံးဖြတ်ထားသူဖြစ်သည်။

စုစုအင်းသည် ချူကွန်အပေါ်သံယောဇဉ်ရှိနေသူဖြစ်သည်။ ချူကွန်ကမူ သူ့အား မေ့နိုင်လောက်အောင် ကြိုးစားမေ့နေရသည်။

သို့သော်လည်း စုစုအင်း၏ဇာပဝါအနက်အုပ်ထားသော မျက်နှာသည် ချူကွန်အတွေးထဲ၌ တရစ်ရစ် တဝဲဝဲပေါ်လာနေဆဲဖြစ်သည်။

"တစ်နေ့နေ့မှာ သူ့ရဲ့မျက်နှာပုံ ဘယ်လိုလဲဆိုတာ ကြည့်ရအောင်၊ **သူ့**မျက်နှာကိုဖုံးထားတဲ့ဇာပဝါကို **ချွတ်လိုက်မယ်၊ သူ့ ရဲ့ ကိုယ်လုံးက**တော့ တကယ်လှပါတယ်၊ **မျက်နှာကတော့ လှမလှ** မ **သိနိုင်ဘူး**"

ချူကွန်သည် သူ့ရင်ထဲ၌တီးတိုးရေရွတ်မိလေ၏။ သို့သော် **သူသည်** ကိုရင်တစ်ပါးဖြစ်နေသည့်အတွက် ဇာပဝါကိုအတင်းအဓမ္မ ချွတ်ချ၍ မတော်ကြောင်းကိုလည်း စဉ်းစားမိလေ၏။

ညနေစောင်းသောအခါ အဆောင်နေ ကိုရင်လေးများအားလုံး ပြန်လည်ရောက်ရှိလာကြလေ၏။

ထိုကိုရင်များသည် စာပေသင်ကြားရန် သွားနေကြရခြင်းဖြစ်ပေသည်။

"ဘယ့်နှယ်လဲ ကိုရင်ချူကွန်၊ အေးအေးဆေးဆေးပဲ မဟုတ်လား"

"ငါကတော့ တစ်နှစ်ပြည့်ရင် လူထွက်တော့မှာဆိုတော့ အေးအေးဆေးဆေးပါပဲ"

ကိုရင်တစ်ပါးက ခွတ်ဆက်သဖြင့် ချူကွန်ကပြန်ပြောလိုက်ခြင်း ဖြစ်ပါသည်။

"ကျုပ်တို့ကတော့ အသက်နှစ်ဆယ်ပြည့်ရင် ဘုန်းတော်ကြီးဝတ်ကြပါမယ်၊ ဒီတော့ စာပေကျမ်းဂန်ပဲ ကြိုးစားသင်ရတော့တာပေါ့"

ကိုရင်တစ်ပါးက ပြောလိုက်ခြင်းဖြစ်ပါသည်။ အခြားကိုရင်တစ်ပါးက....

"ကိုရင်တွေ... ကိုရင်ချူကွန်နဲ့စကားများမနေကြနဲ့၊ ဘုရားခန်းကိုသွားပြီး ဝတ်ရွတ်ရဦးမယ်၊ ကိုရင်ချူကွန်က ဘာတာဝန်မှ မရှိဘူး၊ သူ့ကိုဆရာတော်အမိန့်နဲ့ တာဝန်ကျဆရာတော်ကြီးတွေကတောင် ခွင့်လွှတ်ထားတာ"

ကိုရင်များသည် ဘုရားခန်းသို့သွားပြီး ဝတ်ရွတ်ရန် ပြင်ဆင်ကြလေတော့၏။

ချူကွန်ကတော့ ကွပ်ပျစ်ပေါ်၌အိပ်ရင်း ကိုရင်များ၏ လှုပ်ပုံကိုင်ပုံကို ကြည့်နေလေ၏။

ထို့နောက် များမကြာမီ ကိုရင်ကလေးများသည် ဘုရားခန်းသို့ထွက်ခွာသွားကြတော့သည်။

ချူကွန်တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူသည် ဆက်လက် တွေးနေလေ၏။

သူ့အတွေးထဲ ဝင်လာသူမှာ လုံကုလည်း မဟုတ်ချေ။ ရောဂါသည်အဘိုးအိုလည်း မဟုတ်ချေ။ လူမားလည်း မဟုတ်ချေ။ စုရ



အင်းပင် ဖြစ်ပါလေတော့၏။

ညဦးသို့ရောက်သောအခါ ဘုရားခန်းမှ ကိုရင်ကလေးများမှာ များမကြာမီ အိပ်မောကျသွားလေတော့၏။

ချူကွန်သည် အိပ်ဆောင်မှအသာကလေး ထွက်လာလေ၏။

သူသည် အပြင်သို့ရောက်ခါမှ ရောဂါသည်အဘိုးအိုနှင့်ချိန်းဆိုထားသည့်ရက်မှာ ဤရက်မဟုတ်ကြောင်း သတိရလာသည်။

ထို့ကြောင့် သူသည် မထူးတော့ပြီဖြစ်၍ လူရှင်းသည့်ကျောင်းထောင့်သို့သွားကာ သိုင်းပညာလေ့ကျင့်လိုက်သည်။

ထို့နောက် အတွင်းအားပညာကိုလည်း လေ့ကျင့်သည်။ ပြီးစီးသောအခါမှ အိပ်ဆောင်သို့ပြန်လာလေတော့သည်။

သူသည် အိပ်ဆောင်သို့ဝင်သော်လည်း အိပ်မရသေးပါ။ မျက်စိကြောင်နေသည်။

သူသည် စိပ်ပုတီးကို ရုတ်တရက် သတိရလိုက်၏။ သူသည် စိပ်ပုတီးကို ဆုပ်ကိုင်လိုက်သည်။

"အင်း... အတော်အဖိုးတန်တဲ့ စိပ်ပုတီးပဲ၊ ဘယ်သူက လက်ဆောင်ပေးတာပါလိမ့်"

သူသည် စိပ်ပုတီးကို မည်သူပေးသည် တွေးနေလေ၏။ သူတွေးနေစဉ် သူ့ခါး သွေးကြောတစ်နေရာတွင် ကျဉ်ခနဲဖြစ်သွားပြီး သတိလစ်သွားလေတော့၏။

"ဟား... ဟား... ဟား"

ပြတင်းပေါက်မှဝင်လာသူက ခပ်အုပ်အုပ် ရယ်လိုက်လေ၏။

ကြီးမားသောခန္ဓာကိုယ်ကြီးတစ်ခုသည် တခွေသရဲပမာ အခန်းထဲသို့ရွေ့လျားလာပြီး အိပ်နေသော ကိုရင်လေးများ၏အိပ်ကြောင်းကို ထပ်မံပိတ်လိုက်လေတော့သည်။

သူသည် သတိမေ့နေသော ချူကွန်ကိုကြည့်ပြီး....

"ဟား... ဟား... ဟား၊ ဒီသူငယ်က ဘယ်ဆိုးလို့လဲ၊ ငါက ဖိဖိစီးစီး အကြောပိတ်လိုက်လို့သာပေါ့၊ သမန်ကာ လျှံကာ အကြောပိတ်လို့ ဒီသူငယ်သတိလစ်မှာ မဟုတ်ဘူး"

သူသည် ချူကွန်၏တစ်ကိုယ်လုံးကိုလက်နှစ်ဘက်ဖြင့် စမ်းသပ်သည်။ ဦးခေါင်းမှ ခြေဖျားအထိ စမ်းသပ်သည်။ လက်အောင်း၊ ရင်ဘတ်၊ ဝမ်းဗိုက်နှင့် ခြေသလုံးများမကျန် စမ်းသပ်စစ်ဆေးသည်။

"အင်း... တကယ့်သူငယ်ပဲ၊ ခန္ဓာကိုယ်ကတော့ တကယ့်သိုင်းပညာသင်လို့ကောင်းတဲ့ ခန္ဓာကိုယ်ပဲ၊ အချိုးအဆက်က သိုင်းသမားကောင်းပီသတဲ့ အချိုးအဆက်ပဲ၊ ရှားတယ်၊ဒီလိုခန္ဓာကိုယ်မျိုးရှားတယ်"

အတန်ကြာ စမ်းသပ်စစ်ဆေးပြီးမှ သူသည် ပြတင်းပေါက်ကိုကျော်ကာ ထွက်သွားတော့၏။

နောက်တစ်နေ့ နံနက်တွင် နားထဲသို့လူသံ သူသံ ဆူညံသံများ တိုးဝင်လာသဖြင့် ချူကွန်လန့်နိုးလာလေ၏။

ပထမတွင် သူ သည် အိပ်မက်မက်သကဲ့သို့ဖြစ်နေသည်။



ဆူဆူညံညံအသံများ ကြားရသောအခါ သူအိပ်မက်မက်ခြင်းမဟုတ်ကြောင်း သိရတော့သည်။

သူ မျက်လုံးဖွင့်လိုက်သည်။ မျက်နှာပေါင်းများစွာကိုတွေ့လိုက်ရသဖြင့် သူ အံ့သြသွားသည်။

ကိုရင်လေးများ၏ မျက်နှာများပေတည်း။ ကိုရင်လေးများ၏မျက်နှာများသည် သူ့အား ဝိုင်းရံကြည့်နေကြလေ၏။ ထိုမျက်နှာများမှာ **နိုးနိုးထိတ်ထိတ်လန့်နေကြလေ၏။**

**သူတို့သည်** ချူကွန်မျက်လုံးဖွင့်လာသည်ကိုတွေ့ရသောခါ အလွန်ဝမ်းသာသွားကြလေ၏။

ချူကွန်သည် ပတ်ဝန်းကျင်အသိုင်းအဝန်းကိုကြည့်ရှုစောင့်ရှောက်တတ်သဖြင့် သူသည် လူချစ်လူခင်များသောပုဂ္ဂိုလ်ဖြစ်သည်။

သူသတိရသည်ကို တွေ့ရသော ကိုရင်လေးများသည် ပျော်မြူးသွားကြလေ၏။

"ဟော... ဟော သတိရလာပြီ"

ကိုရင်လေးများသည် အော်ဟစ်ကြလေတော့၏။ ချူကွန်အလွန် အံ့သြသွားသည်။

သူတို့သည် မိမိကိုဝိုင်းကြည့်နေပါကလားဟူသော အသိဝင်လာသောအခါမှ ချူကွန်သည် သူ့ကိုယ်သူ သတိပြုမိတော့သည်။

သူ့ခန္ဓာကိုယ်၌ ချွေးများ စို့ရွှဲနေသည်ကို သူသိလိုက်ရသည်။

ထိုအခါ ချူကွန်သည် ထထိုင်ရန် ကြိုးစားမိတော့သည်။

သူ လူးလဲထရန် ကြိုးစားသောအခါ...

"မထနဲ့... မထနဲ့ မင်း နေမကောင်းဘူးဖြစ်နေတယ်"

ကိုရင်လေးများက ဝိုင်းတားကြသည်။

ထိုအခါ ချူကွန်က ပြုံးလိုက်သည်။

"ငါ ဘာမှမဖြစ်ပါဘူးကွာ၊ တကယ်ပါ၊ ဖြစ်ရင် ဖြစ်တယ်လို့ ပြောမှာပေါ့၊ မဖြစ်လို့မဖြစ်ဘူးလို့ ပြောတာပါ"

ချူကွန်သည် ထထိုင်လိုက်၏။ ထိုအခါမှ ဝိုင်းအုံကြည့်နေသူများ ရှဲ့ခနဲနောက်ဆုတ်သွားလေ၏။

ချူကွန်သည် သင်္ကန်းအင်္ကျီမှာ ချွေးများစိုရွှဲနေသဖြင့် ထိုအင်္ကျီကိုလဲလှယ်ရန် ချွတ်လိုက်ရလေ၏။

ကိုရင်လေးတို့က အော်လိုက်ကြပြန်သည်။

"ချူကွန်... မင်းရဲ့ကိုယ်ပေါ်မှာ အနီစက်ကလေးတွေကို တွေ့ရတယ်ဟေ့... ကြည့်ပါဦး"

ချူကွန်သည် အနီစက်များရှိသည်ဆို၍ အံ့သြသွားသည်။ သူသည် အနီစက်များကိုကြည့်လိုက်ရာ ခန္ဓာကိုယ်ပေါ်ရှိသွေးကြောဆယ်နေရာတွင် လက်ချောင်းထိပ်အရာကလေးများဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေ၏။

ချူကွန်သည် အံ့သြနေလေ၏။ သို့သော် သူ့ ကိုယ်၌ ဘာမျှ မခံ စားရသဖြင့် ပြုံးပြီးပြောလေသည်။

"ငါ ဘာမှမဖြစ်ပါဘူးကွာ၊ မင်းတို့သွားနိုင်ပါပြီ၊ လုပ်စရာရှိ ဘာကိုသာ သွားလုပ်ကြပါ"



ကိုရင်လေးများသည် ချူကွန်အား စိတ်မချသလို ကြည့်ကြသည်။

ချူကွန်က....

"စိတ်ချ လက်ချသာ သွားပါ၊ ငါ ဘာမှမဖြစ်ပါဘူး။ လူကောင်းအတိုင်းပါပဲ"

ကိုရင်လေးများသည် စိတ်ချလက်ချထွက်သွားကြတော့၏။ ထိုအခါကျမှ ချူကွန်သည် တင်ပျဉ်ခွေထိုင်၍ အခြေအနေကိုသုံးသပ်ရတော့သည်။

"တစ်ယောက်ယောက်က ငါ့ကိုအိပ်ကြောဝိတ်ပြီးမှ ငါ့ရဲ့သွေးကြောဆယ်နေရာကို ထောက်ခဲ့တာပဲ"

သူသည် ညက အဖြစ်အပျက်ကို ပြန်စဉ်းစားကြည့်သည်။ ခါးနှံ့ ကျင်ခနဲဖြစ်သွားပြီး သူသတိမေ့သွားသည်ကို သိသည်။

"သူက ဘာသဘောနဲ့ ငါ့မေ့ကြောကိုထောက်ရတာလဲ၊ ငါ့ကိုလုပ်ကြံမယ်ဆိုရင် ဒါလောက်တောင် အကြောတွေပေါ်ထောက်နေစရာ မလိုပါဘူး"

သူ မည်သို့စဉ်းစားစဉ်းစား အကြောင်းရင်းကိုရှာမတွေ့ချေ။ နောက်ဆုံး ရောဂါသည်အဘိုးအိုကိုမေးရန် ဆုံးဖြတ်လိုက်ရသည်။

ဤသို့ဖြင့် ညအချိန်သို့ ရောက်ရှိလာလေ၏။

ချူကွန်သည် ကျောင်းဝင်းအပြင်သို့ထွက်လာခဲ့၏။ သူသည် လိုဏ်ဂူရှိရာသို့ ရောက်ရှိလာလေ၏။

လိုဏ်ဂူထဲသို့ရောက်သည်နှင့် အဘိုးအိုၢ်ချောင်းဆိုးသံကို ကြားလိုက်ရတော့သည်။ သူသည် စိတ်မကောင်းဖြစ်သွားသည်။

"ဘဘ... ဟာ... ချောင်းသိပ်ဆိုတာပဲ၊ ဒီရောဂါကပဲ သူ့အသက်ကို နုတ်ယူသွားမယ်နဲ့တူတယ်"

လိုဏ်ဂူကိုချိုးကွေ့လိုက်သည်နှင့် အဘိုးအိုကိုတွေ့လိုက်ရတော့၏။ အဘိုးအိုသည် သူ့ခနီး၏အရိုးစုဘေး၌ ထိုင်နေသည်။

ချူကွန်သည် အဘိုးအိုရှေ့၌ ဒူးတုတ်၍ထိုင်လိုက်သည်။

"ဘဘ... ချောင်းဆိုးလှချည်လား၊ ဒီလိုဏ်ဂူထဲမှာ နေနေလို့နဲ့တူတယ်"

အဘိုးအိုသည် မချိပြုံး ပြုံးလိုက်သည်။

"မဟုတ်ပါဘူးကွာ၊ ခါတိုင်းဆိုရင် ချောင်းမဆိုးပါဘူး၊ အခုတော့ ကျန်းမာရေး ပိုချို့တဲ့လာလို့ ဖြစ်မှာပေါ့ကွယ်"

ချူကွန်သည် စိတ်မကောင်းဖြစ်နေသည်။

အဘိုးအိုက....

"ဒါတွေ ထားလိုက်ပါကွယ်၊ ဒါတွေဟာ အသေးအဖွဲ့ပါ၊ ကဲ... လာစမ်း၊ မင်းရဲ့ပညာတိုးတက်မှုရှိ မရှိ ငါသိချင်တယ်"

ချူကွန်သည် ရှေ့သို့တိုးသွားရလေ၏။

အဘိုးအိုသည် သူ့လက်ချောင်းဖြင့် ချူကွန်၏ပခုံးပေါ်သို့ ထိုးစိုက်လိုက်၏။

ရောဂါသည်အဘိုးအိုအား ရောဂါရှိသည်ဟူ၍ အထင်သေး၍မရပါ။



အဘိုးအို၏အတွင်းအားမှာ အံ့ဩစရာကောင်းလောက်အောင် ထက်မြက်ကောင်းမွန်လှပါသည်။

ချူကွန်၏ပခုံးတစ်ခုလုံး နာကျင်ခံစားလာရပါသည်။

ချူကွန်သည် သူ၏အတွင်းအား စုစည်း၍ခုခံရပါသည်။

အဘိုးအို၏လက်ချောင်း နှစ်ချောင်းသည် သံတစ်ပမာ ချူကွန်၏ပခုံးသို့ စိုက်ဝင်နေ၏။

ချူကွန်သည် အစွမ်းကုန်ခုခံနေရရှာ အသံပင်မထွက်နိုင်အောင် ဖြစ်နေရသည်။ ချွေးသီးချွေးပေါက်များလည်း တဒီးဒီး ကျနေရသည်။

အဘိုးအို၏စမ်းသပ်မှုမှာ ရပ်ဆိုင်းသွား၏။ အဘိုးအိုကမော ဟိုက်စွာ ပြောလိုက်သည်။

"မင်း အတော်တိုးတက်လာတာပဲ၊ ငါ ဝမ်းသာလိုက်တာ"

ချူကွန်သည် ချွေးများကို သုတ်လိုက်ရ၏။

အေးစိမ့်နေသော လိုဏ်ဂူအတွင်း၌ ချွေးဒီးဒီးကျရခြင်းအတွက် သူ မည်မျှခုခံရသည်ကို သိရှိနိုင်ပါသည်။

"ကျွန်တော် နေ့တိုင်းလေ့ကျင့်တဲ့အကျိုးပါပဲ ဘဘ"

အဘိုးအိုက....

"မြန်လိုက်တာ၊ နောက်သုံးရက်ဆိုရင်(၈)လ (၁၅)ရက်ရောက်ပြီ၊ မုန့်စားရာသီကိုရောက်ပြီလို့ ဆိုနိုင်တယ်၊ ဒီရက်ဟာ ရက်ထူးရက်မြတ်ပါ၊ ဒါပေမယ့် မင်းနဲ့ငါ့အဖို့တော့ မင်္ဂလာရှိတဲ့ရက်တော့ မဟုတ်ပါဘူး"

ချူကွန်သည် အဘိုးအိုပြောသည့်စကားကို နားမလည်ပါချေ။ သို့သော် အရေးလည်း မထားပါ။

"နောက်လာမယ့်နှစ်ထဲမှာ ကျွန်တော် လူဝတ်လဲတော့မှာပဲ ဘဘ"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ငါတောင် မေ့နေတယ်၊ အဲဒီအချိန်ကျရင် မင်းရဲ့အောင်မြင်မှုကို ငါမြင်နိုင်ပါ့မလားဆိုတာ မပြောတတ်တော့ပါဘူး"

ချူကွန်မှာ စိတ်ထိခိုက်သွားသည်။ သူသည် အဘိုးအိုကို ကြည့်လိုက်သည်။

အဘိုးအို စိတ်ပြောင်းသွားစေရန် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

ချူကွန်က...

"ဘဘကို တစ်ခုပြောစရာရှိပါတယ်"

"ဘာလဲ ပြောပါ"

"ညတုန်းက တစ်ယောက်ယောက်ဟာ ကျွန်တော့်အိပ်ဆောင်ထဲကိုဝင်လာတယ်၊ ဝင်လာတာကိုတော့ ကျွန်တော်မမြင်ရပါဘူး.. ခါးမှာ ကျင်ခနဲဖြစ်ပြီး ကျွန်တော်သတိလစ်သွားတယ်၊ နောက်တော့ ကျွန်တော့်သွေးကြောတွေကို အဲဒီလူက နှိပ်ပေးသွားပါတယ်"

"ဟုတ်လား... မင်းအင်္ကျီချွတ်ပြစမ်း"

ချူကွန်က သင်္ကန်းအင်္ကျီ ချွတ်ပြလိုက်သည်။



အဘိုးအိုသည် မျက်စိကိုမှိတ်ပြီး ချူကွန်၏သွေးကြောများကို စမ်းသပ်လိုက်၏။

"ဒီနေရာက အနှိပ်ခံရသလား"

"ဟုတ်တယ် ဘဘ"

"နာသလား။ ဒါမှမဟုတ် ယားသလား"

"နာလဲ မနာဘူး၊ ယားလဲ မယားဘူး ဘဘ"

အဘိုးအိုသည် အတန်ကြာစမ်းသပ်ပြီးမှ အဘိုးအိုသည် လက်ကိုရုပ်သိမ်းလိုက်၏။

အဘိုးအိုက....

"ချူကွန် အင်္ကျီပြန်ဝတ်လိုက်တော့ဟေ့"

ချူကွန်သည် သင်္ကန်းအင်္ကျီကို ပြန်လည်ဝတ်ဆင်လိုက်၏။

"ဘဘ... အန္တရာယ်ရှိသလားဟင်"

အဘိုးအိုသည် ခေါင်းကိုခါယမ်းပြလိုက်၏။

"ဒီလူက မင်းကိုအန္တရာယ်မပြုပါဘူး။ မင်းရဲ့အတွင်းအားနဲ့ သွေးကြောတွေကို ဖွင့်ပေးသွားတာ"

ချူကွန် အံ့ဩသွား၏။

"သူ့ကို ကျွန်တော်မသိဘူး၊ သူက ကျွန်တော့်ကိုမသိဘူး၊ မသိတဲ့လူ အချင်းချင်း ဘာဖြစ်လို့ အကူအညီပေးရမှာလဲ၊ ကျွန်တော်ကတော့ ဘာကိုမှနားမလည်တော့ဘူး ဘဘရာ"

အဘိုးအိုက....

"ဒီလူဟာ မှော်လက်ဝါး ပညာတတ်တဲ့လူပဲ"

**အဘိုးအိုက** စကားကိုဆက်လိုက်သည်။

**"သိုင်းလောကမှာ** ဒီလောက်အဆင့်မြင့်တဲ့သိုင်းသမားဟာ မများပါဘူး။ ဒါပေမယ့် ဒီလူဟာ မင်းဆရာတော့ မဖြစ်နိုင်ဘူး။ မင်းရဲ့ ဆရာလို့ကုဆိုရင်လဲ ဒီလိုခိုးကြောင်ခိုးဝှက်တော့ လုပ်မှာမဟုတ်ဘူး"

"ဟာ... ဆရာ မဖြစ်နိုင်ပါဘူး။ ဆရာဆိုရင် ဟော့ကောင် လာစမ်း၊ မင်းကိုအတွင်းအားနဲ့သွေးကြောဖွင့်ပေးမယ်ပြောပြီး ဖွင့်ပေးနိုင်ပါတယ်၊ ဒီလူ ဘယ်သူဖြစ်နိုင်သလဲဟင် ဘဘ"

အဘိုးအိုက....

"မဟုတ်မှလွဲရော... မင်းရဲ့ဖောက်သည်တစ်ယောက်တိုး လာပြီလို့ မှတ်လိုက်ပေတော့"

"ဖောက်သည်တစ်ယောက်တိုးလာပြီ ဟုတ်လား"

"ဟုတ်တယ်"

**"ကျွန်တော်**တော့ လုံးဝနားမလည်တော့ဘူးဘဘ"

**အဘိုးအိုသည်** အဝေးသို့ငေးကြည့်နေပြီးမှ ဖြည်းညင်းစွာ ပြောလေ**၏**။

"မင်းရဲ့ဆရာအကြောင်း မင်းသိရဲ့လားဟင်"

"ခင်ဗျာ...."

"မင်းဆရာ မင်းကိုသိုင်းပညာသင်ပေးနေတာ အကြောင်း တစ်ခုရှိနေတယ်"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ကျွန်တော်သိပါတယ် ဆရာ၊ ဆရာလဲ ပြောဖူးပါတယ်"



အဘိုးအိုက ပြောလိုက်၏။

"ငါ မင်းကို သိုင်းပညာပေးနေတာလဲ မင်းဆရာလိုအကြောင်းတစ်ခုရှိနေလို့ပဲ ဖြစ်တယ်ဆိုတာကို မင်းသိပါလိမ့်မယ်"

"ဟုတ်ကဲ့... ဆရာလဲ ပြောထားတာပဲ"

"အဲ့ဒီလူကလဲ...."

"ဟင်... ဘဘ"

"ဟုတ်တယ်... သူက မင်းရဲ့**အတွင်းအားနဲ့**သွေးကြောတွေ ဖွင့်ပေးထားတာ မင်း သိုင်းပညာသင်**တဲ့အခါ** ထက်ထက်မြက်မြက် ဖြစ်အောင်လို့ပဲ၊ ဒီတော့ ငါစဉ်းစားတယ်၊ ဒီလူရဲ့ရည်ရွယ်ချက်ဟာ ဘာလဲလို့၊ သူဟာ ငါတို့လုပ်ချင်တဲ့ကိစ္စနဲ့ ထပ်တူထပ်မျှ မင်းကိုလုပ်နိုင်းမယ်လို့ ငါယူဆတယ်"

ချူကွန် စဉ်းစား၍ပြောလိုက်သည်။

"ကျွန်တော့်ကို ဆရာတို့ ဘဘတို့က သိုင်းပညာဝိုင်းပြီးသင်ပေးနေကြတယ်၊ တခြားသင်ပေးချင်တဲ့ လူတွေကလဲ ပေါ်လာတယ်၊ ဆရာတို့ ဘဘတို့အတွက် ဘယ်လိုတာဝန်မျိုးထမ်းဆောင်ပေးရမလဲ ဆိုတာ ပြောပြပါလားဘဘရယ်"

အဘိုးအိုက ပြုံးလိုက်သည်။

"မင်းကို ငါပြောမယ်"

ချူကွန်သည် အဘိုးအိုကို သေချာစွာကြည့်သည်။

အဘိုးအိုက....

"မင်းကို သိုင်းပညာသင်ပေးတဲ့လူတွေရှိတယ်၊ နောင်ရှ"

ရှိမလာဘူးလို့မပြောနိုင်ဘူး၊ အဲဒီလူတွေက မင်းကိုသိုင်းပညာသင်ပေးတာဟာ မင်းကိုချစ်လို့ဆိုရင် အဲဒီလူတွေ လိမ်ပြောနေပြီသာမှတ်ပေတော့"

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"လူဆိုတာ အတ္တသမားတွေပါ။ အားလုံးဟာ ကိုယ့်အကျိုးကိုပဲ ကြည့်ကြပါတယ်"

ချူကွန်သည် နားထောင်နေလိုက်သည်။

အဘိုးအိုက သူ့စကားကို ဆက်ပြန်သည်။

"တချို့ကတော့ စိတ်ကောင်း စေတနာကောင်း ရှိကြပါတယ်၊ အဆင်မပြေတဲ့လူ ဒုက္ခရောက်တဲ့လူတွေကို ကူညီချင်ကြပါတယ်၊ တချို့လူတွေက အဲဒီလိုလူမျိုးတွေကို လူပေါ်ကြီးလို့သတ်မှတ်ပြီး ကွယ်ရာမှာ ရယ်မောတတ်ကြတယ်"

အဘိုးအိုသည် သက်ပြင်းချလိုက်ပြီး...

"အဲဒီလိုဖြစ်လာတော့ စိတ်ကောင်း စေတနာကောင်းထားတဲ့လူတွေဟာ တစ်နေ့တခြား နည်းပါးလာတော့တာပေါ့"

ချူကွန်က....

"ဘဘပြောတာ မှန်ပါတယ်၊ တကယ်ဖြောင့်မတ်တဲ့လူဟာ သူလုပ်ရမယ့်အလုပ်ကို စိုက်လိုက်မတ်တတ် လုပ်သင့်ပါတယ်၊ စေတနာဟာ တစ်နေ့အကျိုးပေးပါတယ်"

အဘိုးအိုက ပြုံး၍ပြောလိုက်၏။

"မင်းပြောတာ ဟုတ်သင့်သလောက် ဟုတ်ပါတယ်၊ ဒါပေမယ့် လူတစ်ယောက်ဟာ စိတ်ကောင်း စေတနာကောင်းနဲ့ တစ်ကြိမ်နှစ်ကြိမ် သုံးကြိမ်ပြုလုပ်ခဲ့ပြီးတဲ့နောက် ချီးကျူးမယ့်လူမရှိဘဲနှင့် ကဲ့ရဲ့တာပဲ ခံနေရရင် သူဟာ ဘယ်လောက်ကြာကြာလုပ်နိုင်မှာလဲ"



ချူကွန်က....

"အများကောင်းကျိုးလုပ်တဲ့လူဟာ ဘယ်တော့မှကိုယ့်ကိုယ်ကို မကြည့်ပါဘူး ဘဘရာ"

အဘိုးအိုသည် ရယ်မောလိုက်သည်။

"ကဲလေ... ဒါတွေပြောနေရင် ရှည်ပါတယ်၊ မင်းကိုသိုင်းပညာသင်ပေးနေကြတာဟာ ကိုယ်ကျိုးအတွက်နဲ့သင်ပေးနေကြတာလို့ ဘဘထင်တယ်၊ ယုံလည်း ယုံတယ်"

"ကျွန်တော် ဒီအကြောင်းတွေကို သိချင်လိုက်တာ ဘဘရယ်"

အဘိုးအို သက်ပြင်းချလိုက်၏။

"ဟင်း...."

ထို့နောက် အဘိုးအိုက....

"ငါတို့ မင်းကိုသိုင်းပညာသင်ပေးတာ ရည်ရွယ်ချက်ရှိပါတယ်၊ အဲဒါကို ငါပြောပြမယ်"

ချူကွန်က နားထောင်နေ၏။

အဘိုးအိုက ဆက်ပြောသည်။

" ငါ မင်းကိုယောဂသိုင်းပညာသင်ပေးတာ အကြောင်းတစ်ခုကြောင့် ဖြစ်တယ်၊ အဲဒီအကြောင်းကတော့ လွန်ခဲ့တဲ့ (၁၈) နှစ်

လောက်က ဖြစ်ပျက်ခဲ့တဲ့အဖြစ်တစ်ခုကြောင့်ပါပဲကွယ်"

ချူကွန်သည် လွန်ခဲ့သည့် (၁၈) နှစ်ဆိုသည့်စကားကို ပြန်လည်မြင်ယောင်မိသည်။

ထိုအခါ…

"ချမ်းချမ်းကျူသိုင်းနဲ့ ပတ်သက်နိုင်တာပေါ့နော်"

အဘိုးအို အံ့ဩသွားလေ၏။

"မင်း ဘယ်လိုလုပ်သိလိုက်သလဲ"

ချူကွန်သည် ချမ်းချမ်းကျူသိုင်းကျမ်း၊ အီစဘုန်းတော်ကြီးနှင့် ကျောင်းထိုင်ဆရာတော်တို့အကြောင်း မပြောဝံ့ချေ။

ထို့ကြောင့် လူမားမေမေကြီးပြောပြသည့်အကြောင်းများကို ပြန်လည်ပြောပြလိုက်ရတော့သည်။

"လူမားမေမေကြီး ပြောပြတဲ့ပုံပြင်ထဲမှာ ပါတယ်၊ သူက ကျွန်တော့်ကို ပုံပြင်ဆိုပြီး ပြောပါတယ်၊ တကယ်တော့ ပုံပြင်မဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်"

"လူမား ဟုတ်လား"

"ဟုတ်ပါတယ်"

အဘိုးအိုသည် အံ့ဩသွားသည်။

"ဒီအဘွားကြီး သေသင့်တာကြာပြီ၊ အခုအထိ မသေသေးပါလား၊ စင်းကျန်နယ်မှာ ခြေလာရှုပ်နေသေးသလား"

ချူကွန်သည် လူမားနှင့်တွေ့ဆုံခဲ့သည့်အကြောင်းမှာ လျှို့ဝှက်ချက်မဟုတ်သဖြင့် ရောဂါသည်အဘိုးအိုအား အားလုံးပြောလိုက်





သည်။

ထို့ပြင် လူမားပြောပြသည့်ပုံပြင်အကြောင်းကိုလည်း ပြောပြလိုက်၏။

"ဒါပေမယ့် သူက ပုံပြင်ကိုတစ်ပိုင်းတစ်လက်စနဲ့ ပြောသွားတာပါ။ နောက်ပိုင်း ပုံပြင်ကိုဆက်ပြောပါလို့ ပြောတော့ သူက မပြောတော့ဘူး။ ကျွန်တော့်ကို တစ်ယောက်ယောက်က ပြောပါလိမ့်မယ်လို့ပြောတယ်"

အဘိုးအိုသည် နားထောင်နေ၏။

ချူကွန်က…

"ဒီကြားထဲမှာ လူတစ်ယောက်က တစ်စုံတစ်ခုနဲ့လာပစ်သွားလို့ ကျွန်တော်သေလုမျောပါး ရှောင်လိုက်ရတယ်၊ နောက်ကျတော့ စက္ကူလုံးတစ်လုံးဖြစ်နေတယ်၊ စာရေးထားတဲ့စက္ကူလုံးပေါ့၊ အဘွားကြီးကလဲ တတွတ်တွတ်ပြောနေတာပဲ၊ ဘာတွေပြောနေမှန်းတော့ ကျွန်တော်လဲ မသိဘူး"

အဘိုးအိုက ပြောသည်။

"ဒီအဘွားကြီးက ဘာမဆို စိတ်ထဲမှာ မထားတတ်ဘူး၊ စိတ်ထဲရှိတာ အကုန်ပြောတာပဲ၊ သူသိရင် အားလုံးသိတာပဲ၊ ပြည်မကအကြောင်းလဲမကျန်ဘူး၊ စင်းကျန်ဒေသက အကြောင်းလဲ မကျန်ဘူး၊ နယ်ခြားဒေသက အကြောင်းလဲ မကျန်ဘူး၊ စက္ကူလုံးနဲ့ပစ်ပြေးတဲ့လူကိုခန့်မှန်းလို့ ရပါတယ်ကွာ"

ချူကွန်က…

"အဲဒီလူမားမေမေကြီးက ပုံပြင်ဆိုပြီး ကျွန်တော့်ကိုပြောတာပဲ၊ တဖြည်းဖြည်းနဲ့ သက်ရှိလူ့လောကနဲ့ တူလာလို့ ကျွန်တော်စိတ်ဝင်စားလာတယ်၊ ကျွန်တော်က ပြောပါဆိုတော့ မပြောတော့ဘူး၊ အဲဒီစက္ကူလုံးနဲ့ပစ်သွားတဲ့လူကြောင့် သူစိတ်ပြောင်းသွားတာ၊ လွန်ခဲ့တဲ့(၁၈)နှစ်က အဖြစ်အပျက်တွေကို ကျွန်တော်သိပ်သိချင်ပါတယ် ဘဘ"

အဘိုးအိုသည် ခေါင်းငုံ့ပြီးနားထောင်နေသည်။

အတန်ကြာသောခါမှ သက်ပြင်းချလိုက်ပြီး....

"လွန်ခဲ့တဲ့(၁၈)နှစ်က ကြီးမားတဲ့အဖြစ်အပျက်ကြီး တကယ်ဖြစ်ပွားခဲ့တာပါ၊ အဲဒီမှာ ပြည်မက သိုင်းသမားတွေတော်တော်ဒုက္ခရောက်ခဲ့ကြပါတယ်၊ ဖြစ်ပုံက ဒီလိုပါ၊ ပြည်မက သိုင်းပညာရှင်တော်တော်များများဟာ စင်းကျန်လူမျိုးဆင်ထားတဲ့ ထောင်ချောက်ထဲကိုကျရောက်ခဲ့ရပါတယ်၊ ဒီသိုင်းပညာရှင်တွေဟာ ဒုက္ခလဲရောက်၊ နာမည်လဲပျက်တဲ့ဘဝမျိုးကို ဆိုက်ရောက်ခဲ့ရပါတယ်"

အဘိုးအိုက ဆက်ပြောသည်။

"အဲဒီလူတွေထဲမှာ ငါတို့ပါလာတာပေါ့ကွာ၊ ကနေ့တိုင်အောင် အသက်ရှင်သန်နေရတဲ့ကိစ္စမှာ ငါတို့ဟာ ငါတို့ရဲ့ဂုဏ် ငါတို့ရဲ့ သိက္ခာကိုပြန်ဆယ်လိုတဲ့အတွက်လဲ ဖြစ်ပါတယ်၊ တို့ရဲ့ဂုဏ်သိက္ခာကိုပြန်နလန်ထူနိုင်ရေးအတွက် ငါတို့ဟာ သီးခံပြီး စောင့်နေကြရတာပါ"

သူက ချူကွန်ကိုကြည့်လိုက်ပြီး....

"အခု သိုင်းသမားတွေ တစ်ယောက်ပြီးတစ်ယောက် မင်း



ကိုသိုင်းပညာသင်ပေးချင်ကြတယ် မဟုတ်လား၊ သူတို့ရဲ့အကောင်းဆုံးပညာတွေကို မင်းတတ်မြောက်ပြီး သူတို့ဆုံးရှုံးသွားခဲ့ကြရတဲ့ သိက္ခာကို နလန်ပြန်ထူချင်ကြတယ်၊ မင်းကို အားကိုးလာကြတာပေါ့ကွာ"

ချူကွန်မှာ လန့်သွားသည်။

"ဘယ်လိုဖြစ်တာလဲ ဘဘ၊ အပြည့်အစုံ ပြောပြပါလားဘဘရယ်"

အဘိုးအိုက....

"မင်းက ဘာဖြစ်လို့ ဒီလောက်တောင် သိချင်နေရတာလဲ၊ အခုနေ သိရလို့လဲ ဘာမှမထူးသေးပါဘူး"

ချူကွန်က....

"ကျွန်တော်မသိချင်ဘဲ ရှိပါ့မလား ဘဘရာ၊ နောက်ဆုံးတော့ ကျွန်တော်ပဲ ဦးဆောင်ဖြေရှင်းရမှာမဟုတ်လား"

## အခန်း (၁၀)

### စိပ်ပုတီးလက်ဆောင်ပေးသူ

ညသန်းခေါင်ယံသို့ရောက်သောအခါ ထိုလူသည် ထပ်မံရောက်ရှိလာပြန်၏။

ချူကွန် မမေးနိုင်မီမှာပင် သူ့မေ့ကြောကို ထိုလူက နှိပ်လိုက်သဖြင့် ချူကွန်သတိလစ်သွားတော့သည်။

ထိုလူသည် ချူကွန်၏သွေးကြောများကိုနှိပ်နယ်ပေးနေတော့၏။

ချူကွန်မှာ သတိမလစ်ခင်က သတိထားနေသည်။ ထိုလူကို အမျိုးသားလော၊ အမျိုးသမီးလော မသိရခင်မှာပင် လူသတိမေ့သွားသည်။

နောက်တစ်နေ့ နံနက်ခင်းတွင် သူသတိပြန်ရလာလေ၏။



ထုံးစံအတိုင်း သူ့တစ်ကိုယ်လုံး ချွေးများစို့ရွှဲနေသည်။

နံနက်ဝေလီဝေလင်းဖြစ်နေသဖြင့် နှင်းများ မှုန်နေသည်။

ချူကွန်သည် ကျောင်းဝင်းအပြင်၌ လူရိပ်တစ်ခုဖြတ်သန်းသွားသလိုမြင်လိုက်ရသဖြင့် မတ်တတ်ထကြည့်သည်။

ကျောင်းသို့ဘုရားဖူးများ ရောက်လာတတ်သော်လည်း ဤအချိန်၌ ရောက်မလာတတ်ပါ။ သည့်ထက် နောက်ကျမှ ရောက်လာတတ်ကြပါသည်။

သူအသေအချာကြည့်သောအခါ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း တွေ့ရလေ၏။

ထိုမိန်းကလေးသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ဖိနပ်မှာ အဝတ်ဖိနပ်မဟုတ်ချေ။ သားရေဖိနပ်ဖြစ်သည်။ သူ၏ကျစ်ဆံမြီးမှာ ခါးအထိကျဆင်းနေ၏။

ချူကွန်သည် ထိုမိန်းကလေး၏မျက်နှာကိုအသေအချာကြည့်လေ၏။

မိန်းကလေး၏မျက်နှာပေါ်တွင် အနက်ရောင်ဇာပဝါ တစ်ခုလွှမ်းခြုံထားသည်ကို တွေ့ရှိရလေ၏။

ချူကွန် ရင်ထိတ်သွားသည်။

"စုစုအင်းပါလား"

သူသည် အဆောင်ထဲမှထွက်ပြီး ကြည့်လိုက်၏။

မိန်းကလေးက သူ့ကိုတစ်ချက်လှည့်ကြည့်လိုက်သည်။ မိန်းကလေးက သူ့အား ရှေ့သို့လက်ညှိုးထိုးပြသည်။ ထို့နောက် ပြေး

ထွက်သွားလေတော့၏။

ချူကွန်သည် ဘုရားကျောင်းဝင်းအုတ်တံတိုင်းပေါ် ခုန်တက်ပြီး ထိုမိန်းကလေးပြေးသွားသည့်နေရာသို့ လိုက်လေ၏။

ထိုမိန်းကလေးသည် ကျောင်းဝင်းနှင့် အတော်ဝေးသည့်နေရာသို့ ပြေးလေ၏။

စုစုအင်းဆိုလျှင် ဘုရားကျောင်းအနီး၌လည်း စကားပြောဆိုတတ်ပေသည်။

ချူကွန်သည့် အံ့သြသွား၏။ အံ့သြသော်လည်း ထိုမိန်းကလေးနောက်သို့ပြေးလိုက်ရသည်။

ကျောင်းနှင့် အတော်ဝေးသောအခါ မိန်းကလေးက ရပ်လိုက်သည်။ ထိုအခါ ချူကွန်လည်း ရပ်တန့်လိုက်ရတော့သည်။

သူမသည် ခစ်ခနဲ ရယ်မောလိုက်တော့သည်။ ထိုအခါ ချူကွန် သိလိုက်လေပြီ။ စုစုအင်း မဟုတ်တော့ပြီ။ ချူကွန် စိတ်ပျက်သွားမိလေ၏။

"လာလေ... ကိုရင်၊ ဘာလုပ်နေတာလဲ"

ချူကွန်မှာ ရှေ့သို့မတိုးပေ။ ထိုမိန်းကလေးက စင်းကျန်ဒေသစကားဖြင့် ပြောလိုက်သောကြောင့်တည်း။

မိန်းကလေးက တခစ်ခစ်ဖြင့် ရယ်မောလိုက်၏။ မျက်နှာကိုဖုံးအုပ်ထားသော ဇာပဝါနက်သည် လွင့်ရှားသွားသည်။

"ကျွန်မပြောနေတာကို မကြားဘူးလား။ ရှေ့တိုးပါလို့ ပြောနေတယ်လေ"



ချူကွန်က မိန်းကလေးအား အသေအချာကြည့်လိုက်၏။

"ဒကာမလေးက ဘယ်သူလဲ၊ ဒကာမလေးကို ကိုရင်မသိပါလား"

မိန်းကလေးက တခစ်ခစ် ရယ်မောလိုက်၏။

"ကျွန်မကို ကိုရင်မသိပေမယ့် ကျွန်မက ကိုရင့်ကိုသိပါတယ်"

သူမက ကိုရင်ချူကွန်၏လည်ပင်းမှာ ရွပ်ထားသော စိပ်ပုတီးကို ညွှန်ပြလိုက်သည်။

"ရှင့်လည်ပင်းက စိတ်ပုတီးဟာ ကျွန်မရဲ့စိပ်ပုတီးပါ၊ ကျွန်မကိုရင့်ကို သိတယ်ဆိုတာ ထင်ရှားနေတာပေါ့"

ချူကွန်၏ မျက်နှာတစ်ပြင်လုံး နီရဲသွားသည်။

"ဒကာမလေးရဲ့ ပစ္စည်းမှန်းမသိလို့ ဆွဲထားမိတာပါ၊ နို့မို့ဆိုရင် ကိုရင်ဆွဲမထားပါဘူး။ အခုလဲ ဒကာမလေးရဲ့ပစ္စည်းကို...."

ချူကွန်သည် စိပ်ပုတီးကိုချွတ်ရန် ပြင်လိုက်၏။

မိန်းကလေးက လက်ကာပြလိုက်လေ၏။

"ရှင်ကလဲ တကယ်ယုံတာပဲကိုး။ ကျွန်မရဲ့စိပ်ပုတီးက ဘယ်လိုလုပ်ပြီး ရှင့်လည်ပင်းမှာရောက်နေမှာလဲ၊ ကျွန်မက တန်ခိုးရှင်မှ မဟုတ်တာ၊ ရောက်စေလို့ဆိုလိုက်တာနဲ့ ကျွန်မရဲ့စိပ်ပုတီးက ရှင့်လည်ပင်းကိုရောက်မသွားဘူးရှင့်"

ချူကွန်က....

"ဟုတ်တယ်... ကျုပ်လဲ နားမလည်နိုင်အောင်ဖြစ်နေရပါ

တယ်၊ ဒီစိပ်ပုတီးဟာ ကျုပ်ရဲ့ကွပ်ပျစ်ပေါ်ကို ရောက်နေခဲ့တာဗျ"

မိန်းကလေးက ရယ်ရင်း....

"ရှင်ပဲ စဉ်းစားကြည့်လေ၊ ကျွန်မပစ္စည်းပျောက်တယ်ပဲထား၊ ကျွန်မက ဘုရားကျောင်းဝင်းအပြင်မှာနေတာ၊ ရှင်က ဘုရားကျောင်းဝင်းထဲမှာနေတာ၊ ကျွန်မပစ္စည်းက ဘယ့်နှယ့် ရှင့်ကွပ်ပျစ်ပေါ်ရောက်နေရမှာလဲ"

ချူကွန် ခေါင်းရှုပ်သွားသည်။ သူသည် စိပ်ပုတီးကွပ်ပျစ်ပေါ် ရောက်လာသည့်ကိစ္စသို့ ပြန်လည်စဉ်းစားနေရသည်။

"ကျုပ် စဉ်းစားရခက်တယ်ဗျာ၊ ပုတီးက ဘယ်လိုလုပ်ပြီး ကွပ်ပျစ်ပေါ်ရောက်နေရတာလဲ"

မိန်းကလေးက **တခစ်ခစ်ရယ်မောပြီး....**

"အလကားပါ... **ကျွန်မလက်ဆောင်ပေးတာပါ"**

ချူကွန်က....

"ကျုပ်က ဒကာမလေးကိုမှမသိဘဲ၊ ဘာကြောင့် ဒကာမလေးက ကျုပ်ကိုလက်ဆောင်ပေးရတာလဲ"

မိန်းကလေးက ပြောလိုက်သည်။

"ကျွန်မက လူတကာကိုလက်ဆောင်လိုက်ပေးနေတာ မဟုတ်ပါဘူး။ ကိုရင့်ကို တမင်စေတနာရှိလို့ပေးတာပါ။ ကိုရင် လက်ခံလိုက်ပါ"

ချူကွန်သည် တွေဝေနေလေ၏။

မိန်းကလေးက ပြုံးလိုက်ပြီး....



"ကျွန်မဟာ စင်းကျန်လူမျိုးဖြစ်ပါတယ်၊ နာမည်က 'မိုလင်းနု'ဖြစ်ပါတယ်၊ အသက်က (၁၇)နှစ်ပါ"

တွေဝေနေသော ချူကွန်သည် ယတိပြတ်ဆုံးဖြတ်ချက်ချသွား၍ ရသည်။ သူသည် စိပ်ပုတီးကိုချွတ်၍ မိုလင်းနုကိုပြန်ပေးသည်။

မိုလင်းနုက....

"ကျွန်မ ဒီစိပ်ပုတီးကိုလက်ဆောင်ပေးတာအကြောင်းရှိပါတယ်၊ အကြောင်းမဲ့သက်သက် မဟုတ်ပါဘူး"

"အကြောင်းကိုပြောပါ ဒကာမလေး"

"ကျွန်မကို ဒကာမလေးကိုမခေါ်ပါနဲ့၊ နာမည်ကိုခေါ်ပါ၊ နာမည်ပြောထားတာပဲ"

"ကောင်းပါပြီ၊ မိုလင်းနု"

မိုလင်းနုက....

"ကျွန်မအဖေက အသက်ကြီးပါပြီ၊ ဒါပေမယ့် ကျွန်မမှာ အမေနှစ်ယောက်ရှိပါတယ်၊ သူတို့ဟာ အမြဲစိတ်သောကရောက်နေကြတာပဲ၊ သူတို့ဘဝမှာ ပျော်ရွှင်မှုမရှိသလို ဖြစ်နေရပါတယ်၊ သူတို့ရဲ့ သောကဝေဒနာတွေ ပျောက်ကင်းအောင် ကိုရင့်အနေနဲ့ဘုရားစာရွတ်ဖတ်ပေးပါ၊ စိပ်ပုတီးစိပ်ပေးပါ၊ အဲဒီလို အကူအညီတောင်းချင်လို့ ကိုရင့်ကို စိပ်ပုတီးပေးတာပါ"

ချူကွန်က....

"ဒါလား... ဒါဆိုရင်တော့ ကျုပ်ကူညီနိုင်ပါတယ်၊ နေ့တိုင်း

နေ့တိုင်း ခင်ဗျားရဲ့အဖေအမေအတွက် ရည်ရွယ်ပြီး ကျုပ်ဘုရားစာ ရွတ်ပေးပါ့မယ်၊ စိပ်ပုတီးစိပ်ပေးပါ့မယ်၊ သူတို့အတွက်လဲ ဆုမွန်ကောင်းတောင်းပေးပါမယ်"

မိုလင်းနုသည် ဝမ်းသာသွား၏။

"ကျေးဇူးတင်ပါတယ်"

သူမသည် ချူကွန်၏လက်ကို သူမ၏ဖြူဖွေးသောလက်နှင့်ကိုင်ရန် ရှေ့သို့တိုးလာလေ၏။

ချူကွန်က ကပျာကယာ ရှောင်တိမ်းလိုက်ရ၏။

"ကျုပ်က ကိုရင်ပါ၊ ကျေးဇူးတင်စရာ မလိုပါဘူး"

မိုလင်းနု ရှက်သွားသည်။

"ဒါဖြင့် ကျွန်မသွားတော့မယ်နော်"

သူမသည် ထွက်ခွာသွားတော့၏။ ချူကွန်သည် မွှေးကြိုင်သောအနံ့များကို ရှူရှိုက်မိသည်။

ချူကွန်သည် လှမ်း၍စကားပြောလိုက်မိလေ၏။

"ခင်ဗျားသွားတော့မလို့လား ဟင်"

မိုလင်းနုက လှည့်ကြည့်လိုက်၏။

"ဟုတ်ကဲ့... သွားတော့မယ်၊ ဘာပြောမလို့လဲဟင်"

ချူကွန်က....

"ကျုပ် တစ်လတိတိဆုတောင်းပေးပါ့မယ်၊ စိပ်ပုတီးလဲ စိပ်ပေးပါ့မယ်၊ တစ်လပြည့်ရင် စိပ်ပုတီးကိုပြန်လာယူပါ"

မိုလင်းနုက ပြုံးလိုက်ပြီး...



"ကောင်းပါပြီ... ဒီလောက်လဲ စိတ်ပူမနေပါနဲ့၊ တစ်လပြည့်တာနဲ့ စိပ်ပုတီးကိုလာယူပါ့မယ်"

"စိပ်ပုတီးဟာ တန်ဖိုးရှိပါတယ်၊ ဒါကြောင့်ဖို့ပါ"

"ကောင်းပါပြီ... ဒါ့အပြင် ဘာများမှာကြားဖို့ရှိသေးသလဲ"

ချူကွန်သည် မိုလင်းနုအား စကားပြောလိုသေးသော်လည်း ပြော၍မထွက်ဘဲဖြစ်နေသည်။ နောက်ဆုံး သူ့နာမည်ကိုသာ ပြောပြလိုက်ရ၏။

"မရှိတော့ပါဘူး။ ကျုပ်နာမည် ချူကွန်လို့ခေါ်ပါတယ်"

"ချူကွန် ဟုတ်လား"

မိုလင်းနုသည် တီးတိုးရေရွတ်ပြီးသည်နှင့် ထွက်ခွာသွားလေတော့၏။

ချူကွန်လည်း ကျောင်းသို့ပြန်ခဲ့လေတော့၏။ သူသည် အိပ်ဆောင်သို့ ပြန်၍အိပ်စက်လေတော့၏။

ချူကွန်အိပ်ရာမှ နိုးသောအခါ စာရွက်တစ်ရွက်ကို စားပွဲပေါ်၌ရှိနေသည်ကို တွေ့ရလေတော့၏။ ချူကွန်သည် စာရွက်ကိုယူ၍ ဖတ်ကြည့်လိုက်၏။

"ဆားငန်ရည်များများ သောက်ပေးပါ၊ မင်းရဲ့ကျန်းမာရေး အခြေအနေ ပိုကောင်းလာလိမ့်မယ်

သွေးကြောဖွင့်ပေးသူ"

သူသည် ထိုသူ၏သွေးကြောဖွင့်ပေးမှုခံရတိုင်း ချွေးများစို့နေသည်ကို တွေ့ရှိရသည်။ ထိုသို့ ချွေးထွက်များသည်ကို ထိုသူက

လည်း သိရှိပုံရပါသည်။ **ထို့ကြောင့် ဆားငန်ရည်**ကိုသောက်နိုင်းခြင်း ဖြစ်ပုံရသည်။

သူသည် စာရွက်ကိုအစိပ်စိပ်အမွှာအမွှာ ဆုပ်ဖြဲလိုက်၏။

ဤသို့ဖြင့် ဆယ်ရက်တိုင်တိုင် အမည်မဖော်လိုသူက သွေးကြောလာဖွင့်ပေးလေ၏။

ချူကွန်သည် ရောဂါသည်အဘိုးအို၏စကားကိုလည်း မမေ့ပါ။ တစ်ရက်ခြား လိုဏ်ဂူသို့သွားပါသည်။

လုံကုနှင့်လူများတို့ ပြန်မရောက်သေးကြောင်း သူသိနေရပါသည်။ စုစုအင်းကိုလည်း လုံးဝသတင်းမကြားရသေးဘဲ ရှိနေလေ၏။

ချူကွန်သည် မိုလင်းနုကိုလည်း သတိရသည်။ နေ့ခင်းဘက် ဘုရားစာရွတ်ဖတ်သောအခါ သူသည် မိုလင်းနု၏မိဘများကို အထူးရည်စွယ်၍ ဘုရားစာရွတ်ဖတ်သည်။ စိပ်ပုတီးလည်း စိပ်ပေးသည်။

ကျန်သောအချိန်များတွင် ခေါပဝါဖုံးလွှမ်းထားသူ**မိန်း**ကလေးနှစ်ယောက်အား ချူကွန်မေ့ထားရလေ၏။

သို့သော် ထိုမိန်းကလေးနှစ်ယောက်မှာ ချူကွ**န်၏အာရုံ**ထဲမှ မပျောက်နိုင်ဘဲ ဖြစ်နေ၏။

လိုဏ်ဂူသို့ရောက်သောအခါ အဘိုးအို၏ကျန်းမာရေးအခြေနေကို မေးမြန်းစုံစမ်းမြဲဖြစ်လေသည်။

အဘိုးအို၏ ကျန်းမာရေးအခြေအနေမှာ တစ်နေ့တခြားဆိုးဝါးလာသည်ကို တွေ့ရလေ၏။

ချူကွန်မှာ များစွာ စိတ်ထိခိုက်မိသည်။ ဤဂူမှ အခြားတစ်



နေရာသို့ပြောင်းနေပါရန် ပြောသော်လည်း မရချေ။

အဘိုးအိုသည် သူ့ဇနီးသေဆုံးခဲ့သည့်နေရာမှ မခွာနိုင်ဘဲ ဖြစ်နေသည်။

"ဘဘ... နေလို့ကောင်းရဲ့လားဟင်"

ချူကွန်က စိတ်မကောင်းစွာဖြင့် မေးလိုက်၏။

အဘိုးအိုက....

"နေလို့မကောင်းပါဘူးကွာ၊ ချောင်းလဲ ပိုဆိုးလာတယ်၊ အဖျားလဲ ပိုတက်တာတယ်"

"ဘဘကို ပြောသားပဲ၊ ဘဘ နေရာပြောင်းပါလို့"

"မပြောင်းချင်ပါဘူးကွာ၊ ဒီဂူကိုပဲ ငါမြတ်နိုးတယ်"

ချူကွန်သည် အဘိုးအို၏နဖူးကိုစမ်းသပ်ကြည့်လိုက်သည်။ ထိုအခါ ကိုယ်သည် ခြစ်ခြစ်တောက်ပူလောင်နေသည်ကို တွေ့ရှိရလေ၏။

ချူကွန်သည် ဝမ်းနည်းကြေကွဲမှုကိုခံစားလာရပြီး မျက်ရည်များကျလာလေတော့၏။

"ဘဘ... ဘဘကို ကျွန်တော်တစ်ခုလောက် တောင်းပန်ချင်ပါတယ်"

အဘိုးအိုသည် နွမ်းလျှစွာနဲ့စွာ ပြောလေ၏။

"ပြောပါ"

ချူကွန်က....

"ဘဘ... သမားတော်တစ်ယောက်ယောက်နဲ့ပြသဖို့

ကောင်းပါပြီ"

အဘိုးအိုက ဖြည်းညှင်းစွာ ခေါင်းယမ်းလိုက်၏။

"မပြုပါဘူးကွာ၊ ငါ့အကြောင်း ငါသိနေပါတယ်၊ ငါ့အသက်ဟာ ကြာရှည်မနေရတော့ပါဘူး။ အလွန်ဆုံးခံလှမှ (၁၇)ရက်လောက်ပဲ ရှိမှာပါ။ ဒီတော့ သမားတော်နဲ့ပြသနေလို့လဲ အပိုပဲပေါ့"

သူက ဆက်၍ပြော၏။

"ငါသေရမှာ မကြောက်ပါဘူးကွာ၊ ဘာမှတာဝန်မရှိရင် အစောကြီးကတည်းက သေပြီးနေပါပြီ၊ အခု ငါသေမှာကိုကြောက်သကွ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ မပြီးပြတ်ဘဲ ကျန်တဲ့ကိစ္စရှိနေလို့ပေါ့"

ချူကွန်က မေးလိုက်၏။

"ဘာကိစ္စများလဲ ဘဘ"

"အဲဒါကို ပြောရတော့မှာပေါ့၊ ငါလူ့ပြည်မှာ တာရှည်နေရတော့မှာမှ မဟုတ်တာ"

"မဟုတ်တာ ဘဘရယ်၊ ဘဘ လူ့ပြည်မှာ ကြာရှည်နေနိုင်ပါသေးတယ်၊ ဒါပေမယ့် သမားတော်ကိုတော့ ပြဖို့လိုတာပေါ့"

"မနက်ဖြန်ညကစပြီး ငါ့ဆီကို ညတိုင်းလာပါ၊ ငါ မင်းကို ဆောင်ရွက်စိုင်းမယ့်ကိစ္စကို ပြောပြပါတော့မယ်"

ချူကွန်က.....

"စိတ်ချပါ၊ ကျွန်တော်လာခဲ့ပါ့မယ်၊ ဘဘခိုင်းတဲ့ကိစ္စကိုလဲ အောင်မြင်အောင် ဆောင်ရွက်ပေးမယ်လို့ကတိပေးပါတယ်"



အဘိုးအိုက နှမ်းလျစွာ ပြုံးလိုက်သည်။

"မင်း ဆောင်ရွက်ပေးမယ်ဆိုတာ ငါ ယုံကြည်ပါတယ်၊ ဒါပေမယ့် ငါခိုင်းမယ့်ကိစ္စက မလွယ်လှဘူး။ မင်းဆရာလုံကုနဲ့ ထိပ်တိုက်တွေ့မှာကွ၊ အဲ့ဒါ ဆိုးနေတယ်"

ချူကွန်က ရဲရဲဝံ့ဝံ့ပြောလေ၏။

"ကျွန်တော် ဘဘကိုဆောင်ရွက်ပေးမယ်လို့ ကတိပေးခဲ့ပြီးပြီမဟုတ်လား။ ကျွန်တော်ကတော့ ကတိအတိုင်းဆောင်ရွက်ပေးရမှာပဲ"

"မင်းဆရာကိုလဲ ဆောင်ရွက်ပေးမယ်လို့ကတိပေးခဲ့ပြီးပြီမဟုတ်လား"

"ဘာဖြစ်သလဲ၊ သူ့ကိစ္စဆောင်ရွက်ပြီးရင် ဘဘကိစ္စကို ဆောင်ရွက်ပေးမှာပေါ့"

အဘိုးအိုသည် ချူကွန်အပေါ် ကျေးဇူးတင်လွန်းသဖြင့် စိတ် လှုပ်ရှားငိုကြွေးမိသည်အထိ ဖြစ်ရလေတော့သည်။

ချူကွန် ထိတ်လန့်သွား၏။ သူ့ဘဘသည် ငိုကြွေးနေပြီမဟုတ်ပါလော။

"ဘဘ... ဘာဖြစ်လို့ငိုတာလဲ"

အဘိုးအိုက....

"ဟုတ်တယ်... ငါငိုမိတယ်၊ ငါ ဘယ်လောက်ဝမ်းသာတယ်ဆိုတာကို မင်းမသိပါဘူး"

အဘိုးအိုက ဆက်ပြောသည်။

"ဒီလိုနယ်စပ်မျိုးမှာ မင်းလို တပည့်လိမ္မာတစ်ယောက် တွေ့ရလိမ့်မယ်လို့ ငါမမျှော်လင့်ဖူးဘူး။ အခုတော့ ငါတွေ့နေရပြီ၊ ငါ့ရင်ထဲမှာ ဘယ်လောက်ဝမ်းသာရတယ်ဆိုတာ ပြောမပြနိုင်လောက်အောင်ပါပဲကွာ"

သူသည် ပြောရင်း အားတက်လာဟန်တူသည်။

"ငါခိုင်းမယ့်ကိစ္စကို မင်းအောင်မြင်လိမ့်မယ်လို့ ငါယူဆတယ်၊ အဲဒီကိစ္စကို ငါ့ဇနီးရဲ့အရိုးစုရှေ့မှာ ပြောကြတာပေါ့ကွာ၊ မင်းကြောင့် ငါ့ရဲ့နာမည်ဟာ ပြန်ပြီး တောက်ပြောင်လာမယ်၊ သိုင်းလောကတစ်ခုလုံးမှာ ငါ့ရဲ့တပည့်ဟာ ဘယ်လောက်တော်တယ်ဆိုတာ ငါပြသနိုင်လိမ့်မယ်"

သူသည် **ချူကွန်ကိုကြည့်ပြီး....**

"ချူကွန် မင်းအောင်မြင်လိမ့်မယ်လို့ ငါယုံကြည်ပါတယ်ကွာ"

ချူကွန်သည် အားရပါးရပြောဆိုနေသောအဘိုးအို၏အသံကိုကြားရသောအခါ လွန်စွာ စိတ်မကောင်းဖြစ်သွား၏။

"ကျွန်တော်အစွမ်းကုန်ကြိုးစားပါမယ် ဘဘ"

အဘိုးအိုသည် ချူကွန်ကိုအားရကျေနပ်သောအကြည့်ဖြင့်ကြည့်လိုက်၏။ ထို့နောက်....

"မင်း ပြန်နိုင်ပါပြီ၊ ငါအနားယူလိုက်ဦးမယ်၊ အနားယူလိုက်ရင် နေကောင်းသွားမှာပါ"

"ကျွန်တော် ဘဘနဲ့အဖော်အဖြစ် နေပေးနိုင်ပါတယ်"



"မလိုဘူး၊ လောလောဆယ်ဆယ် ငါမသေနိုင်သေးပါဘူး၊ မင်းက ငါသေသွားမှာကိုစိုးရိမ်နေတယ် မဟုတ်လား၊ ဟား... ဟား... ဟား၊ ငါ မသေနိုင်သေးပါဘူးကွာ၊ ပြန်သွားပါ၊ မနက်ဖြန်ကျမှ လာခဲ့"

"ဒါဖြင့် သွားမယ်ဘဘ"

သူသည် အဘိုးအိုကိုနှုတ်ဆက်၍ လိုဏ်ဂူအပြင်သို့ထွက်လာလေ၏။

အပြင်သို့ရောက်ရှိသောအခါ ကောင်းကင်သို့လက်အုပ်ချီ၍ ဆုမွန်ကောင်းတောင်းလိုက်၏။

"နတ်သိကြားများ မှိုင်းမလို့ ဘဘ နေကောင်းပါစေ"

ထိုစဉ် သူ့နားထဲ၌ ရယ်မောသံတိုးတိုးကိုကြားလိုက်ရသည်။

ချူကွန် လန့်သွားပြီး ပတ်ဝန်းကျင်ကိုလှည့်ပတ်ရှာဖွေသည်။ မည်သူ့ကိုမျှ မတွေ့ရချေ။

"ငါများ နားကြားမှားသလား မသိဘူး"

သူသည် တီးတိုးရေရွတ်ရင်း ချင်းကုန်းဘုရားကျောင်းသို့ ပြန်သွားရလေတော့၏။

## အခန်း (၁၁)

## အတိတ်တစ်

ချူကွန်သည် နောက်တစ်နေ့အိပ်ရာမှ နိုးသောအခါ ပြုဖွယ်ကိစ္စများအားလုံးကို ပြုလုပ်လေသည်။ ထို့နောက် အုတ်တံတိုင်းဘေး၌ လမ်းလျှောက်နေသည်။

သူသည် ရှောင်ဂါသည်အဘိုးအိုအတွက် စဉ်းစားနေခြင်း ဖြစ်သည်။

ရောဂါသည်အဘိုးအိုမှာ ချောင်းဆိုးပန်းနာရောဂါဖြင့်ပင် ကွန်လွန်မည်ဟု သူထင်နေသည်။

ထိုသို့တွေးတောနေစဉ် အဝေးမှလာနေသော လူသဏ္ဍာန်တစ်ခုကိုတွေ့ရသောအခါ ချူကွန်သည် အံ့ဩဝမ်းသာသွားတော့သည်။



ထိုလူကား ချိုင်းထောက်ဖြင့်လာနေခြင်းပင်တည်း။

"ဆရာ...."

ချူကွန်သည် လှမ်းအော်လေ၏။

သူ့ဆရာလိုကုသည် အေးအေးဆေးဆေးပင် ပြန်လာနေသည်။ ဘာမျှအလောသုံးဆယ် ဖြစ်နေပုံမရပေ။

ချူကွန်သည် ကျောင်းဝင်းအပြင် ပြေးထွက်လျက် သူ့ဆရာကိုကြိုဆိုသည်။ တွေ့လျှင် တွေ့ချင်း ဂါရဝပြုသည်။

"ဆရာ ပြန်လာပြီလား"

ချူကွန်က ဝမ်းသာအားရ မေးလိုက်၏။ မည်သို့ပင်ဖြစ်စေ ဆရာရှိသည်မှာ သူ့အတွက် အားရှိပေသည်။

ဆရာကြီးလိုကုသည် အမှန်တကယ် ဆရာပီသသူဖြစ်သည်။

ဆရာကြီးလိုကုသည် ခပ်အေးအေးပင် ဖြစ်သည်။

"ဟုတ်တယ် ချူကွန်၊ ကိစ္စတစ်ခုရှိလို့ ငါပြန်လာတာကွ၊ သုံးရက်လောက်နေပြီး ပြန်သွားရမယ်"

ထိုအချိန်၌ ချင်းကုန်းဘုရားကျောင်း၌ စာပေသင်ကြားပို့ချသူက ပို့ချနေပြီး ဘုရားစာသင်အံသူက အံနေပေပြီ။ ထို့ကြောင့် တရားသံများ ဝေဝေစီစီကြားနေကြရပေသည်။

ကျောင်းဝင်းအပြင်၌မူ အဘိုးအိုနှင့်ချူကွန်တို့ စကားပြောလျက် ရှိကြပေသည်။

အဘိုးအိုက ချူကွန်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်

ရှုလျက်.....

"မင်းရဲ့သိုင်းပညာ အတော်တိုးတက်နေတာပဲ"

"ဆရာ ဘယ်လိုလုပ်သိသလဲဟင်"

"သိတာပေါ့ကွ... မင်းရဲ့ရုပ်ရည်ကိုကြည့်လိုက်ရင် သိတာပဲ"

ချူကွန်သည် ရောဂါသည်အဘိုးအိုက သိုင်းပညာသင်ပေးသည့်အကြောင်းကို ထိန်ချန်ထားလေ၏။

အဘယ့်ကြောင့် ထိန်ချန်ထားရသနည်းဆိုသော ရောဂါသည်အဘိုးအို သူ့ဆရာနှင့် ထိပ်ထိုက်တိုးမည်ဟုပြောဖူးသည် မဟုတ်ပါလော။

"ဆရာ ဘယ်များသွားတာလဲဟင်"

ဆရာကြီးလုံကု၏မျက်နှာမှာ ခက်ထန်နေ၏။

"မင်း မေးစရာမလိုဘူး။ ငါအလုပ်လုပ်ရင် ဘယ်တော့မှတခြားသူကို မပြောဘူး"

ချူကွန် ခေါင်းငုံ့သွား၏။

အဘိုးအိုက စကားဆက်၍ပြောသည်။

"ငါ ဒီတစ်ခေါက်ပြန်လာတာ မင်းကိုတွေ့ဖို့မဟုတ်ဘူးကွ၊ ဒါပေမယ့် အခုတွေ့ရတော့လဲ မင်းပညာတွေကို ပြန်စစ်ဆေးရတာပေါ့၊ မင်းညကျရင် ငါတို့တွေ့နေကျ နေရာဟောင်းကိုလာခဲ့"

ချူကွန်သည် အဘိုးအိုနှင့်ချိန်းဆိုထားသည်ကို သတိရလိုက်သဖြင့် အခက်ကြုံသွား၏။

သို့သော် အဘိုးအိုကိုအကျိုးအကြောင်း ပြောပြလျှင် ရ



သည်ကို သူသိရှိသဖြင့် ခေါင်းညိတ်လိုက်ရ၏။

"ဟုတ်ကဲ့ဆရာ... လာခဲ့ပါ့မယ်"

ဤသို့ဖြင့် ညရောက်သောအခါ ချူကွန်သည် အဘိုးအိုရှိရာ လိုဏ်ဂူသို့ သွားလေ၏။

အဘိုးအိုကို နေကောင်းစွာတွေ့ရသဖြင့် ဝမ်းသာသွားသည်။

အဘိုးအိုသည် မျက်လုံးမှိတ်ပြီး ထိုင်နေသည်။ အတွင်းအားလေ့ကျင့်နေသည့်သဘောပင် ဖြစ်သည်။

ချူကွန် သူ့ရှေ့သို့ရောက်သောအခါ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဘဘ"

"အေး... အတော်ပဲ၊ မင်း ထိုင်ပါဦး"

ချူကွန် ထိုင်လိုက်သည်။

အဘိုးအိုက....

"ငါ စိတ်ပြောင်းသွားပြီ၊ ငါ့အကြောင်း မင်းကိုပြောပြမယ်လို့ ဆုံးဖြတ်လိုက်တယ်"

"ဟုတ်ကဲ့... ဘဘ၊ ပြောပါ"

အဘိုးအိုသည် အနည်းငယ် စဉ်းစားလိုက်သည်။

ထို့နောက် သူ့အကြောင်းကို ပြောပြသည်။

"ငါ့နာမည်ရင်းကတော့ ကျန့်ဝမ်းလို့ခေါ်တယ်၊ ငါမိန်းမရဲ့ နာမည်ကတော့ ချူမွန်ယောင်လို့ခေါ်တယ်၊ ငါ့မိန်းမဟာ ငါ့ကိုအင်မ

တန် ဖြူစုပါတယ်၊ ငါကလည်း ငါ့မိန်းမကို အင်မတန်ချစ်ပါတယ်၊ ငါတို့ငယ်စဉ်တုန်းကဆိုရင် လိုကူ၊ လူမား၊ ချိုစိန်၊ ထိတနဲ့ နန်းထိုင် ဆိုတဲ့ သိုင်းသမားခုနစ်ယောက်ရှိကြတယ်၊ ဒီခုနစ်ယောက်ကို လူထူးလူဆန်းသိုင်းသမား ခုနစ်ယောက်ဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့ကြတာပဲ"

အဘိုးအိုက စိတ်ထိခိုက်သောလေသံဖြင့် ပြောလေ၏။

"ငါတို့ဟာ ပြည်မမှာ တကယ်ကျော်ကြားပေမယ့်လဲ စင်းကျန်လူမျိုးတစ်ယောက်ရဲ့ထောင်ချောက်ထဲမှာ အားလုံးဒုက္ခရောက်ကြရတော့တာပဲ"

ချူကွန်က မေးလိုက်၏။

"အဲဒီစင်းကျန်လူမျိုးရဲ့နာမည်က ဘယ်လိုလဲဘာဘ"

"သူ့နာမည်က တုထိပါးတဲ့"

အဘိုးအိုသည် သက်ပြင်းချလိုက်၏။

"အဲ့ဒီနာမည်ဟာ ငါတို့အသည်းနှလုံးထဲမှာ စွဲနေတဲ့နာမည်ပဲ၊ တစ်သက်လုံး မမေ့နိုင်တော့တဲ့ နာမည်ပဲ"

သူသည် စကားကိုဆက်လိုက်၏။

"တုထိပါးဟာ သိုင်းသမားတစ်ယောက်ဖြစ်တယ်၊ သူဟာ စင်းကျန်နယ်သားပဲ၊ ဒါပေမယ့် စင်းကျန်လူမျိုးတွေရဲ့အမှတ်အသား လက္ခဏာဟာ ရိုးသားမှုလို့ပြောကြပေမယ့် သူကျတော့ ဘာရိုးသားမှုမှမရှိဘူး ဖြစ်နေတယ်၊ သူဟာ ဉာဏ်များတယ်၊ ကောက်ကျစ်စဉ်းလဲတယ်၊ အင်မတန် စဉ်းလဲတဲ့ကောင်၊ ချမ်းချမ်းကျူသိုင်းကျမ်း စင်း



ကျန်နယ်ထဲရောက်နေတယ်လို့ သတင်းလွင့်တယ်၊ ဒါနဲ့ သိုင်းလောကမှာရှိတဲ့သိုင်းသမားတွေဟာ အထက်လမ်းသိုင်းသမားတွေရော၊ အောက်လမ်းသိုင်းသမားတွေရော အားလုံး စင်းကျန်နယ်ကို စုပြုံရောက်လာတော့တာပဲ"

ချူကွန်သည် လူမားပြောသည့်ပုံပြင်ကို သတိရလာလေ၏။ လူမားပြောသည်မှာ ဤအကြောင်းအရာပင် ဖြစ်ပေသည်။

ဖြစ်ပျက် ခဲ့ သမျှအားလုံးသည် ချမ်းချမ်းကျူသိုင်းကျမ်းနှင့် ပတ်သက်နေသည်ကို နားလည်လိုက်ရလေ၏။

ဤချမ်းချမ်းကျူသိုင်းကျမ်းသည် အလွန် ဒုက္ခပေးသောကျမ်းဖြစ်သည်ဟု ချူကွန်ယူဆသည်။

အဘယ့်ကြောင့်ဆိုသော် အိစဘုန်းတော်ကြီးနှင့် ကျောင်းထိုင်ဆရာတော်ကြီးပင် အန္တရာယ်နှင့်ရင်ဆိုင်ခဲ့ရသည် မဟုတ်ပါလော။

ထိုစဉ် အဘိုးအိုက စကားဆက်လိုက်၏။

"တုထိပါးဟာ ထူးချွန်တဲ့သိုင်းသမားဖြစ်တယ်၊ သူက ငါတို့ကိုမနိုင်ပေမယ့် ငါတို့ကလဲ သူ့ကိုမနိုင်ပါဘူး။ ငါတို့ဟာ ပြည်မမှာ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့သိုင်းသမားအဆင့်ကို ရောက်နေတယ်ဆိုတာ သိသာပါတယ်"

ချူကွန်က....

"စင်းကျန်လူမျိုးထဲမှာ ဒီလောက်အဆင့်မြင့်တဲ့ သိုင်းသမားရှိသေးတာကိုး"

"ဟ... ရှိနိုင်တာပေါ့၊ ဘယ်သူ့ကိုမှ အထင်သေးလို့ မရဘူးကွ"

အဘိုးအိုက စကားဆက်လိုက်၏။

"ငါတို့ လူထူးလူဆန်းသိုင်းသမားခုနစ်ယောက်အတွက် ချမ်းချမ်းကျူသိုင်းကျမ်း မလိုပါဘူး။ ရရင်တော့ ပိုကောင်းတာပေါ့၊ ဆိုလိုတာက ချမ်းချမ်းကျူသိုင်းကျမ်းကို သိပ်မက်မောနေကြတာမဟုတ်ဘူးဆိုတာကို ပြောတာပါ"

ချူကွန်က....

"ဘဘတို့ ချမ်းချမ်းကျူသိုင်းကျမ်းကိုမလိုဘဲနဲ့ စင်းကျန်နယ်ကို ဘာလို့လာရတာလဲ"

"ဟ... လာရတာပေါ့၊ ဒီသိုင်းကျမ်းဟာ စိတ်ထားမကောင်းတဲ့လူတွေရဲ့ လက်ထဲရောက်သွားရင် ကောင်းကောင်းဒုက္ခဖြစ်နိုင်တာပေါ့၊ ချမ်းချမ်းကျူသိုင်းကျမ်းဟာ အတော်အဆင့်မြင့်တယ်လို့ ပြောကြတယ်၊ ဒါကြောင့် ငါတို့ဟာ မကောင်းတဲ့လူတွေရဲ့လက်ထဲကို ဒီသိုင်းကျမ်းအပါမခံနိုင်တာပေါ့"

"ဒီလိုဆိုတော့လဲ သိုင်းသမားတွေ စင်းကျန်နယ်ကိုစုပြုံရောက်ရှိလာတာကို အပြစ်မဆိုနိုင်တော့ဘူးနော်၊ ဘာဖြစ်လို့လဲဆိုတော့ တချို့သိုင်းသမားတွေရဲ့ စိတ်ထဲမှာ ဘဘပြောသလို စိတ်ထားမျိုးထားတဲ့သိုင်းသမားတွေ တော်တော်များများပါနေနိုင်မှာမို့ပဲ"

"နောက် အကြောင်းတစ်ခုက ချမ်းချမ်းကျူသိုင်းကျမ်းအဆင့်မြင့်တာကို သိတယ်၊ ဘယ်လောက်အဆင့်မြင့်တယ်ဆိုတာကို



မသိနိုင်ဘူး၊ အဲဒီမှာ ဒီသိုင်းကျမ်းရဲ့အဆင့်မြင့်ပုံကိုသိလိုကြတယ်။ ဒီသိုင်းသမားတွေဟာ ကိုယ့်ကိုယ်ကို အတော်အထင်ကြီးကြတယ်၊ ဒီသိုင်းကျမ်းကိုဖတ်ကြည့်ပြီး ကိုယ့်ပညာနဲ့သိုင်းကျမ်းရဲ့ပညာ ဘယ်ပညာက မြင့်သလဲဆိုတာ ဆန်းစစ်ချင်ကြတယ်၊ အဲဒါဟာလဲ သိုင်းကျမ်းကိုရှာဖွေရခြင်းရဲ့အကြောင်းတစ်ရပ် ဖြစ်လာပါတယ်"

"လူ့စိတ်ဆိုတာ တစ်မျိုးပဲနော် ဘဘ"

"တကယ်တစ်မျိုးပေါ့၊ အဲဒီအချိန်မှာ ငါတို့ထဲက ချီစိန်ဟာ စင်းကျန်နယ်ကိုသွားတယ်လို့ ကြားလိုက်ရတော့တာပဲ"

"ချီစိန်ဟာ ဘဘတို့ထဲကလား"

"ငါတို့ လူထူးလူဆန်းခုနစ်ယောက်ထဲကပေါ့"

"သူ စင်းကျန်နယ်ကိုသွားတော့ ဘဘတို့ ဘယ်လိုဖြစ်ကြသလဲ"

"ချီစိန်ဟာ ငါ့သူငယ်ချင်းပါပဲ၊ သိုင်းလောကသားတွေကတော့ သူ့ကို မိုးလေသိုင်းသမားလို့ခေါ်ကြတယ်၊ မင်းပြောတဲ့လူ့စိတ်ဟာ တော်တော်ဆန်းတယ်ဆိုတာ ဒီနေရာမှာလာတွေ့ရတယ်၊ ငါတို့သိုင်းလောက လူထူးလူဆန်းသိုင်းသမားအတော် အဆင့်မြင့်နေကြပါပြီ ရောင့်ရဲဖို့ကောင်းပါတယ်၊ အများစုက ရောင့်လဲ ရောင့်ရဲကြပါတယ်၊ ဒါပေမယ့် ချီစိန်လဲ စင်းကျန်နယ်ကိုလဲ သွားရော၊ ချီစိန်ဟာ ဒီသိုင်းကျမ်းကိုရသွားရင် ဒုက္ခပဲပေါ့၊ ငါတို့ထက် ဒီကောင်သာသွားတော့မှာပဲဆိုတဲ့ စိတ်ဆိုးစိတ်ပုတ်တွေလဲ ပေါ်လာတော့တာပဲ၊ ဒီသိုင်းကျမ်း မကောင်းသူတွေလက်ထဲရောက်သွားမှာလဲ စိုးရိမ်တာ

ပေါ့လေ၊ အဲ့ဒါက တစ်ကြောင်းပေါ့၊ အဲ့ဒီ စိတ်တွေစုပေါင်းပြီး သိုင်းလောက လူထူးလူဆန်းသိုင်းသမား(.၇)ယောက်လဲ စင်းကျန်နယ်ထဲကို ရောက်လာတော့တာပဲ"

အဘိုးအိုက သူ့စကားကို ဆက်ပြောလိုက်သည်။

"အဲဒီအခါမှာ ငါလဲ မိန်းမနဲ့အတူ စင်းကျန်နယ်ကိုထွက်ခွာလာတော့တာပဲ၊ ငါ့မိန်းမကတော့ ငါ့စိတ်သဘောတစ်ခုတည်းပါပဲ၊ ငါဖြူရင် ဖြူမယ်၊ ငါမည်းရင် သူမည်းမယ်ဆိုတဲ့စိတ်ပဲ ရှိတယ်"

ချူကွန် စိတ်ဝင်စားလာ၏။ လူမားပြောစဉ်ကလည်း သူ စိတ်ဝင်စားပါသည်။

သို့သော် လူမားက ဆက်မပြောသဖြင့် သူသည် ဆန့်တင့်တင့်ဖြစ်ကျန်ရစ်သည်။

"ဘဘ... နောက်တော့ ဘာဖြစ်သေးသလဲ"

"ဘာဖြစ်ရမှာလဲ... အထက်လမ်းသိုင်းသမားတွေ၊ အောက်လမ်းသိုင်းသမားတွေ အားလုံး စင်းကျန်နယ်ကို စုပြုံရောက်လာတော့တာပေါ့၊ မင်းရဲ့ဆရာလိုကူလဲ စင်းကျန်နယ်ကို ထွက်လာပြီလို့တို့ သတင်းကြားတယ်"

"နောက်တော့ကော ဘာဖြစ်သေးသလဲ"

ပထမပိုင်းပြောနေစဉ်က အဘိုးအို ဘာမှမဖြစ်သေးပေ။ နောက် ကော ဘာဖြစ်သေးသလဲ ဘဘဟု မေးလိုက်သောအခါ အဘိုးအိုသည် မျက်ရည်များ တွေတွေကျဆင်းလာတော့၏။

"နောက်တော့... ငါတို့က တုထိပါးရဲကထောင်ချောက်ထဲကို



တိုးဝင်ပြီး အိဖော့ရေကန်မှာ သွေးချင်းချင်းနီအောင်တိုက်ပွဲဖြစ်ခဲ့ရတော့တာပေါ့၊ ငါ့ဇနီးလဲအဆိပ်မိပြီး ကျဆုံးသွားတယ်"

ချူကွန်သည် စိတ်မကောင်းတော့ပေ။ အဘိုးအို၏ဇနီးသည် သေဆုံးရပုံပါလာသဖြင့် သူသည် ဆက်မမေးရက်တော့ချေ။ သိချင်စိတ်ကမူ ကြီးစိုးနေဆဲသာရှိသေးသည်။

အဘိုးအိုက ဆက်ပြောလေ၏။

"တိုက်ပွဲကတော့ ကြမ်းသလား မပြောနဲ့ ဒါဒီလောက်ပဲ ပြောချင်ပါတယ်၊ အခု ငါပြောချင်တာက ငါ့ကိုယ်စား မင်းဆောင်ရွက်ပေးရမယ့်ကိစ္စကိုပါ"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ပြောပါ ဘဘ၊ ကျွန်တော် ဘယ်လိုဆောင်ရွက်ပေးရမှာလဲ"

အဘိုးအိုက သေချာစွာ ပြောလေ၏။

"ချူကွန်... မင်းမှတ်ထားပါ၊ သေသေချာချာ မှတ်ထားပါ၊ ငါ သေသွားပြီတဲ့နောက်မှာ မင်းဟာ လူဝတ်လဲတော့မယ်၊ အဲဒီအိဖော့ရေကန်ကို မင်းဟာ အဲဒီလူဝတ်နဲ့ အရောက်သွားရမယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ စိတ်ချပါ ဘဘ၊ ကျွန်တော်အရောက်သွားပါ့မယ်"

"ဒီအိဖော့ရေကန်ဟာ တကယ့်ကိုလှပတဲ့နေရာပါ"

"ဟုတ်ကဲ့... ကျွန်တော်ကြားဖူးပါတယ်"

အဘိုးအို၏မျက်နှာသည် တည်ကြည်သွား၏။

"အဲဒီအိမ်ဝေါ့ရေကန်မှာ မိသားတစ်စုနေထိုင်တယ်၊ မင်း သူတို့ဆီသွားရမယ်၊ သူတို့ဆီက ငှါရဲ့ပစ္စည်းတစ်ခုကို ပြန်ယူခဲ့ရမယ်"

"ဟုတ်ကဲ့... ပစ္စည်းတစ်ခုဆိုတာ ဘာပစ္စည်းများလဲ ဘဘ"

အဘိုးအို၏မျက်လုံးအစုံတွင် ပထမဆုံးအကြိမ် ရူးရှတောက်ပလာလေ၏။ အဘိုးအိုက တိကျစွာ ပြောလိုက်၏။

"အနီရောင် ခေါင်းမြီးတစ်ခုပါ"

ချူကွန်၏ခန္ဓာကိုယ်သည် တောင့်တင်းသွား၏။ အဘိုးအိုစကားကိုအလေးအနက်ထားသော သဘောအားဖြင့် ချူကွန် ကိုယ်ကိုတောင့်တင်းလိုက်ခြင်း ဖြစ်ပါသည်။

"စိတ်ချပါ ဘဘ၊ ဒီပစ္စည်းကိုယူဖို့ ခက်ခဲတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ဒီပစ္စည်းကိုရအောင် ယူပေးပါ့မယ်၊ ကျွန်တော့်ဆီမှာ မုချပါလာရပါစေ့မယ်"

အဘိုးအိုသည် ချူကွန်က အလေးအနက်ထားစကားပြောသည်ကို သိရှိလိုက်၏။ ဝမ်းသာပီတိဖြစ်မှုကြောင့် ခန္ဓာကိုယ်တုန်ရင်သွားလေ၏။

"ဒါကိုရတာနဲ့ စုချွမ်းနယ်က ချင်းစန်းတောင်ကိုသွားပါ၊ အဲဒီမှာ သူတော်စင်ဂေဟာရှိတယ်၊ အဲဒီသူတော်စင်ဂေဟာမှာနေတဲ့ ကျုချန်ဖိုးလို့ခေါ်တဲ့လူရဲ့လက်ထဲကို အဲဒီပစ္စည်းပေးအပ်လိုက်ပါ"

ချူကွန်က ရေရွတ်လိုက်သည်။

"ကျုချန်ဖိုး... ကျုချန်ဖိုး၊ ကျွန်တော်ကောင်းကောင်း မှတ်မိပါတယ်၊ အဲဒီလူလက်ထဲကို အနီရောင်ခေါင်းမြီး ပေးလိုက်ပါ့မယ်"



အဘိုးအိုသည် ကြည်နူးပီတိကိုခံစားနေရတော့သည်။ သူသည် ချူကွန်ကို သိုင်းပညာသင်ပေးရသည်မှာ သင်ရကျိုးနပ်သည်ဟု တွေးတောနေတော့သည်။

သူ့အား ယောဂသိုင်းပညာသင်ပေးခဲ့သည်။ ယောဂသိုင်းပညာမှာ နူးညံ့သိမ်မွေ့သောပညာရပ်ဖြစ်သည်။

သူ့အား သင်ပေးရကျိုးနပ်လေပြီ။ ယခုပင်လျှင် ချူကွန်သည် ရဲရဲဝံ့ဝံ့တာဝန် ယူနေပြီ မဟုတ်ပါလော။

ဤလူငယ်ကို လုံကုက စတင်တွေ့သွားသည်မှာ အတော်ဆိုးသည်။ လုံကုမတွေ့လျှင်လည်း အခြားတစ်ယောက်ယောက် တွေ့သွားမည်မှာ မုချပင်။

ယခုတော့ လုံကုလက်ထဲမှလုပြီး ခိုင်းနေရသလို ဖြစ်နေတော့သည်။ ဤသို့ခိုင်းနေရသည်ကို လုံကုသိလျှင် မည်သို့မျှ ခွင့်ပြုမည် မဟုတ်ပေ။

ယခုတော့ မတတ်နိုင်တော့ပေ။ သူကလည်း ခိုင်းပြီးပြီ။ လုပ်ပေးမည်သူကလည်း လုပ်ပေးမည်ဟု ပြောပြီးလေပြီ။

အဘိုးအို၏မျက်လုံးထဲတွင် ရောဂါသည်းထန်နေသော အဘိုးအိုတစ်ယောက်သည် အနီရောင်ခေါင်းမြီးကိုလှမ်းယူနေသည်ဟု မြင်ယောင်နေမိတော့သည်။

အဘိုးအိုသည် သူဖြစ်ချင်နေသည့်အရာကို သူမြင်နေခြင်းသာ ဖြစ်တော့သည်တကား။

## အခန်း (၁၂)

### ချက်နှာစုံညီဆွေးနွေးပွဲ

"ဟား... ဟား... ဟား"

အဘိုးအိုသည် အားရပါးရ ရယ်မောလေတော့၏။

သူသည် အဆက်မပြတ် ရယ်နေသဖြင့် ချူကွန်သည် အဘိုးအိုရှောင်းဆိုးမည် ကို စိုးရိမ်မိလေ၏။

"ဘဘ... ဘာဖြစ်လို့ ဒီလောက်တောင် ရယ်နေရတာလဲ"

ချူကွန်က စိုးရိမ်ပြီး သတိပေးခြင်းသာဖြစ်ပါသည်။

အဘိုးအိုသည် အတန်ကြာ ရယ်မောနေသေးသည်။ ပြီးမှ အရယ်ရပ်သွား၏။

အရယ်ရပ်သွားသည်နှင့် တစ်ကိုယ်လုံး နွမ်းလျော့အားဖျော့



သွားသည်။

အကယ်၍ အဘိုးအို၏အသက်ရှူသံကိုမှ မကြားခဲ့ပါမူ အသက်ပင်မရှိတော့ဟု ထင်စရာအကြောင်းရှိပေသည်။

အဘိုးအိုသည် တုံတုံရှိုရှိုဖြင့် ဆေးဘူးကလေးတစ်ဘူးကို ထုတ်ယူလိုက်သည်။

သူထုတ်ယူနေပုံမှာ ဘူးပင် ပြုတ်ကျတော့မည်ကဲ့သို့ဖြစ်နေသဖြင့် ချူကွန်က လှမ်းယူပေးရန် ဟန်ပြင်လိုက်မိသည်။

**ထိုအခါ အဘိုးအိုက အယူမခံ၊ သူ့လက်ကိုရှောင်လွှဲလိုက်၏။**

သူ့ဘာသာသူပင် ထုတ်ယူနေသည်။ ဆေးဘူးကလေးထွက်လာသောအခါ အဘိုးအိုသည် တုံတုံရှိုရှိုဖြင့်ပင် ဘူးအဖုံးကိုဖွင့်လေ၏။

အဖုံးကိုဖွင့်၍ အနီရောင်ဆေးလုံးကလေးတစ်လုံးကို ထုတ်ယူလိုက်သည်။

အဘိုးအိုသည် ထိုဆေးလုံးကိုမျိုချလိုက်၏။ ဆေးသောက်ပြီးနောက် အဘိုးအို၏မျက်လုံးများ အရောင်တောက်လာသည်။ အားအင်လည်း တိုးတက်လာသည်ကို တွေ့ရှိရလေ၏။

ချူကွန် ဝမ်းသာသွားသည်။ ထို့ကြောင့် ဝမ်းသာအားရမေးလေ၏။

"ဘဘ... ဘဘရဲ့ဆေးက သိပ်ကောင်းတာပဲ၊ ဒီလိုအစွမ်း

ထက်တဲ့ဆေးမျိုးရှိရက်သားနဲ့ ဘာဖြစ်လို့ ဘဘက မသောက်တာလဲ"

အဘိုးအိုက....

"ငါ့ရောဂါ ဘယ်လောက်ပဲဆိုးဆိုး၊ ဒီဆေးကို မသောက်မိအောင် ငါသတိထားပါတယ်၊ ဒါပေမယ့် အခုဟာက ငါမတတ်နိုင်တော့ဘူး။ ဒီဆေးကိုမသောက်လို့ မဖြစ်တော့ဘူး၊ ဒါကြောင့် ငါသောက်လိုက်ရတာပါ"

ချူကွန် အံ့ဩသွားသည်။ အစွမ်းထက်သော ဆေးရှိပါလျက် မသောက်ဘဲ ထိန်းချုပ်ထားသည်ကို အလွန်အံ့ဩသွားပါသည်။

"ဘဘ.. ဘာဖြစ်လို့များ မသောက်တာပါလဲ"

"ဒီဆေးက သေခါနီး ဆီမီးတောက်လို လူကိုတွန်းအားပေးတဲ့ ဆေးမို့လို့ပေါ့ကွာ၊ နို့မို့ဆိုရင် ငါသောက်တာပေါ့၊ ဒီဆေးသောက်ရင် လူလန်းဆန်းလာတာတော့ မှန်တယ်၊ ဒါပေမယ့် သေမယ့်ရက်ကို ဝိုနီးသွားစေတယ်"

"ဩော်... ဘဘရယ်"

"အဖြစ်မှန်ကို ပြောပြတာပါကွာ၊ မင်း ဘာမှမစိုးရိမ်ပါနဲ့၊ ငါသေတာကို မကြောက်ပါဘူး၊ သေသင့် သေထိုက်ရင် သေမှာပါပဲ"

ချူကွန်သည် အဘိုးအို၏စကားကိုနားထောင်ပြီး မျက်ရည်ကျလာလေ၏။ အဘိုးအိုက ပြုံး၍ပြောလေ၏။



"မင်းက ဘာဖြစ်လို့ငိုရတာလဲ၊ တိတ်... တိတ် မငိုနဲ့ ငါဖြင့် သေမှ မသေသေးပဲနဲ့"

ချူကွန်က....

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဘဘကိုမခွဲပါဘူး"

အဘိုးအိုက ကျေနပ်စွာပြောလေ၏။

"ဒါကတော့ ဘယ်ဖြစ်နိုင်ပါ့မလဲကွာ၊ လူဆိုတာ သေကွဲကွဲ ရင်ကွဲ မကွဲရင် ရှင်ကွဲ ကွဲကြရမှာပဲ"

ချူကွန်က....

"ဘဘရဲ့ဇနီးက ဘဘနဲ့ ဘယ်တော့မှမခွဲဘူး မဟုတ်လား"

အဘိုးအိုသည် ခေတ္တမျှစဉ်းစားပြီးနောက် ရယ်မောလေတော့၏။

"ဟုတ်တယ်... ဘယ်တော့မှမခွဲဘူး။ သူနဲ့ငါဟာ အိပ်မက်ထဲမှာ အမြဲတွေ့နေကြတာပဲ"

သူတို့သည် ကြာရှည်စွာ စကားပြောနေမိကြ၏။

အဘိုးအိုသည် ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင်ပင်ရှိလေ၏။

အဘိုးအိုသည် ချောင်းဆိုးလာပြန်လေ၏။ တစ်နာရီခန့်ကြာသောအခါ နောက်ထပ် ဆေးတစ်လုံးကိုသောက်ချပြန်လေ၏။

"ဒီမှာချူကွန်၊ မင်း ငါ့အပေါ် ဒီလောက်သံယောဇဉ်ရှိလိမ့်မယ်လို့ ငါ မထင်ဘူး၊ အခုတော့ မင်းဟာ ငါ့အပေါ်မှာ သံယောဇဉ်

ကြီးနေတာကို ငါတွေ့ရတယ်၊ ဒါတောင် မင်းနဲ့ငါဟာ တွေ့ကြရတာ သိပ်မကြာသေးဘူး။ ငါသိပ်ပျော်ပါတယ်၊ မင်းရဲ့သိမ်မွေ့ယောဇဉ်ကို ငါ မြတ်နိုးပါတယ်၊ လေးစားပါတယ်၊ ငါသေရင် သေပျော်ပြီလို့မှတ်ယူပါ တယ်ကွာ"

"ဘဘဟာ ခင်မင်စရာကောင်းပါတယ်"

"ဘယ်လိုဖြစ်ဖြစ်ပေါ့ကွာ၊ တကယ်လို့ မင်းသင်ချင်သေး တယ်ဆိုရင် ငါ သီးခြားတီထွင်ထားတဲ့သိုင်းပညာတွေ ရှိပါသေးတယ်၊ ငါတီထွင်ထားပေမယ့် ဒီသိုင်းပညာကို အသုံးမပြုရသေးပါဘူး။ ဘယ့် နှယ်လဲ"

"ဘဘ သင်ပေးမယ်ဆိုရင်တော့ ကျွန်တော်ဟာ ဘာပြော စရာရှိမှာလဲ သင်လိုက်ယုံပေါ့၊ ကျွန်တော်က ချင်းကုန်းဘုရားကျောင်း မှာလဲ တာဝန်မရှိတော့ဘူး။ ကျောင်းက ဝေယျာဝစ္စတွေ လုပ်နေတာ လဲ ကျွန်တော့်သဘောနဲ့ ကျွန်တော်လုပ်နေတာပါ"

"ငါ့အနေနဲ့ကလည်း ဒီသိုင်းပညာကို မင်းကိုသင်ပေးသင့် တယ်လို့ ထင်တယ်၊ ဒါမှ ငါသေရင် ငါနဲ့အတူ ပါမသွားတော့မှာပေါ့၊ သိုင်းပညာတစ်ရပ်ကို သေရွာကိုဖက်ပြီးတော့ ယူသွားတဲ့လူမျိုး ငါ မဖြစ်ချင်ပါဘူးကွာ"

ချူကွန်သည် သိုင်းပညာသင်ပေးမည်ဆိုလျှင်လည်း သင်ယူ မည်။ သင်မပေးဘူးဆိုလျှင်လည်း ပို့နေမြဲကျားနေမြဲအတိုင်း နေလိုက် မည်ဟု ဆုံးဖြတ်ထားသည်။



ယခု အဘိုးအို လိုလိုလားလားပြောလာသောအခါ အဘိုး အိုသင်ပေးမည့်ပညာကိုယူလိုက်မည်ဟု ဆုံးဖြတ်မိလေ၏။

"ဘဘ... ကျွန်တော့်ကို ဘာပညာသင်ပေးမှာလဲ ဘဘ"

အဘိုးအိုက....

"ဒီပညာမျိုး သိုင်းလောကမှာ အရင်ကလည်း မရှိဖူးပါဘူး။ ရေပင်လယ် လက်ဝါးသိုင်းလို့ခေါ်တယ်၊ စုစုပေါင်း သိုင်းကွက်ဆယ် ကွက်ရှိတယ်"

ချူကွန်က အဘိုးအိုကိုမော့ကြည့်လေ၏။

အဘိုးအိုက....

"မင်းက ဓားသိုင်းဆယ်ကွက်ရှိလို့ နည်းနေတယ်အောက် မေ့နေသလား။ အချို့ဓားသိုင်းဆိုရင် ငါးကွက်လောက်ပဲရှိတတ်တယ်၊ အခု ဓားသိုင်းဆယ်ကွက်က မနည်းပါဘူး။ ဓားကွက် တစ်ကွက်မှာ ကွက်ပြောင်း ခြောက်ကွက်ပါတယ်၊ အဲဒီတော့ ကွက်ပြောင်းခြောက် ဆယ်ရှိတာပေါ့"

အဘိုးအိုက ဆက်၍ ပြောသည်။

"အခု မင်းကိုသိုင်းကွက်ရဲ့သဘောတရားကို အရင်ပြောပြ မယ်၊ မင်း သေသေချာချာနားထောင်"

"ဒီလက်ဝါးသိုင်းကို ရေပင်လယ်လက်ဝါးသိုင်းလို့ နာမည် ပေးထားတာ အကြောင်းမဲ့မဟုတ်ဘူး။ ပင်လယ်ဟာ ကျယ်ပြောနက် ရှိုင်းတယ်၊ မုန်တိုင်းတိုက်တဲ့အခါမှာ အလွန်ကြောက်စရာကောင်း

တယ်၊ ဒါကြောင့် ရေပင်လယ်လက်ဝါးသိုင်းလို့ခေါ်တာ"

အဘိုးအိုသည် ရေပင်လယ်လက်ဝါးသိုင်း၏သဘောတရားများကို ပြောပြနေလေ၏။ ချူကွန်သည် လိုက်လံမှတ်သားနေရသည်။

အတန်ကြာသောအခါ အဘိုးအို၏ ပြောဆိုနေခြင်းသည် လုံးဝရပ်ဆိုင်းသွား၏။

"ချူကွန် နောက်မှာသွားနေလိုက်စမ်း၊ လူတစ်ယောက် ရောက်လာပြီ၊ ဘယ်သူလဲဆိုတာတော့ မသိရသေးဘူး"

ချူကွန်သည် မည်သည့်ခြေသံမျှ မကြားရချေ။ ထို့ကြောင့် အဘိုးအိုက ပြောလိုက်သောအခါ အံ့ဩသွားသည်။

အဘိုးအိုမှာကြားသည့်အတိုင်း လိုဏ်ဂူ၏အချိုးကွေ့တစ်ခု၌ သွားရောက်ပုန်းအောင်းလိုက်ရလေ၏။

ချူကွန်ပုန်းပြီး မကြာမီပင် ခြေသံတစ်သံကိုကြားလိုက်ရတော့သည်။

အဘိုးအို၏မေးသံ ထွက်ပေါ်လာလေ၏။

"ဘယ်သူလဲဟေ့"

မေးခွန်းထုတ်လိုက်သည့်အချိန်မှာပင် လူတစ်ယောက်သည် အဘိုးအိုရှေ့သို့ ရောက်ရှိလာလေ၏။

ချူကွန်သည် ချောင်းကြည့်လိုက်၏။ သူ့ဆရာလုံကုဖြစ်နေကြောင်း တွေ့ရှိလိုက်ရသည်။



ထိုအခါ ချူကွန် ထိတ်လန့်သွားတော့သည်။ အသာကလေး နောက်ပြန်လှည့်ပြီး ငြိမ်သပ်စွာ ကုပ်နေရလေ၏။

"ငါပါကွ သူငယ်ချင်း"

လုံကုက ရင်းနှီးစွာ ပြောလိုက်၏။ သူတို့သည် ယခင်က တည်းက အတော်ရင်းနှီးပုံရသည်။ ပြောပုံဆိုပုံကိုကြားရသည်နှင့် ရင်း နှီးကြောင်း သိသာသည်။

ထိုအခါကျမှ အဘိုးအိုသည် မျက်လုံးဖွင့်ကြည့်လေ၏။

"လုံကုပါလား"

"အေးပါ... ငါပါကွ"

"မင်းနဲ့ငါ မတွေ့တာနှစ်ပေါင်းနှစ်ဆယ်လောက်တောင် ရှိတော့မယ်နော်"

လုံကုသည် အဘိုးအိုဘေးဘက်ရှိ ကျောက်တုံးတစ်တုံးပေါ် ထိုင်လိုက်၏။

"ကျန်းဝမ်း မင်းရဲ့ရောဂါအခြေအန ဘယ်လိုလဲကွ၊ မင်း ကြည့်ရတာ အတော်ကျသွားတယ် ဟန်ပုံမပေါ်ဘူး"

အဘိုးအိုက မချိုပြုံးပြုံးလိုက်၏။

"နောက်ထပ်နေရ... လေးငါးဆယ်ရက်ပေါ့ကွာ"

အဘိုးအိုက ပခုံးတစ်ချက်တွန့်ပြီး....

"မင်းနဲ့ငါ ဒီရောက်နေကြတာ သိနေကြတာပဲ၊ မင်းလဲ နား မျက်စိရှိတာပဲ၊ ငါလဲ နားမျက်စိရှိတာပဲ၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်

ယောက် အတွေ့မခံကြပါဘူး။ မင်း ဒီနေ့ ငါ့ဆီဘာဖြစ်လို့ ရောက်လာတာလဲ"

လုံကုက သက်ပြင်းချလိုက်၏။

"မင်း ဒီကိုရောက်နေတယ်ဆိုတာ ငါ ကြားပြီးပါပြီ၊ ဒါပေမယ့် မင်း ဒီနေရာမှာရှိတယ်ဆိုတာတော့ မနေ့ကမှပဲ သိရတော့တယ်"

လုံကုသည် ဂူထဲလျှောက်ကြည့်လေ၏။ ဂူသည် မှောင်မည်းနေသော်လည်း ဂူထဲ၌ မြင်နေပုံရသည်။

သူသည် ဘာပစ္စည်းမှမတွေ့ရပေ။ သို့သော် အဘိုးအိုဘေးမှ အရိုးစုကိုတော့ တွေ့ရသည်။

"ဒါ... မင်းမိန်းမရဲ့ အရိုးစု မဟုတ်လား"

"ဟုတ်တယ်... ငါ့မိန်းမရဲ့ အရိုးစုပါ၊ သူ သေသွားတဲ့ အခြေအနေကိုလဲ မင်း သိသားပဲ၊ အိမ်ဝေါ့ရေကန်မှာ တိုက်ခိုက်ကြတာလေ"

"ငါ သိပါတယ်၊ စိတ်မကောင်းပါဘူးကွာ"

အဘိုးအိုက....

"မင်း အခု ငါ့ဆီလာပြီး ကျန်းမာရေးအခြေအနေကိုမေးမြန်းတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မင်း အကြောင်းမရှိဘဲနဲ့တော့ ငါ့ဆီမလာပါဘူး၊ ဒါကို ငါ သိပါတယ်"

လုံကုသည် အတန်ကြာ စကားမပြောဘဲ နေသည်။ နောက်ဆုံး ချောင်းတချက်ဟန့်လိုက်ပြီး....



"ဒီအထဲမှာ တခြားလူတစ်ယောက်ရှိသေးတယ်၊ အဲဒါ ဘယ်သူလဲကွ"

အဘိုးအိုက....

"မင်းနဲ့မဆိုင်တဲ့လူပါ၊ မင်းပြောချင်တဲ့စကားကို ပြောနိုင်ပါတယ်၊ ဘာမှစိုးရိမ်စရာ မရှိပါဘူး"

ချူကွန်မှာ ရင်ထိတ်သွားသည်။ သူသည် ငြိမ်ကုပ်နေသော်လည်း သူ့ဆရာသည် သူရှိနေကြောင်းကိုသိသည်။ သို့သော် မည်သူမည်ဝါမှန်းမသိ၍ တော်သေးသည်။

လုံကုက....

"ငါတို့ စင်းကျန်နယ်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်ရတာကို ငါတို့ဘယ်မေ့နိုင်ပါ့မလဲ၊ လူတိုင်း လူတိုင်းဟာ ကိုယ်စီကိုယ်စားပြုတဲ့အရာအားလုံးကို ဆုံးရှုံးခဲ့ရတယ်၊ အားလုံးရဲ့ အသည်းထဲမှာ စွဲနေကြတော့တာပေါ့၊ ဥပမာပြောရမယ်ဆိုရင် ငါ့ရဲ့ အမိန့်ပေးကြေးပြားမင်းရဲ့ အနီရောင်ခေါင်းမြီး၊ လူမားရဲ့ အရိုးအပ် စသည်တို့ပေါ့ကွာ"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဒါတွေကို ငါ ကောင်းကောင်းမှတ်မိပါတယ်ကွာ"

လုံကုက....

"မင်း ဒါတွေ မမေ့နိုင်ဘူးဆိုတာ ငါကောင်းကောင်းသိတာပေါ့၊ မင်း စင်းကျန်နယ်မှာ ဘာကြောင့်ခုက္ခခံနေသလဲ၊ ဒါတွေ မမေ့

နိုင်လို့ဒုက္ခခံနေရတာပေါ့၊ လူမားလဲ အခု စင်းကျန်နယ်ကိုရောက်နေတယ်၊ ငါလဲ စင်းကျန်နယ်ကိုရောက်နေရတယ်၊ ဘာဖြစ်လို့ ငါတို့ရောက်နေရသလဲ"

အဘိုးအိုက....

"မင်းကတော့ စင်းကျန်ကို အခုမှရောက်တာမဟုတ်ဘူး"

"မဟုတ်ဘူး... ပြဿနာဖြစ်ကတည်းက ပြည်မကိုမပြန်ဘဲနေတာ၊ အခုဆိုရင် (၁၈)နှစ်ကျော်ပြီ၊ ဒါဟာလဲ အကြောင်းရှိတယ်"

"လွန်ခဲ့တဲ့(၁၈)နှစ်က ချိန်းတဲ့စကားကြောင့် မင်း ဒီမှာပဲနေနေခဲ့တာ မဟုတ်လား"

"ဟုတ်တယ်... ဒါပေမယ့် အောင်မြင်လိမ့်မယ်လို့ ငါယုံကြည်နေတယ်"

အဘိုးအိုက လွမ်းဆွတ်စွာ ပြောလိုက်၏။

"ဒီမှာ သူငယ်ချင်း၊ ငါ့မှာ ဒီရောဂါမရှိဘူးဆိုရင်လဲ ငါလဲအောင်မြင်နေပြီပေါ့"

"ငါ ယုံကြည်ပါတယ်ကွာ"

လုံကုက ဆက်ပြောလိုက်၏။

"ငါ ပြောပြမယ်၊ မင်း သေသေချာချာ နားထောင်ပါ။ ငါဟာ အလွန်တော်တဲ့တပည့်တစ်ယောက် ရထားတယ်ကွ၊ သူ့ကိုထူးချွန်အောင် သင်ပေးနေတယ်၊ ဒီတပည့်ဟာ ဉာဏ်ပညာမှာရော၊ ခန္ဓာကိုယ်အချိုးအဆက်မှာရော ပြောစရာမရှိဘူး၊ သူဟာ တကယ့်ထူး



ချွန်မယ့်သူပါ၊ ဒါဟာ နှစ်ပေါင်း(၁၈)နှစ်ကျော်က ချိန်းထားတဲ့ကတိကြောင့်ပေါ့ကွာ"

အဘိုးအိုမှာ ချူကွန်၏အကြောင်းပါလာသဖြင့် ပါးစပ်ပိတ်သွားတော့၏။

လုံကုက ဆက်လက်ပြောနေလေ၏။

"ငါမေးမယ်... မင်းမှန်မှန်ပြောပါ"

"မေးပါ"

"အခု မင်းလဲ သူ့ကိုပညာသင်ပေးနေတယ် မဟုတ်လား။ ဒီသူငယ်ဟာ ဘယ်ပညာမဆို သိတာ တတ်တာ မြန်တယ်"

အဘိုးအိုမှာ အံ့သြသွားပြီး စကားပြန်မပြောနိုင်တော့ပေ။

"ဟုတ်တယ် မဟုတ်လား"

အတန်ကြာမှ ဝန်မခံချင် ဝန်ခံချင်နှင့် အဘိုးအို ဝန်ခံလိုက်ရ၏။

"ဟုတ်ပါတယ်"

လုံကု၏အသံက ကျယ်လောင်လာသည်။

"မင်း... တခြားကလေးကို မရှာနိုင်တော့ဘူးလား၊ ငါ ကြိုးစားပမ်းစား ရှာဖွေထားပြီး သူ့ကိုသိုင်းပညာသင်ပေးနေရတာ၊ လွန်ခဲ့တဲ့ဆယ်နှစ်၊ ဆယ်နှစ်ဆိုတဲ့ သက်တမ်းကာလကို ကြည့်စမ်း၊ လူမှန်းသိတတ်စအရွယ်ကစပြီး ငါ သိုင်းပညာပေးလာရတာကွ၊ မင်းက ငါ့အလုပ်ကို ဘာကြောင့်ဝင်ဖျက်ဆီးချင်ရတာလဲ"

အဘိုးအိုက လေသံပျော့ပျော့ဖြင့်....

"မင်းပြောရင်လဲ ငါခံရမှာပါပဲကွာ၊ ငါ့မှာ ဒီလိုစိတ်ကူးမျိုးမရှိခဲ့တာ အမှန်ပါပဲကွာ၊ ငါ အဲဒီငှေါ့ရေကန်ကို တစ်ခေါက်ရောက်ခဲ့ပြီးမှ...."

လုံကုသည် အံ့သြသွားလေ၏။

"မင်း အဲဒီငှေါ့ရေကန်ကိုသွားခဲ့တယ် ဟုတ်လား၊ မင်း အဲဒီငှေါ့ရေကန်ကိုရောက်ခဲ့တယ် ဟုတ်လား"

အဘိုးအိုက....

"ဟုတ်တယ်... ငါရှိုးခဲ့ပါတယ်၊ ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့ပါတယ်"

လုံကုသည် စကားမပြောနိုင်တော့ပေ။ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေရတော့သည်။

အဘိုးအိုက....

"နောက်တော့ ချူကွန်နဲ့တွေ့တာပါပဲ၊ ချူကွန်ကို ငါ့ရဲ့မပြီးပြတ်သေးတဲ့တာဝန်တွေကို လွှဲအပ်ပေးလိုက်တာပါပဲ"

လုံကုက ဒေါသတကြီး အော်ဟစ်တော့သည်။

"သူ့အနေနဲ့ တစ်ယောက်တည်းအတွက်ပဲ လုပ်ပေးနိုင်တာ ပ်ဆိုတာကို မင်းသိတယ် မဟုတ်လား၊ မင်းလုပ်တာ တရားသလား မတရားသလားဆိုတာကို စဉ်းစားကြည့်၊ ငါက ဆယ်နှစ်ကျော်ပြုစုလာတဲ့ ငါ့တပည့်ဟာ ငါ့အတွက်ဆောင်ရွက်ပေးသင့်တာပေါ့၊



မင်းက သုံးလေးငါးလနဲ့ ငါ့တပည့်ကို ထပ်မွေးပြီး မင်းလုပ်မယ့်အလုပ်တာဝန်တွေကိုခိုင်းတာဆိုတော့ ငါ့တပည့်ဟာ ငါ့အလုပ်တွေကို စွန့်ပစ်ပြီး မင်းပေးတဲ့အလုပ်တာဝန်တွေကို ထမ်းဆောင်ရမယ်ဆိုတာ တရားသလား"

အဘိုးအိုက လေသံပျော့ပျော့ဖြင့်....

"ဒီသဘောမဟုတ်ပါဘူးကွာ၊ သူဟာ မင်းကိစ္စကို အရင်ဆောင်ရွက်ပေးပြီးမှ ငါ့ကိစ္စကိုဆောင်ရွက်ပေးမှာပါ၊ အားလုံးအဆင်ပြေအောင် ကြည့်လုပ်ရမှာပေါ့ကွာ"

လုံကုက ဒေါသကြီးစွာဖြင့် ပြောလိုက်၏။

"မင်းလုပ်တာ မဟုတ်ဘူးကွာ၊ မှန်တာကိုပြောရမယ်ဆိုရင် ငါအချိန်မရွေးရင်ဆိုင်နိုင်တယ်ကွ၊ ငါလိုချင်တာကို မပင်ပန်းဘဲရအောင် ယူနိုင်တယ်၊ ဒါပေမယ့် ငါမလုပ်ချင်ဘူး၊ ငါ့ရဲ့ကတိကို ငါစောင့် ထိန်းရမယ်"

အဘိုးအိုက မေးလိုက်၏။

"မင်းရဲ့သဘောက ချူကွန်ကို မင်းရဲ့ပစ္စည်းယူခိုင်းမလို့လား"

"ဟုတ်တယ်"

"ပစ္စည်းပြန်ရလာတော့ မင်းကိုယ်တိုင် သိုင်းလောကထဲပြန်ဝင်ပြီး တုထိပါးကိုလက်စားချေမယ်၊ အဲဒီလိုပေါ့ ဟုတ်လား"

"ဟုတ်တယ်... ဒီလိုယုတ်မာတဲ့ကောင်ကို ငါဘယ်လိုခွင့်

လွှတ်ရမှာပဲ၊ ငါ့လက်ဝါးနဲ့ကို ရိုက်သတ်ပစ်မယ်ကွ"

အဘိုးအိုသည် ရယ်မောလိုက်လေ၏။

"မင်းနဲ့ငါ တစ်သဘောတည်းပါပဲကွာ၊ တကယ်လို့ ငါ့မှာသာ ရောဂါမရှိခဲ့ရင် တုထိပါးဟာ ငါ့လက်ချက်နဲ့သေတာ ကြာလှပြီ၊ ငါကလဲ တုထိပါးကို သတ်ချင်နေတာကွ"

အဘိုးအိုသည် စကားစ ခေတ္တပြတ်သွား၏။ သူသည် စဉ်းစဉ်းစားစားနှင့် ဆက်ပြော၏။

"ဒါပေမယ့် ချူကွန် မအောင်မြင်ခဲ့ရင်ကော"

လုံကုက သေချာပေါက်ပြောလေ၏။

"မဖြစ်နိုင်ဘူး၊ သူ မအောင်မြင်ဘူးဆိုတာ မဖြစ်နိုင်ဘူး၊ သူ အောင်မြင်မှာသေချာတယ်၊ သူ့လိုတပည့်မျိုးက တစ်သောင်းမှာ တစ်ယောက်တည်းရှိတာကွ"

အဘိုးအိုက....

"တကယ်လို့ မအောင်မြင်ဘူးတဲ့ကွာ အဲဒီလိုဆိုရင် ဘယ်လို လုပ်မလဲ"

"အဲ့ဒီလိုဆိုရင် ငါသိုင်းလောကထဲကိုပြန်ဝင်မယ်"

"ဒါဆိုရင် မင်းကတိပျက်ရာရောက်မှာပေါ့၊ မင်းပဲ သိုင်းလောကထဲ မဝင်ဘူးလို့ ကြေညာထားတဲ့ဥစ္စာ"

"ဟာ... အဲဒီတော့လဲ ငါ့တပည့်အတွက် လက်စားချေဖို့ သိုင်းလောကထဲပြန်ဝင်လာတယ်လို့ အကြောင်းပြရမှာပေါ့ကွ"



အဘိုးအိုက ရယ်မောလိုက်၏။

"ဟား... ဟား... ဟား။ လက်စသပ်တော့ မင်းဟာ ကိုယ်တ ည့်တစ်ယောက်ကို စတေးပြီးမှ သိုင်းလောကထဲပြန်ဝင်တဲ့လူကိုး"

လုံကုက မတ်တတ်ထရပ်လိုက်၏။

"အရမ်းမပြောနဲ့ကွ၊ ငါ ဒီလောက်ယုတ်မာတဲ့ကောင်ဆိုရင် ခုအထိ စောင့်စရာ ဘာမှမလိုဘူးကွ။ အခု ငါက ဆယ့်ရှစ်နှစ်အထိ တင့်ခဲ့ရတာကွ"

အဘိုးအိုက သက်ပြင်းချလိုက်၏။

"လုံကု... ငါစိတ်ထားပြောင်းသွားပြီကွ"

"ဘယ်လိုစိတ်ထားပြောင်းတာလဲ"

"ငါ့ချူကွန်ကို ငါ့အတွက် ဘာအလုပ်မှမလုပ်နိုင်းတော့ဘူး၊ းပမယ့် သူ့ကိုသိုင်းပညာသင်ပေးမှာကိုတော့ မင်းမကန့်ကွက်ဘူး ဂုတ်လား"

လုံကုသည် ဝမ်းသာအားရဖြစ်သွား၏။

"ကျေးဇူးတင်ပါတယ် သူငယ်ချင်း၊ သူဟာ ခေါင်းတစ်လုံး ည်းနဲ့ ရေအိုးနှစ်အိုးမရွက်နိုင်ပါဘူး။ သူ့ကိုသိုင်းပညာသင်ပေးတာ က့ သူ့တိုးတက်မှုအတွက်ပဲ ငါက ဘာကန့်ကွက်စရာရှိမှာလဲ"

အဘိုးအိုက ကြေကွဲစွာ ပြောလေ၏။

"ဒီမှာသူငယ်ချင်း၊ မင်းတပည့်က မင်းတပည့်ပဲ၊ ငါ့တပည့် မလာပါဘူး၊ ငါ့ကိုလဲ ကျေးဇူးတင်ဖို့မလိုပါဘူး၊ ငါနေရလှ နောက်

ထပ် လေးငါးရက်ပေါ့ကွာ"

လုံကုသည် ရှေ့သို့တိုးလာ၏။

"မင်းရဲ့ကျန်းမာရေးအခြေအနေကို ငါစမ်းသပ်ကြည့်မယ်နော်"

"ရပါတယ်... စမ်းပါ"

အဘိုးအိုက လက်ကိုရှေ့သို့ထိုးပေးလိုက်၏။

လုံကုသည် အဘိုးအို၏သွေးကြောကိုစမ်းသပ်ကြည့်လိုက်၏။

"မင်းရဲ့ရောဂါဟာ ဆယ်ရက်အတွင်းမှာ အခြေအနေပြောင်းလဲနိုင်တယ်၊ မင်းရဲ့နှလုံးသားဟာ အခြေအနေကောင်းသားပဲ၊ ဒါကောင်းနေရင် ဘာပူစရာရှိသလဲ၊ မင်းဟာ အနည်းဆုံးနှစ်နှစ်လောက် ကောင်းကောင်းနေနိုင်ပါသေးတယ်"

အဘိုးအိုသည် စကားကိုလှီးလွှဲ၍ ပြောလိုက်လေ၏။

"ငါတို့မိတ်ဆွေဟောင်းတွေအားလုံး ဒီကိုရောက်နေကြပြီနဲ့တူတယ်၊ ငါသိထားတာကတော့ လူများရောက်နေပြီဆိုတာပဲ၊ တခြားသူတွေလဲ ရောက်နေချိန်တန်ပြီလေ"

အဘိုးအိုက စကားဆက်လိုက်၏။

"ဒါပေမယ့် ငါဒီလိုဏ်ဂူထဲမှာ ရှိနေတယ်ဆိုတာတော့ သူတို့မသိကြပါဘူး။ မသိတာကောင်းတယ်"

လုံကုက ပြောလိုက်၏။



"အခုတလော ချင်းကုန်းဘုရားကျောင်းမှာ ပြဿနာဖြစ်ခဲ့တယ်၊ အိစဘုန်းတော်ကြီး အသတ်ခံရတယ်၊ ကျောင်းထိုင်ဆရာတော် လက်ညှိုးပြတ်သွားတယ်၊ နောက်တော့ ကျောင်းထိုင်ဆရာတော် ပျောက်သွားတယ်၊ သေသလား ရှင်သလား မသိရဘူး။ ဒါတွေဟာ လွန်ခဲ့တဲ့ ၁၈နှစ်က ဖြစ်ပေါ်ခဲ့တဲ့ ချမ်းချမ်းကျူသိုင်းကျမ်းကြောင့်ပဲလို့ ငါယုံကြည်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခုထိ ချမ်းချမ်းကျူသိုင်းကျမ်းကိုလိုက်နေတဲ့သူတွေ ရှိနေသေးလို့ပဲ"

အဘိုးအိုက....

"ဒီတရားခံက လူဟောင်းတွေထဲကပဲ ဖြစ်မှာပါကွာ"

လုံကုသည် အတန်ကြာသည်အထိ အလွှပ သလွှပစကားများကိုပြောပြီးမှ အဘိုးအိုအား နှုတ်ဆက်လိုက်၏။

"ကဲ... ငါသွားတော့မယ်"

"အေး... အေး၊ သွားတော့၊ ငါ့ကိုလာကြည့်တာ ကျေးဇူးတင်ပါတယ်၊ နောက်မလာနဲ့တော့"

လုံကုက ရယ်မောလိုက်၏။

"ငါတော့ မလာပါဘူးကွာ၊ တပည့် လာလိမ့်မယ်"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"သူတစ်ယောက်ရှိနေလို့ ငါ စိတ်ချမ်းသာနေရတာကွ၊ မင်းတပည့်ဟာ သူတစ်ပါးကို အတော်စိတ်ချမ်းသာအောင် လုပ်နိုင်ပါတယ်"

"ကြားရတာ ဝမ်းသာပါတယ်၊ ငါ့တပည့်ဟာ အစစအရာရာ ထူးချွန်တဲ့လူပါ"

လုံကုသည် ထိုစကားကိုပြောပြီးသည်နှင့် လိုဏ်ဂူထဲမှ ထွက်ခွာသွားလေတော့၏။



## အခန်း (၁၃)

### ဆရာကြီးလုံကု၏ ပြောပြချက်

လုံကုထွက်ခွာသွားပြီးနောက် အဘိုးအိုသည် ချူကွန်ကို လှမ်းခေါ်လိုက်လေ၏။

"ချူကွန် ထွက်ခဲ့တော့"

ချူကွန်သည် ထွက်လာလေ၏။

ချူကွန်က ဝမ်းသာအားရပြောလေ၏။

"ဘဘ... ဘဘဟာ နောက်ထပ်နှစ်နှစ်လောက် အသက်ရှင်နေနိုင်သေးတယ်ဆို၊ ကျွန်တော် ဝမ်းသာလိုက်တာ"

အဘိုးအိုက သက်ပြင်းချရင်း....

"ဒါကတော့ အတတ်ပြောလို့မရသေးဘူး။ဆယ်ရက်အ

တွင်းမှာ ရောဂါရဲ့အခြေအနေပေါ်မူတည်ပြီး အပြောင်းအလဲဖြစ်မှာပေါ့။ နှစ် နှစ်လောက် ဆက်နေချင်ရင်လဲ နေမယ်၊ မနေချင်ရင်လဲ မနေရဘူးပေါ့"

အဘိုးအိုသည် ဆေးဘူးထဲမှ ဆေးတစ်လုံးကိုယူ၍ သောက်လိုက်ပြန်၏။

"ခုနတုန်းက ကျွန်တော့်ဆရာနဲ့ ဘာတွေများ ပြောနေကြတာလဲ ဘဘ"

"ဒီအကြောင်းတွေကို မင်းကို မင်းဆရာက ပြောပြပါလိမ့်မယ်"

အဘိုးအိုက ဆက်ပြောလိုက်၏။

"မင်းကို ငါယူနိုင်းတဲ့ အနီရောင်ခေါင်းမြီးကို ယူမပေးပါနဲ့တော့"

ချူကွန်က မေးလိုက်၏။

"ဘာဖြစ်လို့လဲ ဘဘ"

အဘိုးအိုက ရှင်းပြလေ၏။

"ဟုတ်တယ်ကွ... မင်းဆရာပြောတာ၊ လူတစ်ယောက်လွတ်ရင် ပစ္စည်းတစ်မျိုးပဲရမယ်၊ မင်းဆရာက မင်းကို သူ့ပစ္စည်းယူနိုင်းမှာဆိုတော့ ငါ့ပစ္စည်းကို ဘယ်ယူနိုင်းလို့ဖြစ်တော့မှာလဲ"

"ဒါဖြစ်ရင် ဘာဖြစ်လို့ ဘဘက ကျွန်တော့်ကိုသိုင်းပညာသင်ပေးရတာလဲ"



"ဒါကတော့ အတ္တစိတ်ပေါ့ကွာ"

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော်က ဘဘကိုယူပေးမယ်လို့ ကတိပေးပြီးပြီမဟုတ်လား။ ဒီတော့ ကျွန်တော်မဖြစ်ဖြစ်အောင် ယူပေးမှာပဲ"

အဘိုးအိုသည် ချူကွန်၏စကားကိုကြားလိုက်သောအခါ လှိုက်လှိုက်လှဲလှဲ ခံစားမိလေတော့၏။

သူသည် ခေတ္တမျှ ငြိမ်ကျသွားသည်။ သူ၏အတွေးသည် လူးလာဆန်ခတ် ပြေးလွှားနေသည်။

ထို့နောက် သူ၏ဦးနှောက်ထဲကိုအတွေးတစ်ခုဝင်လာလေတော့၏။

"ချူကွန် မင်းကို ငါလူနှစ်ယောက်ဖြစ်အောင် ဖန်တီးလိုက်မယ်၊ ဒါမှ မင်းဆရာရဲ့အလုပ်ကိုလဲ လုပ်ပေးနိုင်မယ်၊ ငါ့အလုပ်လဲ လုပ်ပေးနိုင်တယ်"

အဘိုးအိုက ဝမ်းသာအားရ ပြောလိုက်လေ၏။

ထိုအခါ ချူကွန်က....

"ဘယ်လိုဖန်တီးမယ်ဆိုတာကိုသာ ပြောပြပါဘဘ"

အဘိုးအိုက ရှင်းပြလေ၏။

"ဒီလိုပါ မင်း ငါ့အတွက် အလုပ်လုပ်ပေးတဲ့အခါ မင်းဆရာသင်ပေးထားတဲ့သိုင်းပညာကို မသုံးရဘူး။ မင်းဆရာအတွက် အလုပ်လုပ်ပေးတဲ့အခါမှာ ငါသင်ပေးထားတဲ့သိုင်းညာကို အသုံးမပြုရဘူး။

အဲဒီအခါမှာ မင်းဟာ လူတစ်ယောက်ထဲက နှစ်ယောက်ဖြစ်သွား တာပေါ့"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ဒီနည်းအတိုင်း ကျွန်တော်ကျင့်သုံးပါ့မယ်၊ သိုင်း ပညာကိုခွဲခြားပြီး ကျင့်သုံးပါ့မယ်ဘဘ"

"ဘယ်သူ့အတွက် အရင်လုပ်ပေးရမယ်ဆိုတာတော့ ပြောလို့ဘူး၊ မင်းဘာသာ စဉ်းစားချင့်ချိန်ပါ"

"ဟုတ်ကဲ့ပါ ဘဘ"

"မနက်ဖြန်ကစပြီး ငါ ဒီလိုဏ်ဂူက ရွှေ့ပြောင်းတော့မယ်"

"ဘယ်ကိုပြောင်းမှာလဲ ဘဘ"

"မင်းနေထိုင်တဲ့ ချင်းကုန်းဘုရားကျောင်းရဲ့ ဘယ်ဘက် တောင်ကုန်းပေါ်မှာ၊ **အဲဒီတောင်ကုန်းက** သစ်ပင်ထူထပ်တယ်၊ ငါလဲ ပုန်းခိုလို့ကောင်းတာပေါ့၊ **တော်ရုံတန်ရုံလူလဲ မလာပါဘူး"**

သူက ဆက်၍ပြောလိုက်၏။

"အဲဒီတောင်ကုန်းပေါ်မှာ တဲတစ်လုံးတွေ့လိမ့်မယ်၊ မနက် ဖြန် အဲဒီကိုလာခဲ့ပါ"

ချူကွန်က....

"ဘဘ ဒီနေရာကိုမြတ်နိုးပါတယ်၊ ဘာဖြစ်လို့ ပြောင်းတာ လဲ"

"အကြောင်းရှိလို့ပေါ့ကွာ၊ ပြောစရာရှိရင် မနက်ဖြန်မှ ပြော



ပေတော့၊ ငါ့ အနားယူတော့မယ်"

ချူကွန်သည် သူဆက်ပြောလျှင်လည်း အဘိုးအိုက ဘာမျှ ပြောတော့မည်မဟုတ်သည်ကိုသိသဖြင့် လိုဏ်ဂူထဲမှ ထွက်လာခဲ့ တော့သည်။

ချူကွန်သည် **ကျောင်းနောက်တံခါးမှ**ဝင်ရန် ဟန်ပြင်လိုက် သည်။

"ထောက်"

ကျောက်တုံးတစ်တုံးသည် သူ့ရှေ့သို့ကျလာလေ၏။

ချူကွန်သည် ခဲလာရာဘက်သို့လှည့်ကြည့်လိုက်သည်။ထို မှာဘက်တွင် သစ်တောအုပ်တစ်အုပ်ရှိသည်။

သစ်ပင်တစ်ပင်အောက်တွင် မိန်းကလေးတစ်ယောက် ရပ် နေကြောင်း တွေ့ရလေတော့၏။

မိုလင်းနပေတည်း။

ဤတစ်ကြိမ်တွင် သူ့မျက်နှာပေါ်၌ဖုံးအုပ်ထားသော ဇာပ ဝါမှာ အနက်ရောင်မဟုတ်ချေ။ အစိမ်းရောင်ဖြစ်ပေသည်။

ချူကွန်သည် **ဝမ်းသာသွား၏။**

**"ခင်ဗျား ဘာလုပ်မလို့လဲ"**

မိုလင်းနက လက်ယပ်ခေါ်လိုက်၏။

"ဒီကိုလာပါ၊ ဒီလောက်အဝေးကြီးကို စကားပြောလို့ ဘယ် ကောင်းမလဲ၊ နီးနီးနားနား စကားပြောမှပေါ့"

ချူကွန်သည် ကျောင်းထဲသို့မဝင်တော့ဘဲ မိုလင်းနုရှိရာသို့ သွားလေတော့၏။

မိုလင်းနုရှိရာသို့ရောက်သောအခါ ရပ်တန့်လိုက်သည်။ ထိုအခါ မွှေးကြိုင်သင်းပျံ့သောရနံ့များသည် သူ့နှာညွန့်ကို ဆွတ်ချူ လေတော့၏။

"ဘာများ ပြောစရာရှိလို့လဲဗျာ"

မိုလင်းနုက ရယ်မောလိုက်၏။

"စကားပြောချင်လို့ လာတာပေါ့ရှင်၊ ရှင့်ကိုတစ်နေ့လုံး မတွေ့ရဘူး။ ရှင် ဘယ်သွားနေတာလဲ၊ ကျွန်မကတော့ ရှင်ဘုန်းကြီးကျောင်းမှာရှိမှာပဲဆိုပြီး ဘုန်းကြီးကျောင်းကိုပဲ လာရတာပဲ"

"အခုတွေ့ပြီပဲဗျာ... ပြောချင်တာကို ပြောပေတော့"

မိုလင်းနု ခစ်ခနဲ ရယ်မောလိုက်လေ၏။

"ရှေ့ကို တိုးပါဦး။ ရှင့်ကို ကျွန်မကိုက်မစားပါဘူး"

ချူကွန်သည် ရှေ့သို့တိုးလိုက်သည်။ ဤသို့ဖြင့် မိုလင်းနုနှင့် ချူကွန်တို့သည် ထွေရာလေးပါးစကားပြောဖြစ်ကြတော့သည်။

တောတောင်ရေမြေမှ ကောင်းကင်လဝန်းအထိ ပြောကြလေ၏။

စကားပြောဖန်များလာသောအခါ ချူကွန်သည် ရဲရဲဝံ့ဝံ့ဖြစ်လာတော့သည်။

"ဒါနဲ့ ကျုပ်မသိလို့ မေးပါရစေ၊ မင်းက ဘာဖြစ်လို့ မျက်နှာ



ကိုဇာပဝါနဲ့ အုပ်ထားရတာလဲ"

မိုလင်းနုက....

"ရှင်က ကိုရင်လေးမဟုတ်လား၊ ကျွန်မတို့မိန်းကလေးတွေဟာ ကိုရင်လေးတွေရှေ့မှာ **အလှအပနဲ့ဖြားယောင်းမိမှာစိုးလို့** ခုလို မျက်နှာကိုဇာပဝါနဲ့ အုပ်ထားရတာရှင့်"

ထိုစကားကိုကြားသောအခါ ချူကွန်သည် ဝမ်းသာသွား၏။ သူမ၌ထူးခြားလေးနက်သော အခြားအကြောင်းအရာမရှိကြောင်း သိလိုက်ရ၍ဖြစ်သည်။

"မလိုပါဘူးဗျာ... ဇာပါဝါကိုဖြုတ်ပစ်လိုက်စမ်းပါ၊ ကျုပ်လဲ မကြာခင် လူထွက်တော့မှာပါ"

သူသည် ပြောပြီးမှ အားတုံ့အားနာဖြစ်သွား၏။

မိုလင်းနုက ရယ်မောလိုက်သည်။

"ဟုတ်တယ်... ကျွန်မလဲ ဒါကြီးဖုံးအုပ်ထားရတာ စိတ်ရှုပ် နေပါတယ်၊ ကဲ... သွားလေရော"

သူမသည် ဇာပဝါကိုဖြုတ်ချလိုက်လေ၏။

ချူကွန်၏မျက်လုံးအစုံသည် တောက်ပသွားလေ၏။ သူ့ရင်သည် တထိတ်ထိတ် ခုန်လာသည်။

အဘယ့်ကြောင့်ဆိုသော် မိုလင်းနုမှာ ချောမောလွန်းလှသောကြောင့်တည်း။

မိုလင်းနု၏မျက်နှာသည် ချောမွေ့နေ၏။ မျက်ခုံးမွေးများ

က မည်းမှောင်၍ကွေးစိုက်နေသည်။ မျက်လုံးများက သမင်မျက်လုံးသဖွယ် ဝိုင်းစက်နေပြီး မျက်တောင်ကော့ကြီးများက ဖုံးလွှမ်းထားလေ၏။ ပါးစပ်က လေးကိုင်းသဏ္ဌာန်ရှိနေပြီး သွားကလေးများကလည်း ဖြူဖွေးညီညာလှသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တိတ်ဆိတ်ငြိမ်သက်သွားကြလေ၏။

ချူကွန်သည် ဘဝတစ်သက်တာ၌ အနှစ်သက် အမြတ်နိုးဆုံးအရာကိုတွေ့လိုက်ရသည့်အလား ငေးစိုက်ကြည့်နေမိလေ၏။

"အို... ရှင်က သိပ်ကြည့်တာပဲ"

မိုလင်းနက ရှက်တက်တက်ဖြင့် ပြောလိုက်သည်။ ထို့အခါ ချူကွန်သည် မျက်နှာလွှဲလိုက်ရတော့သည်။

သူတို့ပြန်လည် စကားလက်ဆုံကျနေကြလေတော့၏။

ထိုအချိန်မှာပင် ကျောင်းမှ အုန်းမောင်းခေါက်သံကို ကြားလိုက်ရလေတော့သည်။ ချူကွန်က မခွဲနိုင် မခွာနိုင်ပုံသဏ္ဌာန်နှင့်....

"ကျုပ်သွားရတော့မယ်"

"အုန်းမောင်းခေါက်သံကြားတာနဲ့ ရှင်က ဘာဖြစ်လို့သွားရတာလဲ"

"ဒါက သွားကိုသွားရမယ့် အချက်ပေးသံဘဲ"

"ဒါဖြင်လဲ သွားတော့နော်၊ မနက်ဖြန်ဒီအချိန်မှာ ကျွန်မဒီနေ ရာကပဲ စောင့်နေမယ်နော်"



ချူကွန်က ခေါင်းညိတ်လိုက်၏။

မိုလင်းနက လက်ကလေးဝှေ့ယမ်းကာ နှုတ်ဆက်ထွက်ခွာသွားတော့၏။

ချူကွန်သည် သူ့ဘဝတစ်သက်တာ၌ အပျော်ရွှင်ဆုံးခံစားရသောနေ့ ဖြစ်လေသည်။

မိန်းကလေးတစ်ယောက်နှင့် ယောကျာ်း လေးတစ်ယောက်တွေ့ဆုံစကားပြောမိရုံနှင့် ညှို့မျှကြည်နူးပီတိဖြစ်နေသည်မှာ အံ့သြဖွယ်ရာပင်ဖြစ်တော့သည်။

ချူကွန်သည် ကျောင်းဝင်းထဲဝင်မည်လုပ်ပြီးမှ သူ့ဆရာနှင့်ချိန်းဆိုထားသည့်အချက်ကို သတိရလေတော့သည်။

ထို့ကြောင့် သူသည် ကျောင်းထဲသို့မဝင်တော့ပေ။ ဆရာကြီးလုံကုနှင့် ချိန်းဆိုထားသည့်နေရာသို့ အပြေးအလွှားသွားရောက်ရတော့သည်။

သူသည် ချိန်းဆိုထားသည့်နေရာသို့ ရောက်ရှိသွားသည့်အခါ လုံကုရောက်ရှိနေသည်ကို တွေ့ရှိရလေတော့သည်။

သူသည် ဆရာဖြစ်သူအား ဂါရဝပြုနှုတ်ဆက်လိုက်၏။

"ဆရာရောက်နေတာ ကြာပြီလားခင်ဗျာ"

လုံကုက သူ့အား စေ့စေ့ကြည့်ရင်း....

" မင်းဘာဖြစ်လို့ နောက်ကျနေတာလဲ"

ချူကွန်မှာ မျက်နှာနီရဲသွားသည်။ သူသည် မိုလင်းနနှင့်စ

ကားပြောနေခဲ့မိသည် မဟုတ်ပါလော။ ထို့အတွက် နောက်ကျရပါသည်ဟု မပြောရဲချေ။

"ကျွန်… ကျွန်တော်… ဒီ… ဒီကနေ့ ကျောင်းဝင်းထဲမှာ ကိစ္စ၊ ကိစ္စရှိလို့ နောက်ကျသွားရတာပါဆရာ"

လုံကုက သူ့အား လက်ကာပြလိုက်ပြီး…

"ကဲ… ကဲ၊ မပြောနဲ့တော့ မင်းထိုင်ပါ"

ချူကွန်သည် အတန်ငယ်နိမ့်သော ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်လိုက်ရလေ၏။

လုံကုက သူ့အား စေ့စေ့ကြည့်၍ ပြောလေ၏။

"မင်းရဲ့လုပ်ရပ်ကိုကြည့်ပြီး ငါ မင်းကိုသတ်ချင်တယ်"

ချူကွန် ရင်ထိတ်သွားလေ၏။

လုံကုက…

"မင်း ရောဂါသည်အဘိုးအိုဆီမှာ သိုင်းပညာသင်တာ ဘယ်လောက်ကြာပြီလဲ"

ချူကွန်က…

"လပိုင်းလောက်ပဲ ရှိပါသေးတယ်"

လုံကုက မဲ့ပြုံးပြုံးလိုက်သည်။

"လူတစ်ယောက်ထဲက ဂိုဏ်းအသီးသီးထံက ပညာသင်တာမျိုးကို သိုင်းလောကသားတွေမကြိုက်မှန်း မင်းသိတယ် မဟုတ်လား"



ချူကွန် မျက်နှာပျက်သွားလေ၏။

"ကျွန်တော်သိပါတယ် ဆရာ"

လုံကုက မဲ့ပြုံးပြုံးလိုက်ပြီး…

"မင်းသိလျက်သားနဲ့ တမင်တကာလုပ်တာပေါ့ ဟုတ်လား"

"မဟုတ်ပါဘူးခင်ဗျာ"

"ကဲ… မင်းနဲ့သူနဲ့ ဘယ်လိုတွေ့ပြီး သိုင်းပညာကို ဘယ်လိုသင်ခဲ့တယ်ဆိုတဲ့အကြောင်း ငါ့ကိုပြောပြစမ်းပါဦး"

ချူကွန်သည် ဖြစ်ပျက်ပုံအလုံးစုံကိုပြန်ပြောင်းပြောလိုက်ရသည်။

ထိုစကားကိုကြားလိုက်ရသောအခါ တင်းမာခက်ထန်နေသော လုံကု၏မျက်နှာသည် အနည်းငယ်ပျော့ပျောင်းသွား၏။

"သူက မင်းကိုအခုလို အပင်ပန်းခံပြီးပညာသင်ပေးတာ ဘာရည်ရွယ်ချက်ရှိတယ်ဆိုတာ မင်းသိသလား"

ချူကွန်သည် အဘိုးအို၏ရည်ရွယ်ချက်ကို သိရှိပါသည်။ အဘိုးအိုက ပြောပြခဲ့ပြီးပြီ မဟုတ်ပါလော။

သို့သော် ဆရာဖြစ်သူ ဒေါသထွက်နေသဖြင့် သူသည် မပြောဘဲ ထိန်ချန်ထားရန် ဆုံးဖြတ်လိုက်သည်။

"သူက မင်းကို သိုင်းပညာသင်ပေးတဲ့အခါမှာ သူ့အတွက် ဘာလုပ်ပေးရမယ်လို့ မပြောဘူးလား"

"မပြောပါဘူးဆရာ၊ တစ်နေ့ အသုံးဝင်လာမယ်လို့ပဲ

ပြောပါတယ်"

လုံကုက ခေါင်းညိတ်လိုက်၏။

"**ကြည့်ရတာ** သူအကုန်မပြောရသေးဘူးနဲ့တူတယ်"

လုံကု**သည်** ထိုသို့တွေးလိုက်ပြီး....

"ကိစ္စမရှိပါဘူး။ ဒီကိစ္စကို ငါပြောပြမယ်"

ချူကွန်သည် ဝမ်းသာသွား၏။

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်ကလဲ သိချင်ပါတယ်"

လုံကုသည် နောက်မှကျောက်တုံးကြီးကို ကျောမှီလိုက်ပြီး....

"ငါ့ရဲ့သိုင်းပညာဟာ ပြိုင်စံရှားပညာဆိုတာ မင်းလဲသိလောက်ပါပြီ၊ ဒါပေမယ့် လွန်ခဲ့တဲ့ဆယ့်ရှစ်နှစ်ကျော်ကျော်တုန်းက လူတစ်ယောက်ဟာ ကောက်ကျစ်စဉ်းလဲစွာနဲ့ပရိယာယ်ဆင်လိုက်တဲ့အတွက် ငါ ခံလိုက်ရပါတယ်"

"ဆရာတစ်ယောက်တည်းပဲ ခံလိုက်ရတာလား"

"ငါတစ်ယောက်တည်း မဟုတ်ပါဘူး။ လူအများကြီးပါပါတယ်"

"ဆရာ့ကိုလုပ်ကြံတဲ့လူဟာ ဘယ်သူလဲ"

"သူဟာ စင်းကျန်နယ်သားပါ၊ နာမည်က တုထိပါးလို့ခေါ်တယ်"

"တုထိပါး"



ဒီနာမည်ကို ရောဂါသည်အဘိုးအို ပြောပြသည့်အကြောင်းအရာတွင် တစ်ခါကြားခဲ့ရပြီးပြီ။

ယခု ဒုတိယအကြိမ်ကြားလိုက်ရခြင်း ဖြစ်သည်။ ချူကွန်သည် တုထိပါး၏အမည်ကို ရေရွတ်လိုက်၏။

လုံကုက ဆက်လက်ပြောပြလေသည်။

"သူက စင်းကျန်နယ်မှာ ထိပ်တန်းသိုင်းကျမ်းတစ်ကျမ်းရှိတယ်လို့ သတင်းလွှင့်လိုက်တယ်၊ အဲဒီသတင်းလဲထွက်လာရော အထက်လမ်းသိုင်းသမားတွေရော၊ အောက်လမ်းသိုင်းသမားတွေပါ စင်းကျန်နယ်ကိုစုရုံးရောက်ရှိလာကြတော့တာပဲ၊ အမှန်ကတော့ ငါဒီသတင်းကို မယုံပါဘူး။ နောက်ပြီး ငါ့အတွက်လို့လဲ မလိုအပ်ပါဘူး။ ဒါပေမယ့် ခက်တာက ရှုးစမ်းချင်တဲ့ငါ့ရဲ့ဇီဇဝါသနာပဲ၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး ငါ စူးစမ်းလေ့လာခဲ့ပါတယ်"

ချူကွန်သည် ထိုအကြောင်းကိုလွန်စွာ စိတ်ဝင်စားစွာ နားထောင်နေသည်။

သည်အကြောင်းနှင့်ပတ်သက်ပြီး သူ့အား လူသုံးဦး က သုံးကြိမ်ပြောကြားခဲ့လေပြီ။ ပထမနှစ်ကြိမ်က ပြီးပြည့်စုံအောင် မပြောခဲ့ချေ။

တစ်ယောက်က လူမားဖြစ်၏။ လူမားသည် ပုံပြင်ဟုပြောပြီး ပုံပြင်ကိုဆုံးအောင်မပြောခဲ့ချေ။

ဒုတိယတစ်ယောက်က ရောဂါသည်အဘိုးအိုဖြစ်၏။ ရော

ဂါသည်အတိုးအိုသည့် နီဂိုးချုပ်ကိုချန်ပြီး ပြောခဲ့လေသည်။

တတိယတစ်ယောက်မှာ **သူ့ဆရာလုံကုဖြစ်သည်**။ သူ့ဆရာက သူ့အား ဘယ်အထိ **ပြောပြမည်ကို မသိချေ**။

သူသည် ပထမနှစ်ကြိမ်က **ထိုအကြောင်းအရာကိုအပြည့်အစုံ** မသိခဲ့ရချေ။

ယခု သူ့ဆရာသည် ထိုအကြောင်းအရာကို အပြည့်အစုံ ပြောပြမည်ဟု မျှော်လင့်ခဲ့မိလေ၏။

လုံကုသည် ဆက်လက်ပြောလေ၏။ ယင်းသို့ပြောဆိုသည့်အခါတွင် သူ့ဆရာသည် လူမားနှင့်ရောဂါသည်အဘိုးအိုကျန်ဝမ်းကဲ့သို့ပင် စိတ်လှုပ်ရှားလာသည်ကိုတွေ့ရလေ၏။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ပထမဆုံးစဉ်းစားရတာက ဒီကျမ်းဟာ တကယ်ရှိ မရှိဆိုတာပဲ"

သူ့ဆရာလုံကုက ဆက်ပြောလေ၏။

"မင်းကို ငါပြောဖို့မေ့သွားတယ်၊ ဒီသိုင်းကျမ်းအမည်ပဲ၊ ဒီသိုင်းကျမ်းကို ချမ်းချမ်းကျူသိုင်းကျမ်းလို့ခေါ်တယ်၊ ဘာကြောင့် ချမ်းချမ်းကျူသိုင်းကျမ်းလို့ခေါ်ရသလဲဆိုတာ ငါရှင်းပြမယ်၊ ချမ်းချမ်းကျူဟာ ဘုန်းတော်ကြီးတစ်ပါးမဟုတ်ပါဘူး၊ သာမန်လူတစ်ယောက်ပါ၊ ဒါပေမယ့် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်တယ်"

သူက စကားဆက်ပြန်သည်။

"ချမ်းချမ်းကျူဟာ လွန်ခဲ့တဲ့နှစ်ပေါင်းသုံးရာလောက်က ရှေး



သားခဲ့တယ်လို့ သိရတယ်၊ သူကွယ်လွန်သွားရော ဒီသိုင်းကျမ်းလဲ ပျောက်ကွယ်သွားတာပဲ"

သူသည် ထိုစကားများကိုပြောနေစဉ် ချူကွန်က မကြည့်ပေ။ အဝေးသို့ငေးမျှော်ရင်း အတိတ်ကို သတိရစွာပြောနေခြင်း ဖြစ်သည်။

"ဒီသိုင်းကျမ်းဟာ သိုင်းသမားတွေကို ဘယ်လောက်စိတ်ဝင်စားစေသလဲဆိုတာ လိုက်ရှာတဲ့သိုင်းသမားတွေ အရေအတွက်ကို ကြည့်ပြီး သိနိုင်တယ်၊ လိုက်ရှာတဲ့သိုင်းသမားဟာ တစ်ထောင်အထက်မှာ ရှိတယ်"

ချူကွန်သည် **ထိုသိုင်းကျမ်း** မိမိလက်ထဲရောက်ခဲ့သည်ကို သတိရလာလေ၏။

**မိမိသည် ထိုသိုင်းကျမ်း**ကိုလုံခြုံအောင် မဝှက်နိုင်သဖြင့် ကျောင်းထိုင်**ဆရာတော်**သည် ထိုသိုင်းကျမ်းကိုပြန်ရသွားခဲ့လေသည်။

ချူကွန်သည် ယခုအခါမှ လွန်စွာ နှမြောနေမိတော့သည်။

လုံကုက ဆက်၍ ပြောလေ၏။

"**သိုင်းသမားတစ်ထောင်**ကျော် လိုက်ရှာတော့လဲ ဒီသိုင်းကျမ်းကိုမတွေ့ဘူးလို့ ပြောကြပါတယ်၊ အဲဒီနောက်ပိုင်းမှာ စင်းကျန်နယ်က ဘုန်းတော်ကြီးတစ်ပါးဖြစ်တဲ့ ကွန်းထိန်ကျမုချီက လက်ရေးနဲ့ကူးထားတယ်လို့ ပြောကြတယ်"

ချူကွန်လည်း နားထောင်ရင်း လွန်စွာ နောင်တရလေသည်။

"ငါတွေ့ခဲ့တာ အဲဒီသိုင်းကျမ်းပဲ။ ငါညွှံလိုက်တာ"

လုံကုက ဆက်ပြောနေသည်။

"အဲဒီအချိန်မှာ သိုင်းသမားတွေဟာ စင်းကျန်နယ်နဲ့တိဘက်နယ်ထဲမှာ သိုင်းကျမ်းကိုလိုက်ရှာကြတယ်၊ ဘယ်မှာမှမတွေ့ကြပါဘူး။ အဲဒီနောက် လုံးဝသတင်းမရခဲ့တော့ဘူး"

ချူကွန်က မေးလိုက်သည်။

"အဲဒီသတင်းဟာ တုထိပါးဆိုတဲ့ပုဂ္ဂိုလ်ဆီကပေါ်နေ၁်၊ သူလွှင့်လိုက်တဲ့သတင်းဟာ ကွန်းထိန်ကျူမုချိုက ကူးရေးထားတဲ့ လက်ရေးကျမ်း သိုင်းကျမ်းလားဆရာ"

လုံကုက သက်ပြင်းချလိုက်၏။

"အဲဒီလို သတင်းအတိအကျကြားတော့မှ ငါက ယုံတာပါ"

လုံကုသည် ဆက်ပြောလေ၏။

"နောက်အချက်တစ်ချက်ကတော့ တုထိပါးဟာ ပြည်မကိုလာပြီး စိန်ခေါ်ခဲ့ဖူးတယ်၊ ဒါပေမယ့် သူရှုံးခဲ့တယ်၊ အဲဒီအခါမှာ ပြည်မက သိုင်းသမားတွေက စဉ်းစားကြတယ်၊ သူဘာလို့ ပြည်မကိုစိန်ခေါ်ရဲသလဲလို့၊ သူဟာ ချမ်းချမ်းကျူသိုင်းကျမ်းကိုရထားလို့သာ ပြည်မကို စိန်ခေါ်ရဲတာဖြစ်မယ်၊ နောက်ပြီး သူဟာ ချမ်းချမ်းကျူသိုင်းကျမ်းကို အဆင့်အားလုံးမလေ့ကျင့်ရသေးဘဲနဲ့ လာပြီး စိန်ခေါ်တာ



ဖြစ်မယ်လို့ တွေးဆကြတယ်'

သူသည် စကားကိုခေတ္တနားပြီးမှ ဆက်ပြောလေ၏။

"ငါစူးစမ်းလေ့လာပြီးတော့မှ ချမ်းချမ်းကျူ မူရင်းသိုင်းကျမ်းတော့ မဟုတ်နိုင်ဘူး။ ကွန်းထိန်မုချိုရဲ့ လက်ရေးသိုင်းကျမ်းပဲဖြစ်မယ်လို့ ငါယုံကြည်ပြီး ဒီကိုလာမိခဲ့တာပဲ"

ချူကွန်က မေးလိုက်၏။

"ဒီသိုင်းကျမ်းကို ဆရာများမြင်ဖူးသလား ဆရာ"

လုံကုက....

"မမေးနဲ့၊ ငါပြောတာကိုသာ နားထောင်၊ တုထိပါးဟာ အခုလောက် ယုတ်မာတဲ့လူ၊ ဒီလောက်ရက်စက်မယ့်လူလို့ ငါမသိခဲ့ဘူး"

ချူကွန်က....

"ဘယ်လောက်ယုတ်မာတာလဲ ဆရာ၊ ဘယ်လောက်ရက်စက်တာလဲ"

လုံကုက မျက်လုံးပြူးကြည့်လိုက်၏။

"မင်းကို မမေးပါနဲ့လို့ ငါပြောထားတယ် မဟုတ်လား"

လုံကုက ဆက်လက်ပြောဆိုသည်။

"ဒီလူ ဘယ်လောက်ကောက်ကျစ်စဉ်းလဲသလဲဆိုတာ ငါပြောပြမယ်၊ မင်း မမေးနဲ့၊ ငါပြောမယ့်စကားကို ငါသိတယ်"

ချူကွန်သည် မမေးရဲတော့ပေ။

လုံကုက....

"အဲဒီတိရစ္ဆာန်ဟာ...."

လုံကုက နာကျည်းစွာ ပြောလိုက်သည်။

"အဲဒီတိရစ္ဆာန်ဟာ နှင်းတောင်ပေါ်က အသီးတစ်မျိုးကိုသုံးနှစ်ထိ အချိန်ကုန်ခံပြီး အမှုန့်ဖြစ်အောင် ထုထောင်းအဆိပ်အဖြစ် အသုံးပြုလိုက်တယ်"

ချူကွန်သည် စကားပြောရန် ဟန်ပြင်ပြီးမှ ပါးစပ်ပြန်ပိတ်လိုက်ရလေ၏။

"အဲဒီအဆိပ်မှုန့်ဟာ အသက်ရှူရင်း မသိမသာနဲ့ ဗိုက်ထဲရောက်ပြီး အဆိပ်သင့်တော့တာပဲ၊ ဒါပေမယ့် အဆိပ်သင့်တဲ့လူကတော့ ဘာမှမသိပါဘူး"

လုံကုသည် ပြောရင်း ဒေါသထွက်လာလေ၏။

"ငါတို့အားလုံး တုထိပါးဆီကိုရောက်တယ်၊ ဒီကျမ်းစာအုပ်ဟာ စင်းကျန်နယ်ထဲက ဘုရားကျောင်းတစ်ခုခုဆီမှာ ရှိတယ်လို့ သူက သတင်းကိုပြောပြတယ်၊ ကံရှိတဲ့လူ ရမှာပါပဲလို့ပြောတယ်"

ချူကွန်သည် မေးခွန်းမေးရန် အကြံဖြစ်ပေါ်လာသည်။ သို့သော် မမေးရဲပေ။

ထို့ကြောင့် နားသာ ထောင်နေရတော့သည်။

"ငါတို့က သူ့ကိုသေသေချာချာ မေးတယ်၊ သူဟာ ဟိုဘုရားကျောင်းလိုလို ဒီဘုရားကျောင်းလိုလိုပြောတယ်၊ ငါတို့က ခင်ဗျား ဒီသိုင်းကျမ်းကိုရထားတယ် မဟုတ်လားလို့ မေးတယ်၊ သူက မပြောဘူး။ အဲဒီမှာ လူမားက စပြီးတိုက်ခိုက်တော့တာပဲ၊ သူ့သိုင်းပညာက ဘာမှမဆန်းဘူး။ ချမ်းချမ်းကျူသိုင်းပညာလဲ ဟုတ်ပုံမရဘူး"



လုံကုက စကားဆက်လိုက်၏။

"**လူမားလဲ တုထိပါးဟာ** ချမ်းချမ်းကျူသိုင်းကျမ်းထဲက ဘာ**ပညာမှမတတ်ဘူးလို့ ပြောတယ်**၊ ဒါကို အားလုံးက ယုံကြည်တယ်၊ **ဒီအခါမှာ စင်းကျန်နယ်က ရှိသမျှ** ဘုန်းကြီးကျောင်းတွေကို တို့တစ်တွေ လိုက်ရှာကြတော့တာပဲ"

လုံကုက....

"တုထိပါးဟာ တကယ်ကောက်ကျစ်တဲ့ကောင်ကွ၊ သူဟာ သိုင်းကျမ်းတစ်အုပ်လုံးကို သူဖော်စပ်ထားတဲ့အဆိပ်ကို လူးထားလိုက်တယ်၊ အားလုံးက ဒီသိုင်းကျမ်းကိုလုနိုကြတဲ့အခါမှာ တံတွေးဆွတ်ပြီးတော့ လှန်ကြတာပေါ့၊ အဲ့ဒီတော့ အားလုံးအဆိပ်မိသွားကြတော့တာပေါ့"

ချူကွန်သည် ထိုစကားကိုကြားလိုက်ရသောအခါ ရင်ထိတ်သွားသည်။

လုံကုက....

"ငါတို့ လူစုထဲမှာ ရောဂါသည်သိုင်းသမား ဇနီးမောင်နှံလဲပါတယ်၊ သူတို့ဟာ နဂိုက ရောဂါရှိရတဲ့အထဲ အဆိပ်မိတော့ ပိုဆိုးတာပေါ့"

ချူကွန်သည် ခံပြင်းလာမိသည်။ သူသည် တုထိပါးအား

လက်စားချေရန် စိတ်ဆန္ဒပြင်းထန်လာသည်။

လိုက္ကက ဆက်ပြောသည်။

"ငါနဲ့ လူမားဟာ အဆိပ်မိကြောင်းလဲ ရိပ်မိရော အဆိပ်ကာကွယ်ရေး လုပ်ကြတော့တာပဲ၊ ငါဟာ အဆိပ်တွေကိုခြေထောက်မှာ စုစည်းထားလိုက်တယ်၊ ဒါကြောင့် ငါ့ခြေထောက်တစ်ဘက်ဟာ ပျက်စီးသွားရတာပဲ"

ချူကွန်၏စိတ်ထဲ၌ တုထိပါးအား ပို၍ မုန်းတီးမိလေ၏။

လိုက္က....

"လူမားက အဆိပ်ကို သူ့သွားတွေအထိ ထုတ်လိုက်တယ်၊ ဒါကြောင့် သူ့မှာ သွားတွေမရှိတော့ဘဲ မျက်စိတစ်ဖက်တောင် ပျက်သွားရှာတယ်"

လိုက္ကသည် အလွန်နာကျည်းစွာ ဆက်ပြောနေတော့၏။

"ချီစိန်ကတော့ ကျောက်ကပ်မှာ အဆိပ်မိသွားတယ်၊ ဝမ်ကျောင်းဆိုတဲ့လူက နားနှစ်ဘက်၊ ထိတ်ဆိုတဲ့လူက လက်ဝါး၊ အဆိုးဆုံးကတော့ ရောဂါသည်သိုင်းသမား ကျုံဝမ်းရဲ့ မိန်းမ ချုမွှန်ယောင်ပဲ၊ သူက သိုင်းကျမ်းကို အများဆုံးလှန်တဲ့လူဆိုတော့ အများဆုံးအဆိပ်မိတာပေါ့၊ ဒါကြောင့်မို့ သူက အရင်ဆုံးသေသွားတယ်"

လိုက္ကသည် မျက်ရည်များ ဝဲလာသည်။

ချူကွန်လည်း မျက်ရည်ကျလာမိလေ၏။

"ဆရာက ပညာ ဒီလောက်ကောင်းရဲ့သားနဲ့ တုထိပါးကို



ဘာကြောင့် လက်စားမချေရတာလဲ"

လိုက္ကသည် ယခုအခါတွင်တော့ ချူကွန်ကို မငေါက်ငမ်းတော့ပေ။ သူလည်း စိတ်ထိခိုက်နေသည်ကိုး။

"ငါ့စကားက မဆုံးသေးဘူး၊ အားလုံးအဆိပ်မိသွားတော့ သေတဲ့လူလဲသေ၊ ငါတို့လဲ ကိုယ့်အဆိပ်ကို ကိုယ်ကုနေကြတော့တာပေါ့၊ အဲဒီအခါမှာ တုထိပါးဆီသွားပြီး ပြစ်တင်မေးမြန်းကြတော့တာပေါ့"

"သူက ဘာပြောသလဲ"

"အဲဒီလို အဆိပ်နဲ့လုပ်တဲ့လူဟာ တခြားသူမဟုတ်ဘူး၊ ငါပဲလို့ သူက လိမ်ပြောတယ်၊ ငါဆွေ့ဆွေ့ခုန်ဒေသါထွက်လိုက်တာ မပြောပါနဲ့တော့၊ နောက်တော့ သူက ဘာလုပ်တယ်ထင်သလဲ၊ သူ့ခြေထောက်တစ်ဘက်ကိုဖြတ်ပြီးတော့ ငါ့ကြောင့်ဖြစ်ရတယ်လို့ လိမ်ပြောလိုက်သေးတယ်၊ သူလဲ အဆိပ်မိတယ်ပေါ့ကွာ"

"အားလုံးက သူ့စကားကိုယုံကြည်မိကြတာပဲလား"

"ဒီတိရစ္ဆာန်ဟာ အပြောတော့ကောင်းတယ်၊ ငါက ဖြေရှင်းပေမယ့် ငါ့စကားကိုမယုံကြဘူး အားလုံးက ငါ့ကိုတိုက်ခိုက်ဖို့လာကြတော့တာပဲ၊ အဲဒီအချိန်မှာ တုထိပါးရောက်လာပြီး တိုက်ခိုက်မယ့်လူတွေကို 'ခဏနေကြပါဦး၊ ဖြေရှင်းနည်းလမ်းရှိပါတယ်'လို့ သူကပြောတယ်၊ အဲ့ဒီအခါမှာ တိုက်ခိုက်မယ့်လူတွေလဲ ရပ်သွားကြတယ်၊ သူက ဘာပြောသလဲဆိုရင် ငါ့ဆီမှာရှိတဲ့အမိန့်ပေးကြေးပြားကို ထုတ်ပေး

ရင် ငါဟာ အားလုံးကိုအဆိပ်မိအောင်လုပ်တဲ့လူ မဟုတ်ဘူးလို့ ယုံမယ်ပြောတယ်"

"ဆရာက ထုတ်ပေးလိုက်ရသလား"

"ငါ အကြီးအကျယ်ဒုက္ခရောက်တာပေါ့၊ ဒီအမိန့်ပေးကြေးပြားမရှိရင် ငါဟာ သိုင်းလောကမှာ ခြေချခွင့်မရှိတော့ဘူး။ အမိန့်ပေးကြေးပြားမပေးရင်လဲ သူတို့ကို အဆိပ်မိအောင် လုပ်တဲ့လူလို့ ထင်မယ်၊ နောက်ဆုံးတော့ ကဲ... မထူးတော့ပါဘူးဆိုပြီး အမိန့်ပေးကြေးပြားကို တုထိပါးလက်ထဲထည့်လိုက်ရတော့တယ်၊ အဲဒီအခါကျမှ အားလုံးက **ငါဟာ** အဆိပ်မိအောင် လုပ်တဲ့လူလို့ မထင်ကြတော့ဘူးလေ"

**ချူ**ကွန်သည် အကြီးအကျယ် စိတ်မကောင်းဖြစ်သွားတော့၏။

လုံကုက ဆက်လက်ပြောလေတော့၏။

"အဲဒီနောက်ပိုင်း တုထိပါးဟာ အနိုင်နဲ့ပိုင်းတော့တာပဲ၊ ဒီအမိန့်ပေးကြေးပြားကို အနှစ်နှစ်ဆယ်အတွင်းပြန်တောင်းခွင့်ရှိတယ်၊ ဒါပေမယ့် ကိုယ်တိုင်မလာရဘူး။ ယုံကြည်ရတဲ့လူ၊ ဒါမှမဟုတ် တပည့်တစ်ယောက်ကိုစေလွှတ်ပြီး တောင်းရမယ်လို့ပြောတယ်"

"အဲဒီတုန်းက ဆရာ သူ့ကိုသတ်လိုက်ရင်ရတာပဲ"

"မင်းမှာ သစ္စာ လူမှာကတိတဲ့၊ အမိန့်ပေးကြေးပြားကို ငါ ပေးပြီးတဲ့နောက် ဘာမှလုပ်လို့မရတော့ဘူး။ ဒါကြောင့် ပြည်မကို



ထောပြန်သွားမိတယ်"

ချူကွန်သည် ဆရာလုံကုအတွက် ကြီးစွာသောစိတ်မကောင်းခြင်း ဖြစ်ရလေသည်။

"အဲဒီအချိန်ကစပြီး ငါလဲ တပည့်တစ်ယောက်ကို အသေအလဲ ရှာတော့တာပဲ၊ အီဝေ့ရောက်နေကိုသွားပြီး တုထိပါးကို ငါသတ်လို့ရပါတယ်၊ ဒါပေမယ့် သိုင်းလောကမှာ ငါနာမည်ပျက်သွားမယ်၊ ဒါကြောင့် ငါဟာ တပည့်တစ်ယောက်ကိုလိုက်ရှာရတာ"

လုံကုက ဆက်လက်ပြီး ပြောသည်။

"ရောဂါသည်သိုင်းသမားကျုန်ဝမ်းကတော့ သူ့ဆီတစ်ခေါက်ရောက်တယ်၊ ဒါပေမယ့် သူရှုံးပြီး ပြန်လာရတယ်လို့ ငါ့ကိုပြောတယ်"

သူသည် ချူကွန်အား စိုက်ကြည့်လိုက်သည်။

"သူ မင်းကိုသိုင်းပညာ**သင်ပေးတာက သူ့ရဲ့**အနိုရောင်ခေါင်းမြီးကိုပြန်လိုချင်လို့ပဲ **ဖြစ်ရမယ်"**

ချူကွန်က....

"ဒီဇာတ်လမ်းအပြည့်အစုံကို အခုကျမှ သိရတော့တယ်ဆရာ"

လုံကုက....

"ငါတို့ချိန်းထားတဲ့အချိန်ဟာ နှစ်နှစ်တောင် ကျန်သေးတယ်။ အချိန်ရောက်ရင် မင်းဟာ တုထိပါးဆီက အမိန့်ပေးကြေးပြား

ကို ပြန်ယူပေးရလိမ့်မယ်"

သူက သေချာအောင် မေးလိုက်၏။

"မင်းကတော့ ယူပေးမယ် မဟုတ်လား"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ယူပေးပါ့မယ်ဆရာ"

လုံကုသည် ကျေနပ်သွား၏။

"မင်းဟာ ထိပ်သီးသိုင်းပညာတွေကို တတ်မြောက်ထားပြီး မင်းပြန်ယူပေးနိုင်တယ်ဆိုတာ ငါယုံတယ်"

ချူကွန်က မေးလိုက်၏။

"ဆရာ... အနီရောင်ခေါင်းမြီးဆိုတဲ့ပစ္စည်းဟာ အဘိုးအိုအတွက် အတော်အရေးကြီးသလားဟင်"

လုံကု ခေါင်းညိတ်လိုက်၏။

"အရေးကြီးတာပေါ့။ ငါ့ရဲ့အမိန့်ပေးကြေးပြားရယ်၊ အနီရောင်ခေါင်းမြီးရယ်ဟာ ငါတို့ရဲ့ဂုဏ်သိက္ခာကိုကိုယ်စားပြုတဲ့အမှတ်လက္ခဏာပဲ၊ ငါတို့အတွက် ကိုယ့်အသက်ထက်အရေးကြီးပါတယ်"

ရောဂါသည်အဘိုးအိုသည် အဘယ့်ကြောင့် ဤမျှအလေးထား မှာကြားရသည်ကို ချူကွန်နားလည်သဘောပေါက်ရလေတော့၏။

"ဒါနဲ့ ဆရာရယ်၊ တုထိပျံ့က သူတို့ရဲ့ပစ္စည်းကို ဘယ်လိုနည်းနဲ့ရသွားတာလဲဆရာ"



"မပြောတတ်ဘူး။ အဲဒီအချိန်ပိုင်းမှာ ငါပြည်မကို ပြန်သွားတဲ့အချိန်မှာ သူတို့ဖြစ်ပျက်သွားတာပဲ"

ချူကွန်သည် ဆက်မမေးရဲတော့ပေ။ သူသည် လုံကု၏အမိန့်ပေးကြေးပြားနှင့် အနီရောင်ခေါင်းမြီးကို မည်သို့မည်ပုံပြန်ယူပေးရမည်ကို စဉ်းစားနေလေ၏။

လုံကုက သူ့အား စိုက်ကြည့်လိုက်ပြီး....

"မင်းက သူ့ရဲ့အနီရောင်ခေါင်းမြီးကိုပြန်ယူပေးဖို့ စဉ်းစားနေတယ်ဟုတ်လား"

ချူကွန် ရင်ထိတ်သွား၏။ ဆရာ ဘယ်လိုလုပ်ပြီး သူ့ရင်ထဲက အကြံအစည်ကိုသိသည် မဆိုနိုင်ပေ။

"မဟုတ်ပါဘူးဆရာ"

"မင်းဟာ ကိုရင်ဖြစ်တယ်၊ ကိုရင်ဖြစ်ပြီး လိမ်ပြောတတ်တာကိုး"

သူ့မျက်နှာသည် ခက်ထန်သွား၏။

"ငါ ဘာမှမပြောလိုဘူး။ ငါ့အဖြစ်အပျက်နဲ့ရောဂါသည်အဘိုးအိုရဲ့အဖြစ်အပျက်ဟာ အတူတူပဲဆိုတာပဲ မှတ်ထားပါ၊ မင်း ဘာလုပ်သင့်တယ်ဆိုတာ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ရမယ်"

သူက ဆက်ပြောသည်။

"မင်း ပြန်သွားတော့"

"ဆရာ ဘယ်ကိုသွားဦးမှာလဲ"

"ကိစ္စတွေကျန်သေးတယ်၊ ငါမရှိတဲ့အချိန်မှာ ရောဂါသည် သိုင်းသမားဆီသွားပါ။ သူက မင်းကိုအလွန်ချစ်ပါတယ်၊ တခြားလူနဲ့တော့ မဆက်ဆံပါနဲ့"

ချူကွန်သည် သူ့ဆရာခွဲသွားတော့မည်ဆိုသဖြင့် မျက်ရည်များဝဲလာသည်။

"မင်း ဘယ်လိုဖြစ်ရတာလဲ"

"ဆရာသွားမယ်ဆိုလို့ စိတ်မကောင်းလို့ပါ ဆရာ"

လုံကုက သူ့ပခုံးကိုပုတ်လိုက်၏။

"မင်း အခုလို ဆရာသမားအပေါ် သံယောဇဉ်ရှိတာသိရလို့ ငါ ဝမ်းသာလို့မဆုံးပါဘူး"

သူသည် ပြောပြီးသည်နှင့် ချိုင်းထောက်နှင့်ထွက်ခွာသွားလေတော့၏။



## အခန်း (၁၄)

### မောင်နှံနှစ်ဦး၏အပြစ်အချက်

ချူကွန်သည် နံနက်စာ ဆွမ်းစားပြီးသည်နှင့် ချင်းကုန်းဘုရားကျောင်း၏ဝေယျာဝစ္စများကို ကိုရင်တစ်ပါးအား စေခိုင်းကာ သူကတော့ ဘုရားကျောင်း၏ဘယ်ဘက်တောင်ကုန်းပေါ်ရှိ သစ်တောထဲသို့ပြေးဝင်သွားလေတော့၏။

သူသည် သစ်တောထဲသို့ အတော်ကလေးပြေးရသည်။ ထို့နောက် သစ်သားအိမ်ကလေးတစ်လုံးကို တွေ့ရှိလိုက်ရလေတော့၏။

ထိုအိမ်ကလေးသည်လွန်ခဲ့သည် ဆယ်နှစ် အနှစ်နှစ်ဆယ်ကတည်းက တည်ရှိနေသော အိမ်ကလေးဖြစ်သည်။

ထိုအိမ်အကြောင်းကိုမေးမြန်းသောအခါ ဘုန်းတော်ကြီးများနှင့် ကိုရင်များ မျက်စိမျက်နှာပျက်ကုန်ကြသည်။

သူတို့သည် ထိုအိမ်ကလေးနှင့်ပတ်သက်၍ ကြောက်ရွံ့နေပုံရပေသည်။

ချူကွန်သည် ပြေးရင်းလွှားရင်း စဉ်းစားရင်း ထိုအိမ်ကလေးသို့ရောက်ရှိလာလေ၏။ သူသည် အိမ်ထဲသို့မဝင်သေးဘဲ တံခါးဝ၌ရပ်လိုက်လေ၏။

"ဘဘ...."

ချူကွန်သည် လှမ်း၍ခေါ်လိုက်သည်။

အခန်းထဲ၌ တစ်စုံတစ်ယောက်ရှိကြောင်းသိသာသည်။

"ဝင်ခဲ့ ချူကွန်၊ မင်းကို ငါမျှော်နေတယ်"

အဘိုးအို၏အသံကိုကြားလိုက်ရသောအခါမှ တံခါးကိုတွန်းဖွင့်ပြီး ဝင်သွားသည်။

အဘိုးအိုသည် ကွပ်ပျစ်တစ်လုံးပေါ်၌ ကိုယ်တစောင်းလှဲအိပ်နေသည်။

အဘိုးအို၏အခြေအနေမှာ ကောင်းမွန်သည်ဟု ချူကွန်ထင်မြင်ယူဆမိလေ၏။

"ဘဘ နေကောင်းရဲ့လား"

"သက်သာလာတယ်ကွာ... မင်း စိတ်မပူပါနဲ့"

ချူကွန်သည် အိမ်ကလေးအား အကဲခတ်ကြည့်သည်။ နံ



ရံသစ်သားအချို့ ပေါက်ပြဲနေသည်မှအပ အိမ်မှာအပျက်အစီး ရှိနေသည်။ အိမ်ရှိပရိဘောဂများ မရှိပေ။

"ဘဘ"

"မင်း ဘာမေးမလို့လဲ"

"ဒီအိမ်နဲ့ပတ်သက်ပြီး ဘုန်းတော်ကြီးတွေ၊ ကိုရင်လေးတွေကို မေးကြည့်ပါတယ်၊ သူတို့က မပြောချင်ကြဘူး၊ သူတို့ကြည့်ရတာ ကြောက်ရွံ့နေသလို့ပဲ၊ သူတို့ဘာဖြစ်လို့ မပြောချင်ကြသလဲဆိုတာ စဉ်းစားလို့မရဘူး"

အဘိုးအိုက ရယ်မောလိုက်သည်။

"သူတို့မပြောချင်ကြတာ အကြောင်းရှိတယ်ကွ"

အဘိုးအိုက သက်ပြင်းချလိုက်၏။

"ဒီအိမ်နဲ့ပတ်သက်ပြီး အလွန်ကြေကွဲဝမ်းနည်းစရာကောင်းတဲ့အဖြစ်အပျက် ဖြစ်ပျက်ခဲ့ဖူးလို့ပါ"

ချူကွန်က....

"ဘာတွေဖြစ်ခဲ့ဖူးလို့လဲ ဘဘ၊ ကျွန်တော့်ကို ပြောပြပါ"

အဘိုးအိုက ပြောပြ၏။

"ဘုရားကျောင်းဝင်းထဲက ဘုန်းတော်ကြီးတွေ၊ ကိုရင်တွေ ပြောမပြချင်တာ ဒီအိမ်နဲ့ပတ်သက်ပြီး အလွန်အကျည်းတန်တာပါလို့ပါ။ တစ်နည်းဆိုရင် ဒီအိမ်မှာ သစ္စာမဲ့မှုရယ်၊ ဖောက်ပြန်မှုရယ်၊ လူသတ်မှုရယ် ဒီအိမ်မှာ ဖြစ်ပျက်ခဲ့တယ်"

"ကျွန်တော့်ကိုပြောပြပါ ဘဘ၊ ကျွန်တော် ဘယ်သူ့မှ မပြောပါဘူး ဘဘ"

"ငါ ဇာတ်ကြောင်းအရှည်ကြီး ပြောမပြနိုင်ဘူး။ မင်းကို အကျဉ်းချုံးပြီးတော့ ပြောပြမယ်"

"ဟုတ်ကဲ့ ဘဘ၊ သိရရင် ကျေနပ်ပါပြီ"

အဘိုးအိုသည် ဤအိမ်နှင့်ပတ်သက်ပြီး ဖြစ်ပျက်သောအဖြစ်အပျက်တို့ကို အကျဉ်းချုံး၍ ပြောပြလေတော့၏။

"ဒီအိမ်ထဲမှာ တစ်ချိန်တုန်းက သိုင်းလောကမောင်နှံနှစ်ယောက် နေထိုင်ခဲ့ဖူးတယ်၊ ယောကျ်ားကတော့ စိုအမျိုးအနွယ် ဖြစ်ပါတယ်"

အဘိုးအိုသည် ထိုအခါမှ ဆတ်ခနဲဖြစ်သွားတော့သည်။ ပြီးနောက် ချူကွန်ကိုကြည့်လိုက်ပြီး....

"မင်းရဲ့နာမည်ရင်းကို ငါသိထားတယ်၊ ဒါကလဲ မင်းပြောပြလို့ပါ၊ ကဲ... မင်းနာမည်ကို ထပ်ပြောစမ်းပါကွယ်"

"စိုကျူးပုပါ"

"အဲဒီ မင်းတို့ စိုအမျိုးအနွယ်ပေါ့ကွယ်"

အဘိုးအိုသည် ချူကွန်အား ကြည့်နေသည်။

ချူကွန်ကလည်း အဘိုးအို၏ရင်တွင်းမှ လှိုက်လှိုက်လှဲလှဲခံစားနေရသည်ကို ချူကွန်မသိပေ။

အဘိုးအိုက ချူကွန်အား မေးလိုက်၏။



"မင်း အသက်ဘယ်လောက်ရှိပြီလဲ"

"၁၈ နှစ်ရှိပါပြီ ဘဘ၊ ဘာဖြစ်လို့လဲဟင်"

"ဩော်... မေးကြည့်တာပါ"

အဘိုးအိုသည် ချူကွန်အား ကြည့်ပြီး သူပဲဖြစ်ရမယ်။ ဒါပေမယ့် သူက အဝေးကြီးက ရောက်လာတာလို့ဆိုတယ်၊ ဒါပေမယ့် အဝေးကြီးကလဲ ရောက်လာနိုင်တာပဲ၊ သူ့အသက်(၁၈)နှစ်ဆိုတော့ နှစ်အားဖြင့်တော့ ကိုက်နေပြီဟူ၍ အဘိုးအိုသည် တွေးတောနေလေ၏။

"ချူကွန် မင်းဘယ်လိုလုပ်ပြီး ချင်းကုန်းဘုရားကျောင်းကို ရောက်လာရသလဲ"

ချူကွန်မှာ ရယ်ချင်သလိုဖြစ်သွား၏။

အဘိုးအိုသည် ကြေကွဲဝမ်းနည်းဖွယ်ရာအဖြစ်တစ်ရပ် ဖြစ်သွားသည်ဆိုသော သိုင်းလောကမောင်နှံအကြောင်းပြောမပြဘဲ သူ့အား မေးခွန်းထုတ်နေသဖြင့် သူမသိသဖြင့် ဤသို့ရယ်ချင်နေမိခြင်း ဖြစ်သည်။

အဘိုးအို၏အတွေးကိုသိလျှင် သူသည် ငိုသွားရပေလိမ့်မည်။

"ကျောင်းကို လူတစ်ယောက်က လာပို့သွားတယ်လို့ ကျောင်းထိုင်ဆရာတော်က ပြောပါတယ်"

အဘိုးအိုသည် ကွက်ခနဲ မျက်နှာပျက်သွား၏။

သူသည် ဗိုမိုသံသယဖြစ်လာတော့သည်။ သူသည် ယခင်က ထိုအကြောင်းကို သိသော်လည်း ဆက်စပ်စဉ်းစားမိခြင်း မရှိပေ။

ယခုမှ ဆက်စပ်စဉ်းစားမိခြင်းဖြစ်သည်။ မျိုးအနွယ်နာမည်ကလည်း တူနေသည်မဟုတ်ပါလား။ စိုအမျိုးအနွယ်ချင်း တူနေသည်။

"မင်းကို လာပို့တဲ့လူကော သိလား"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"သိပါတယ်၊ ဓားသမားရှောက်ဖုံးလို့ ပြောပါတယ်"

အဘိုးအိုရင်ထဲ၌ လေးလံလာသည်။

"ဟုတ်ပါတယ်... သူမှ သူအစစ်ပါပဲ၊ ဓားသမားရှောက်ဖုံးက လာပို့တယ်ဆိုရင် မမှားနိုင်တော့ပါဘူး။ ငါ သူရဲ့ဘဝဇာတ်ကြောင်းအမှန်ကိုထုတ်ဖော်ပြောရင် ကောင်းမှာလား"

အဘိုးအိုသည် စိတ်လေးလံစွာ သက်ပြင်းချလိုက်၏။

"မဖြစ်ဘူး... မဖြစ်ဘူး။ သူ့ဘဝမှန်ကိုသိသွားရင် သူတော်တော်စိတ်ထိခိုက်သွားလိမ့်မယ်၊ နောက်မှ ပြောပြတာပဲ ကောင်းလိမ့်မယ်၊ အခုအရေးကြီးတာက တုထိပါးဆိုတဲ့ကောင် လက်စားချေဖို့ပဲ၊ အခုကိစ္စမှာ တုထိပါးဟာ သူ့အဖြစ်သနစ်မှာ ကိုယ်တိုင်ကိုယ်ကျပါလာတော့ သူလဲ လက်စားချေဖို့ ကောင်းသွားတာပေါ့"

အဘိုးအိုသည် ထိုသို့တွေးတောမိလေ၏။

ထိုအခါ ချူကွန်က....



"ဘဘ... ဘာဖြစ်လို့ ကျွန်တော့်အကြောင်းကိုမေးနေရတာလဲ"

အဘိုးအိုက ကြေကွဲစွာ ပြုံးလိုက်ပြီး....

"ဘာမှမဟုတ်ပါဘူး... ငါက ရုတ်တရက် သတိရလို့ ကြားဖြတ်မေးမိတာပါ။ ကဲ... ကဲ... ငါပြောစရာရှိတာကို ဆက်ပြောမယ်၊ ဒါနဲ့ ဘယ်နေရာ ရောက်သွားပြီလဲ"

ချူကွန်က ပြုံးလိုက်ပြီး....

"ဒီမှာ သိုင်းလောကမောင်နှံနှစ်ယောက် နေထိုင်ခဲ့ကြတယ်၊ ယောကျ်ားက 'စို'အမျိုးအနွယ်ဖြစ်တယ်လို့ ဘဘပြောခဲ့ပါတယ်"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ငါပြောပြမယ့်အဖြစ်က လွန်ခဲ့တဲ့(၁၈)နှစ်က သိုင်းလောကတစ်ခုလုံး အော့နှလုံးနာစရာကောင်းတဲ့ အဖြစ်ပါ"

အဘိုးအိုသည် ယင်းသို့အစချီပြီး ဆက်ပြောလေ၏။

'စိုအမျိုးအနွယ်လူတစ်ယောက်ဟာ သူ့ဇနီးနဲ့အတူ စင်းကျန်နယ်ကိုရောက်ရှိလာတယ်၊ သူတို့ဘာဖြစ်လို့ ဒီနေရာကိုရွေးချယ်ရတာလဲဆိုတော့ ငါမသိဘူး။ သူတို့ဟာ ဒီသစ်တောထဲမှာ အိမ်တစ်လုံးဆောက်ပြီး နေကြတယ်၊ ဒါဟာ ပဟေဠိပဲ၊ အားလုံးကလဲ သဘောမပေါက်ဘဲ ဖြစ်နေတယ်"

"သူတို့က သိုင်းလောကသားတွေပဲ ဟုတ်လား"

အဘိုးအိုက စကားကိုဆက်သည်။

“အဲဒီစိုအမျိုးအနွယ်လူငယ်မှာ ရင်းနှီးတဲ့မိတ်ဆွေသူငယ်ချင်းတစ်ယောက် ရှိသတဲ့၊ အဲဒီသူငယ်ချင်းဟာ စိုအမျိုးအနွယ်ရဲ့ မိန်းမကို တစ်ဖက်သတ်ကြိုက်နေတယ်၊ ဒါပေမယ့် အဲဒီသူငယ်ချင်းဟာ အကျင့်စာရိတ္တကောင်းပါတယ်၊ သူက ဘာမှမှောက်မှောက်မှားမှား မကျူးလွန်ပါဘူး။ ဒါပေမယ့် စိုအမျိုးအနွယ်လူငယ်ရဲ့ မိန်းမဟာ အလွန်အကျင့်ပျက်တဲ့ မိန်းမပဲ၊ ကလေးတစ်ယောက်မွေးပြီးတဲ့နောက် တုထိပါးနဲ့ဖောက်ပြန်နေခဲ့တယ်”

“လာပြန်ပလား၊ ဒီတုထိပါးဟာ မကောင်းတဲ့နေရာတိုင်းမှာ သူ ရောက်နေတော့တာပဲ”

ချူကွန်က ပြောလိုက်ခြင်းဖြစ်ပါသည်။

အဘိုးအိုက....

“ဒါကိစ္စကို စိုအမျိုးအနွယ်လူငယ်က သိသွားတယ်၊ ဒါကြောင့် သူက တုထိပါးနဲ့သစ္စာဖောက်တဲ့ သူ့မိန်းမကို ဆုံးမဖို့ဆုံးဖြတ်ခဲ့တယ်။ ဒါပေမယ့် သူဟာ ကလေးအတွက်တော့ စိုးရိမ်တယ်၊ ကလေးကိုသူ့သူငယ်ချင်းလက်ကို အပ်လိုက်တယ်၊ သူ့သူငယ်ချင်းကလဲ ပြည်မကိုပြန်ပြီး စိုအမျိုးအနွယ်မိသားစုတွေရဲ့လက်ထဲကို ကလေးကို အပ်လိုက်ပါတယ်၊ နောက်သိရတဲ့အချက်ကတော့ အဲဒီစိုအမျိုးအနွယ် လူငယ်ရဲ့ ဆွေမျိုးတွေကို အဲ့ဒီလူငယ်ရဲ့ ရန်သူတွေက သတ်ဖြတ်သွားတယ်ဆိုတာပဲ၊ အိမ်ကိုလဲ မီးရှို့သွားတယ်လို့ သတင်းကြားရတယ်၊ ငါတို့ ဒီသတင်းကို ဒီလောက်စိတ်ဝင်စားနေရတာ



ကတော့ တုထိပါး နဲ့ဆက်နွယ်နေလို့ပဲ ဖြစ်ပါတယ်”

ချူကွန်က....

“ကလေးကတော့ သနားစရာပါပဲဗျာ”

အဘိုးအိုက ဆက်ပြော၏။

“စိုအမျိုးအနွယ်လူငယ်ရဲ့ မိန်းမဟာ သူ့ယောကျ်ားရဲ့ အခြေအနေကိုကြည့်နေတာဆိုတော့ ယောကျ်ားရဲ့ အပြုအမူတွေ လုပ်ပုံကိုင်ပုံတွေကိုကြည့်ပြီး ယောကျ်ားရိပ်မိသွားပြီဆိုတာ သိတာပေါ့ သူက တုထိပါးနဲ့ပူးပေါင်းပြီး အခု ငါအိပ်နေတဲ့ ကွပ်ပျစ်ပေါ်မှာပဲ စိုအမျိုးအနွယ်လူငယ်ကို သတ်ပြစ်လိုက်ကြတယ်”

“တောက်... တုထိပါးဟာ ဒီလောက်ယုတ်မာရိုင်းစိုင်းတဲ့လူပဲ”

“အဲ့ဒီနောက်တော့ တုထိပါးဟာ အိငေါ့ရေကန်ကို ပြန်သွားတယ်”

“ဖောက်ပြန်တဲ့မိန်းမကော”

“ပါသွားသလား... မပါသွားသလားတော့မသိဘူး။ တုထိပါး အိငေါ့ရေကန်ကိုပြန်သွားတာတော့ သိတယ်၊ အဲဒီအချိန်ကစပြီး ဒီအိမ်မှာ လူမနေတော့ဘူး၊ နှစ်ပေါင်းနှစ်ဆယ် အစိတ်ကြာတော့ အိမ်ဟာပျက်စီးသွားတာပဲ၊ ဒါဟာ ငါပြုပြင်ထားတာ၊ အဲဒါကို ချင်းကုန်းဘုရားကျောင်းက ဘုန်းတော်ကြီးတွေသိတယ်၊ ဒီနေရာကို မသန့်ရှင်းတဲ့နေရာအဖြစ် သတ်မှတ်ထားကြတယ်လေ၊ ဒါကြောင့်မို့

မင်းမေးတာကို ဘုန်းတော်ကြီးတွေက မဖြေချင်ကြတာပါ"

"အဲဒီကလေးကတော့ အခု အသက်ရှင်ရက် ရှိသေးသလား ဟင်"

အဘိုးအိုသည် ချူကွန်အား ထူးဆန်းသောအကြည့်ဖြင့် ကြည့်လိုက်၏။

ထို့နောက် ဦးခေါင်းကို အသာကလေးယမ်းပြီး....

"မသိတော့ပါဘူး"

ချူကွန်၏ရင်ထဲ၌ မကောင်းတော့ပေ။ လူသားတို့၏ရက်စက်ကြမ်းကြုတ်ပုံ၊ ကရုဏာတရားမရှိပုံတို့ကိုအံ့ဩ၍ မကုန်နိုင်အောင် ရှိနေတော့သည်။

သူသည် အသတ်ခံရသော ဗိုအမျိုးအနွယ် လူရွယ်အတွက် ခံပြင်းခဲ့သည်။

ထို့နောက် ပျောက်ဆုံးနေသော ကလေးငယ်အတွက်လည်း ကြင်နာစိတ်ပေါ်မိသည်။

အဘိုးအိုက...

"ကဲ... ကဲ၊ အရေမရ အဖတ်မရ ဒီအဖြစ်အပျက်တွေကို ကြားရတော့လဲ စိတ်မကောင်းစရာဘဲ ခံစားရမယ်၊ မင်းကို ငါရဲ့ရေပင်လယ် လက်ဝါးသိုင်းကိုစပြီး သင်ပေးမယ်"

အဘိုးအိုသည် ရေပင်လယ်လက်ဝါးသိုင်း၏သဘောတရားများကို သင်ကြားပို့ချတော့၏။



ချူကွန်ကလည်း သေချာစွာ လိုက်လံမှတ်သားနေသည်။ သူသည် အဘိုးအိုအား ယခင်ကတည်းက ခင်မင်ပြီး ဖြစ်ပေသည်။

သူ့ဆရာက အဘိုးအိုထံသွားရန် စိတ်ပါလက်ပါခွင့်ပြုလိုက်သောအခါ ချူကွန်သည်အတိုင်းမသိ ဝမ်းသာသွားတော့၏။

အချိန်အတော်ကြာလာသောအခါ အဘိုးအိုမောပိုက်လာသဖြင့် သင်ကြားခြင်းကိုရပ်ဆိုင်းလိုက်ရသည်။

ချူကွန်သည် အဘိုးအို၏ကျောပြင်အား ဖွဖွကလေးထုပေးနေရတော့သည်။

ထိုစဉ်....

"အဖေကြီး... အဖေကြီး"

အောက်မှ အော်ခေါ်သံ ကြားလိုက်ရ၏။

အဘိုးအိုက ချူကွန်အား တံခါးဖွင့်ပေးရန် လက်နှင့်အချက်ပြလိုက်သည်။ ချူကွန်သည် တံခါးဖွင့်ပေးလိုက်တော့သည်။

ထိုအခါ အသက်နှစ်ဆယ်ခန့်ရှိပြီး မျက်ခုံးမွေးထူထူ၊ မျက်လုံးပြူးပြူး၊ အလွန်ခန့်ညားကိုယ်ထွားကျိုင်းသည့်ကြမ်းကြမ်းတမ်းတမ်း လူငယ်တစ်ယောက်အား ချူကွန်တွေ့လိုက်ရတော့သည်။

လူငယ်သည် အိမ်ပေါ်သို့တက်လာလေ၏။ သူ့အား မြင်တွေ့လိုက်သည်နှင့် စင်းကျန်နယ်သားတစ်ယောက်ဖြစ်သည်ကို ချူကွန် သိလိုက်သည်။

သူသည် အဘိုးအိုရှေ့သို့ရောက်သောအခါ အဘိုးအိုအား

လေးလေးစားစား ဂါရဝပြုလိုက်သည်။

"အဖေကြီး... နေကောင်းတယ်နော်"

ထိုလူငယ်က တရုတ်ဘာသာဖြင့် ပဋိသန္ထာရစကားပြောလေ၏။

အဘိုးအိုက ပြုံးပြလိုက်သည်။

"တော်တော် နေကောင်းသွားပါပြီ"

အဘိုးအိုသည် ချူကွန်အား လက်ညှိုးထိုးပြလိုက်ပြီး...

"ယန်းပု... မင်းနဲ့ငါ့တပည့်ကို မိတ်ဆက်ပေးရဦးမယ်၊ သူဟာ ငါ့တပည့် ချူကွန်ပဲ"

တစ်ဖန် ချူကွန်အား ယန်းပုနှင့် မိတ်ဆက်ပေးပြန်သည်။

"သူ့နာမည်က ယန်းပုတဲ့၊ သူလဲ မိဘမဲ့ ကလေးတစ်ယောက်ပဲ၊ ငါမွေးထားတဲ့လူငယ်တစ်ယောက်ပါ။ သူ့ကြည့်ရင်တော့ ကြမ်းကြမ်းတမ်းတမ်းလို့ ထင်ရတယ်၊ ဒါပေမယ့် အလွန်စိတ်ကောင်းနှလုံးကောင်းရှိတဲ့ကလေးပါ။ သူဟာ ဘာသိုင်းပညာမှ မတတ်ရှာပါဘူး။ ခွန်အားတော့ ကြီးတယ်၊ ငါက တမင် သူ့ကိုသိုင်းပညာမသင်ပေးတာပါ"

ယန်းပုနှင့် ချူကွန်တို့သည်ဦးညွှတ်၍ ဂါရဝပြုလိုက်ကြသည်။

ယန်းပုက...

"ခင်ဗျား... စိုကျူးပုကိုး၊ ဖေဖေကြီးကတော့ ခင်ဗျားနာ



မည်ကိုတော့ ခဏခဏပြောနေတာပါ"

ချူကွန်က...

"ကျွန်တော့်မှာလဲ အဖော်မရှိပါဘူး။ အခုလို ခင်ဗျားနဲ့တွေ့ဆုံခင်မင်ရတဲ့အတွက် သိမ်ဝမ်းသာပါတယ်"

ယန်းပုလည်း ချူကွန်နှင့်မိတ်ဆွေ အပေါင်းအသင်းဖြစ်ရသဖြင့် ဝမ်းသာနေသည်။

ယန်းပုက...

"ဒီမှာ စိုကျူးပု၊ ခင်ဗျား စင်းကျန်နယ်စကားပြောတတ်သလား"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ကျွန်တော်က ဒီနယ်မှာကြီးပြင်းလာတာပဲ။ စင်းကျန်စကားမတတ်ချင်လို့ ဘယ်ရမလဲ၊ တတ်ရတော့တာပေါ့"

အဘိုးအိုက နှစ်ယောက်စလုံးအား ကြည့်ပြီး...

"ကဲ... ထိုင်ကြ၊ ထိုင်ကြ၊ ငါ ပြောပြဦးမယ်"

ချူကွန်နှင့်ယန်းပုတို့သည် အဘိုးအိုရှေ့တွင် ထိုင်ချလိုက်သည်။

"ဒီလိုပါ ချူကွန်၊ ငါက မင်းရဲ့နာမည်ရင်းကိုပြောပြီး မိတ်ဆက်ပေးထားလို့ သူက မင်းရဲ့နာမည်ရင်းကိုပဲ သိနေတယ်"

"ကျွန်တော့်နာမည်ရင်းကိုတော့ မခေါ်ပါနဲ့ဘဘ၊ ချူကွန်လို့ပဲ ခေါ်ပါ"

အဘိုးအိုက....

"မင်းလူထွက်တော့မှာပဲ... ဘာဖြစ်လို့ ချူကွန်လို့ခေါ်ရမှာလဲ"

ချူကွန်က....

"ကျွန်တော် လူထွက်တော့မှာ မှန်တယ်ဘဘ၊ ဒါပေမယ့် နောက်ဆုံးမှာတော့ ဒီဘုရားကျောင်း**ကိုပြန်လာဖို့** ရည်ရွယ်ထားလို့ပါ"

အဘိုးအိုသည် အံ့ဩသွား**၏။**

"မင်း ဘယ်လိုဖြစ်တာလဲကွာ"

"ဘယ်လိုဖြစ်မှန်းတော့ မသိပါဘူးဘဘ၊ **ကျွန်တော့်စိတ်ထဲ**မယ် ဒီဘုရားကျောင်းကိုချည်းပြန်လာရမယ်လို့ ထင်**နေမိပါတယ်** ဘဘ"

အဘိုးအိုသည် သက်ပြင်းချလိုက်၏။

"ဒါကတော့ ကံစီမံရာအတိုင်းပေါ့၊ ဒါပေမယ့် မင်းငါတို့ကိစ္စဆောင်ရွက်ပြီးတဲ့အခါမှာ ပိုအရေးကြီးတဲ့ကိစ္စတစ်ခုကို လုပ်ရဦးမှာပါ"

ချူကွန်သည် မျက်မှောင်ကုပ်သွား၏။

"ဘာကိစ္စများလဲ ဘဘ"

အဘိုးအိုက လေးနက်စွာ **ပြောလိုက်၏။**

"မင်းရဲ့ ကိုယ်**ရေးကိုယ်တာကိစ္စကွ**"



ချူကွန်မှာ အံ့အားသင့်သွား၏။

"ကျွန်တော့်မှာ ဘာကိစ္စမှမရှိပါဘူးခင်ဗျာ"

အဘိုးအိုက **သက်ပြင်းချလိုက်၏။**

"**အခုအချိန်မှာတော့ မင်းကိုမ**ပြောသေးပါဘူး၊ ဒါပေမယ့် လူတစ်ယောက်**ဟာ ကံကြမ္မာရဲ့လှည့်စား**ချက်ကိုခံရတယ်ဆိုတာတော့ မှ**တ်ထားပါ"**

အဘိုးအိုသည် မျက်လုံးမှိတ်၍ အနားယူနေလေ၏။

ချူကွန်မှာမူ အဘိုးအို၏စကားထဲ၌ **မိမိ၏**ကိုယ်ရေးကိုယ်တာကိစ္စကို အရိပ်အမြွက်မျှပါလာသည်ကိုတွေ့ရသဖြင့် စဉ်းစားတွေးတောနေမိလေ၏။

"ငါ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတဲ့ ငါ့မှာဘာကိစ္စမှလဲ မရှိပါလား"

ယန်းပုသည် ထိုအခါ ကြား**ဖြတ်ဝင်ပြောလာလေ၏။**

"ဓိုကျုံးပု ခင်ဗျားဘုရား**ကျောင်းကိုမပြန်**ပါနဲ့တော့ဗျာ၊ ဒီမှာနေပြီး ကျွန်တော်ကိုသိုင်းပ**ညာသင်ပေးပါလား"**

ချူကွန်က ပြုံးပြလိုက်**ရ၏။**

"အခုတော့ မဖြစ်သေးပါဘူးဗျာ၊ နောက်ကျမှပဲ စီစဉ်ကြတာပေါ့၊ အချိန်အများကြီး ရှိပါသေးတယ်"

အဘိုးအို၏မျက်လုံးများ ပွင့်လာသည်။

"ချူကွန်... ငါ့ရောဂါအခြေအနေဟာ ဆယ်ရက်အတွင်း အ

ပြောင်းအလဲဖြစ်သွားနိုင်တယ်၊ ငါဟာ ကိုယ်တစ်ပိုင်းသေသွားတာလဲ ဖြစ်ကောင်းဖြစ်မယ်၊ သေသွားကောင်းလဲ သေသွားနိုင်တယ်၊ ဒါကြောင့် ယန်းပုကို ငါ့ကိုစောင့်ရှောက်ဖို့ခေါ်ထားတာ၊ ဒါကြောင့် ဒီ (၁၀) ရက်အတွင်းမှာ မင်းကိုရေပင်လယ်လက်ဝါးသိုင်းကို ပြီးဆုံးအောင် သင်ပေးနိုင်ဖို့မျှော်လင့်ထားတယ်"

"ဘဘရယ်... ကျွန်တော့်အတွက် သိုင်းပညာက အရေးမကြီးပါဘူး၊ ဘဘ မသေအောင်လုပ်ဖို့ကတော့ အရေးကြီးပါတယ်"

"အခြေအနေ ဘယ်လိုပြောင်းလဲမယ်ဆိုတာတော့ ငါမသိဘူး၊ ဒါပေမယ့် ငါ့လက်နှစ်ဖက် မသေအောင်တော့ ငါကြိုးစားမယ်"

"ဘဘ စကားပြောနိုင်မှ ဘဘပြောတဲ့ပုံပြင်တွေ ကျွန်တော် တို့ကြားရမှာပါ"

"ငါ့အသံတွေ တစ်နေ့တခြား အက်ကွဲလာတာကို မင်းတို့ကြားတယ်မဟုတ်လား၊ အဲဒါ ကောင်းတဲ့အခြေအနေမဟုတ်ဘူး"

ချူကွန်သည် စိတ်မကောင်းဖြစ်လာသဖြင့် မျက်ရည်များ ဝဲလာသည်။ ယန်းပု၏မျက်နှာမှာလည်း ညှိုးနွမ်းသွားသည်။

အဘိုးအိုက....

"ချူကွန်... မင်းပြန်ပေတော့၊ မနက်ဖြန်မှ ထပ်လာခဲ့"

အဘိုးအိုက ဆက်၍ ပြောလိုက်သည်။

"ငါ အခု ထူးဆန်းတဲ့ကိစ္စတစ်ခုကို ဘယ်လိုလုပ်ရမလဲဆိုတာ အကြံထုတ်နေတာပဲကွယ်"



ချူကွန်နှင့် ယန်းပုတို့က ပြိုင်တူမေးလိုက်၏။

"ဘယ်လိုထူးဆန်းတဲ့ ကိစ္စများလဲခင်ဗျာ"

အဘိုးအိုက....

"ငါက တစ်နှစ်ခွဲအတွင်းမှာ ငါ့မှာရှိသမျှ သိုင်းပညာတွေကို ယန်းပုကိုအမွေပေးခဲ့မလို့ပါ"

ယန်းပု ဝမ်းသာသွားသည်။

ချူကွန်က အံ့ဩနေသည်။

သူ့ဆရာကြီးလိုကုသည် သူ့အား ဆယ်နှစ်တိတိ ပညာသင်ပေးခဲ့သော်လည်း သူ့တတ်မြောက်သည့်ပညာများ မကုန်သေးပါချေ။

ယခု အဘိုးအိုတစ်နှစ်ခွဲအတွင်း သူ့သိုင်းပညာရပ်အားလုံးကို သင်ကြားပေးမည်ဆိုသည့်စကားမှာ ယုံ ရခက်ခက်ဖြစ်နေသည်။

အဘိုးအိုက ချူကွန်၏အံ့ဩနေသောမျက်နှာကိုကြည့်ပြီး မည်သို့တွေးနေသည်ကို ရိပ်မိလိုက်သည်။

"ငါ့ရောဂါအခြေအနေကြောင့် ယန်းပုကို တစ်နှစ်အတွင်းမှာ အိတ်သွန်ဖာမှောက်သင်ပေးနိုင်မှာ မဟုတ်ဘူးလို့ မင်းထင်နေတယ် မဟုတ်လား"

ချူကွန်က တွေးမိသည့်အကြောင်းကို ပြောပြကာ ဝန်ခံလိုက်သည်။

အဘိုးအိုက....

"ဒီကိစ္စကို ငါတွေးထားပါတယ်၊ ကဲ... မနက်ဖြန် မနက်မှ လာခဲ့တော့"

ချူကွန်သည် အဘိုးအိုကိုဂါရဝပြုပြီး **အိမ်ထဲမှထွက်လာခဲ့**တော့၏။

ယန်းပုက ချူကွန်အား တံခါးဝအထိ လိုက်ပို့သည်။

"ဗိုကျုံးပု... မနက်ဖြန် စောစောလာပါနော်"

ချူကွန်သည် ယန်းပုအား ခင်မင်သွားခဲ့လေပြီ။

"ယန်းပု... ကျွန်တော် မနက်ဖြန် ဆွမ်းစားပြီးတာနဲ့ လာခဲ့ပါ့မယ်၊ ခင်ဗျားသာ ဆရာ့ကိုကောင်းကောင်းပြုစုပါနော်"

ယန်းပုက ခေါင်းညိတ်၏။

"စိတ်ချပါ"

ချူကွန်သည် အိမ်ကလေးဆီမှ ထွက်ခွာသွားလေတော့၏။

စာစဉ်(၂)ပြီး၏။

စာစဉ်(၃) ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်